


The VOICE Daily




Vol. 4 / No. 192 | Established in 2004 | ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၇) ရက်၊ (Monday, November 21, 2016)

# တိုင်းရင်းသားလက်နက်ကိုင်သုံးဖွဲ့ ပူးပေါင်း၍ မူဆယ်နှင့် ကွတ်ခိုင်ကို တိုက်ခိုက်၊ ရဦးသေ ၂၉ဦး ဒဏ်ရာရ

**လားရှိုး၊ နိုဝင်ဘာ ၂၀**

တိုင်းရင်းသားလက်နက်ကိုင် သုံးဖွဲ့ ပူးပေါင်း၍ မူဆယ်နှင့် ကွတ်ခိုင်အတွင်းရှိ တပ်စခန်းများနှင့် ကုန်သွယ်ရေးစခန်းများကို ဝင်ရောက်တိုက်ခိုက်မှုကြောင့် ၈ ဦး သေဆုံး၊ ၂၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရအဖွဲ့၏ထုတ်ပြန်ချက်အရ သိရသည်။

ယင်းတိုက်ခိုက်မှုကြောင့် တပ်မတော်သား ၁ ဦး၊ ရဲတပ်ဖွဲ့ဝင် ၃ ဦး၊ ပြည်သူ့စစ် ၁ ဦး ကျဆုံးပြီး အရပ်သားပြည်သူ ၃ ဦး သေဆုံးခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင် ၉ ဦး၊ အကောက်ခွန်ဝန်ထမ်း ၂ ဦးနှင့် အရပ်သား ၁၈ ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တိုက်ခိုက်မှုများကို KIA (ကချင်လွတ်မြောက်ရေးတပ်)၊ TNLA (တအာင်းပလောင်တပ်)နှင့် MNDAA စာ 2



ဓာတ်ပုံ – တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

တိုင်းရင်းသားလက်နက်ကိုင်သုံးဖွဲ့ ပူးပေါင်း၍ မူဆယ်နှင့် ကွတ်ခိုင်အတွင်းရှိ တပ်စခန်းများနှင့် ကုန်သွယ်ရေးစခန်းများကို နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူများကို တပ်မတော်က တပ်မတော်ရဟတ်ယာဉ်ဖြင့် မူဆယ်မြို့မှ လားရှိုးမြို့သို့ သယ်ဆောင်ခဲ့စဉ်

# ဘားအံ အထက်တန်းကျောင်းခွဲတွင် ကျောင်းသူများ သရဲပူးဟုဆို

**ဘားအံ၊ နိုဝင်ဘာ ၂၀**

ကရင်ပြည်နယ် ဘားအံမြို့ဇာသပြင်ကျေးရွာအုပ်စု၊ ကော့လမုကျေးရွာ အထက်တန်းကျောင်းခွဲတွင် အထက်တန်း ကျောင်းသူ ၁၁ဦး နိုဝင်ဘာလပထမပတ်မှ စတင်ကာ နိုဝင်ဘာလ ၁၈ရက်အထိ သရဲဝင်ပူးသည်ဟုယူဆရမှုများ မကြာခဏဖြစ်ပွားနေကြောင်း ယင်းကျောင်းထံမှ စုံစမ်းသိရှိရသည်။

အခြေခံပညာ ကျောင်းသား၊ ကျောင်းသူ ၃၀၀ကျော် ပညာသင်ကြားနေသောကျောင်းတွင် နဝမတန်း ကျောင်းသူ ၉ ဦးနှင့် ဒသမတန်းကျောင်းသူ ၂ဦး ကို မကြာခဏ ပူးကပ်ယည်ဆိုမှုများရှိသောကြောင့် ဆရာမများက ပရိတ်များ၊ တရားစာများ ရွတ်ဖတ်ခြင်း၊ ရေမန်းတိုက်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း ကော့လမုကျေးရွာ အထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မြက ပြောကြားသည်။

"သရဲပူးတယ် ဆိုတာကတော့ မကောင်းဘူးပေါ့၊ ဓလေ့ထုံးစံအရ ကျောင်းမှာ ပရိတ်တရားနာတာတွေ၊ ပရလောကသားတွေအတွက် အမျှဝေတာတွေကို သက်ဆိုင်ရာ ဆရာတော်တွေနဲ့တိုင်ပင်ပြီး လုပ်စေချင်တယ်" ဟု ဒေသခံ ကိုမင်းဇညာစံက ပြောဆိုသည်။

အဆိုပါကျောင်းကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဇာသပြင် နယ်မြေရဲစခန်းမှူးအပါအဝင်ဇာသပြင် တိုက်နယ်ဆေးရုံမှ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများက နိုဝင်ဘာလ ၁၈ရက်နေ့က သွားရောက်ခဲ့ပြီး ကျန်းမာရေး စစ်ဆေးမှုများနှင့် ကျန်းမာရေးအသိပညာပေးမှုများ ပြုလုပ်ခဲ့ကြောင်း ကျောင်းအုပ် စာ 3

# သာကေတ Capital တွင် ဗုံးသုံးလုံးပေါက်

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

သာကေတမြို့နယ်ရှိ Capital Hypermarket တွင် နိုဝင်ဘာလ ၂၀ ရက် ညနေ ၅ နာရီခွဲက ဗုံးပေါက်ကွဲမှု သုံးခုဖြစ်ပွားခဲ့ရာ ယင်းအနီး၌ရှိနေသော လူအများ အထိတ်တလန့်ဖြစ်ခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုမှာ Market ရှိအပေါ်ထပ် ပလတ်စတစ် စာ 3




ဓာတ်ပုံ – ရဲပြည့်ဇာနည်

# ထုတ်လုပ်ခုနှစ်ကွာဟသည့် ယာဉ်အစီး ၂၀ ကျော်ကို ဒဏ်ကြေးတစ်သိန်းကောက်ခံ၍ မှတ်ပုံတင်ထုတ်ပေးမည်

စာ 6






The VOICE Daily
Monday, November 21, 2016



## မျက်နှာဖုံး - တိုင်းရင်းသားလက်နက်ကိုင် သုံးဖွဲ့ပူးပေါင်း၍ မှ အဆက်



ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး

ပူးပေါင်း အဖွဲ့များက မူဆယ်မြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်အတွင်းရှိ တပ်စခန်းများ၊ ရဲတပ်ဖွဲ့စခန်းများနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းတို့အပါအဝင် စုစုပေါင်းနေရာ ရှစ်နေရာခန့်ကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းမှစတင်၍ တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့မိုင်းယုကျေးရွာ ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ကိုတိုက်ခိုက်မှုကြောင့် ဒုရဲအုပ်အပါအဝင် ရဲတပ်ဖွဲ့ဝင် ၇ ဦးနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ဝန်ထမ်းတစ်ဦးဒဏ်ရာရရှိခဲ့ပြီး လဲချားမြို့နယ်နေ မောင်ဇော်သက် (၂၀)နှစ် (ဘ) ဦးမောင်မောင်ထွေး သေဆုံးခဲ့ကာ ကုန်သွယ်ရေးဇုန်ရှိရဲတပ်ဖွဲ့ဝင်များ၏ သေနတ်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း ရှမ်းပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

"မူဆယ် ၁၀၅ မိုင်မှာရှိတဲ့ကုန်သွယ်မှုဇုန်ကို လက်နက်ကိုင်တစ်စုက ဝင်ရောက်ပစ်ခတ်တာပါ။ ကုန်သွယ်မှုဇုန်မှာ လုံခြုံရေးရဲတပ်ဖွဲ့ဝင် ၇ ဦး ထိခိုက်ဒဏ်ရာရခဲ့ပါတယ်။ ဒဏ်ရာတွေကတော့ မစိုးရိမ်ရပါဘူး။ မူဆယ်ဆေးရုံမှာ ကုသမှုခံနေပါတယ်" ဟု လားရှိုးမြို့ရှိ ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုးက ပြောဆိုသည်။

နိုဝင်ဘာလ ၁၉ ရက်နေ့ ညသန်းခေါင်ကျော်အချိန်မှစပြီး မူဆယ် မိုင်းယု ၁၀၅ မိုင်ကျေးရွာအတွင်း ပစ်ခတ်မှုများ စတင်ခဲ့ကြောင်း၊ ၁၀၅ မိုင်ရှိ ခမရ ၂၉၀ မှ တပ်မတော်သားများက ကျေးရွာသားများကို ၁၀၅ မိုင်ကုန်သွယ်မှုဇုန်ရှိ သစ်သီးပွဲရုံသို့ ခေါ်ဆောင် စောင့်ရှောက်ထားကြောင်း၊ လက်ရှိအခြေအနေတွင် ကုန်သွယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားပြီး မူဆယ်-လားရှိုးလမ်းသွားလာမှုများ ရပ်ဆိုင်းနေကြောင်း မိုင်းယု ၁၀၅ မိုင်နေသူ ဦးသန်းမောင်က ပြောဆိုသည်။

နိုဝင်ဘာလ ၂၀ ရက်နေ့တွင် မိုင်းယု ၁၀၅ မိုင်ကျေးရွာနေဒေသခံများကို ယနေ့နေ့လယ် ၁၂ နာရီမတိုင်ခင် ရွာထဲမှထွက်ခွာပြီး သစ်သီးပွဲရုံတွင် စုရုံးနေထိုင်ရန် တပ်မတော်ဘက်က နှိုးဆော်ထားကြောင်း၊ မူဆယ် မိုင်းယု ၁၀၅ မိုင်နှင့် ၁၀၅ မိုင် ကြူကုတ် (ပန်ဆိုင်း) သွားလမ်းမပေါ်တွင် တပ်မတော်က မော်တော်ယာဉ်အများအပြားသွားလာနေပြီး အမြောက်တင်ယာဉ်များလည်း ပါဝင်ကြောင်း ၁၀၅ မိုင်နေသူ ဦးမြင့်အောင်က ပြောကြားသည်။

ပြည်ထောင်စုလမ်းမကြီးအပိုင်းရှိ နေရာများနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရေးဇုန် တိုက်ခိုက်ခံရမှုကြောင့် လတ်တလောတွင် ကုန်စည်စီးဆင်းမှု ရပ်တန့်ခဲ့ရပြီး မူဆယ်-လားရှိုး ပြည်ထောင်စုလမ်းအပိုင်းကို ခေတ္တပိတ်ထားကြောင်း မူဆယ်အဝင် တိုးဂိတ်ထိမှန်မှုဖြစ်ပေါ်ခဲ့သည့်အတွက် လုံခြုံရေးအခြေအနေကြောင့် လမ်းပိတ်ထားရခြင်းဖြစ်ကြောင်း လားရှိုးမြို့ရှိ အမှတ် ၂၀ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှ သိရှိရသည်။

နိုဝင်ဘာလ ၂၀ရက် ညနေ ၃ နာရီ ၃၀ မိနစ်တွင် မုံးကိုးဒေသ၌ တိုက်ပွဲဖြစ်နေဆဲဖြစ်ပြီး ကျန်ဒေသများတွင် ပစ်ခတ်မှုများ မရှိတော့ကြောင်းဒေသခံများထံမှ စုံစမ်းသိရှိရသည်။

လတ်တလော ပြည်ထောင်စုလမ်းမပေါ်တွင်ရောက်ရှိနေသော ကုန်တင်ယာဉ်များမှာ နီးစပ်ရာစခန်းများတွင် ရပ်နားစောင့်ဆိုင်းနေကြပြီး ကုန်သွယ်မှု ဖြစ်ပေါ်ရန်သာ မျှော်လင့်နေကြောင်း ကုန်သည်များထံမှသိရပါသည်။

AA/KIA/TNLA/MNDAA တို့ပေါင်းစည်းထားသော မြောက်ပိုင်းမဟာမိတ်တပ်သည် နိုဝင်ဘာ ၂၀ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး ယင်းကြေညာချက်တွင် နိုဝင်ဘာ ၂၀ ရက်နေ့က ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်နှင့်ကွတ်ခိုင်ဒေသများတွင် တစ်ပြိုင်တည်း ထိုးစစ်ဆင်ရခြင်းမှာ မြန်မာ့တပ်မတော်က စစ်ရေးအရဖိအားဆက်တိုက်ပေးလာခြင်းကြောင့်ဖြစ်ကြောင်း၊ မြောက်ပိုင်းမဟာမိတ် တပ်ပေါင်းစုသည် ငြိမ်းချမ်းရေးကိုလိုလားပါကြောင်း နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းလိုသော ဆန္ဒရှိသော်လည်း တပ်မတော်ဖိအားပေးမှုကြောင့် ယခုကဲ့သို့ စစ်ရေးပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ယင်းလက်နက်ကိုင်များသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး NCA စာချုပ်ကို လက်မှတ်ရေးထားခြင်းမရှိသည့် အဖွဲ့များ ဖြစ်သည်။ ■



ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး

## တိုင်းရင်းသားလက်နက်ကိုင်သုံးဖွဲ့ ပူးပေါင်း၍ မူဆယ်နှင့် ကွတ်ခိုင်ကို တိုက်ခိုက်မှုဖြစ်စဉ်

■ နိုဝင်ဘာလ ၂၀ ရက် နံနက် ၂ နာရီ အချိန်ခန့် ရှမ်းပြည်နယ်၊ မူဆယ်မြို့ဝင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးရှိ မြို့လုံခြုံရေးရဲကင်းကို အရှေ့တောင်ဘက် တစ်ဖာလုံခန့်အကွာ ယာခင်းဘက်မှ လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် နယ်မြေခံ ပြည်သူ့စစ်တို့မှ ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ပြီး အဆိုပါ အဖွဲ့ပြန်လည်ဆုတ်ခွာ။

■ နံနက် ၂နာရီ ခွဲခန့် မူဆယ်မြို့နယ်၊ မုံးကိုးမြို့၊ ရပ်ကွက် (၆)၊ မုံးကိုးနယ်မြေရဲစခန်းအရှေ့ဘက်ရှိ တပ်မတော်တပ်စခန်းကုန်းကို KIA နှင့် MNDAA ပူးပေါင်းအင်အား ၂၀၀ ခန့်မှ လည်းကောင်း၊ ဖောင်းဆိုင်စခန်းကို အင်အား ၁၀၀ ဦး ခန့်မှလည်းကောင်း၊ မန်ကန်စခန်းကို အင်အား ၈၀ ဦးခန့်က လည်းကောင်း လက်နက်ကြီး လက်နက်ငယ်များဖြင့် လာရောက်တိုက်ခိုက်။

■ နံနက် ၃ နာရီခွဲခန့်က နမ့်ဖတ်ကာ ရဲကင်းစခန်း၏ ၁၁ မိုင်ခန့် အကွာ ဆွမ်လုံကျေးရွာအနီး မန္တလေး-မူဆယ် ပြည်ထောင်စု ကားလမ်းမကြီး မိုင်တိုင်အမှတ် ၂၉၁/၁ အနီးရှိ ပေ ၂၀ ခန့်ရှည် ဆွမ်လုံတံတားပေါ်တွင် မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားခဲ့ပြီး တံတားထိခိုက်ပျက်စီးခဲ့သည်။ အလားတူ လက်နက်ကိုင်အဖွဲ့များက နန့်ပေါ်တံတားကို မိုင်းဖောက်ခွဲခြင်း၊ တံတားအနီးရှိ ဈေးဆိုင် (၃) ဆိုင်ကို မီးရှို့ခြင်း၊ သိန္နီမြို့ နမ္မတူတံတားကို ပါဂျဲရိုးယာဉ်ဖြင့် ဗုံးဖောက်ခွဲခြင်းများလည်း ဆောင်ရွက်ခဲ့သည်။

■ နံနက် ၆ နာရီခန့်တွင် KIA (ကချင်)အဖွဲ့နှင့် MNDAA ပူးပေါင်း အဖွဲ့အင်အား ၅၀ ခန့်သည် ပန်ဆိုင်းနယ်မြေ ရဲစခန်းကို ရပ်ကွက်(၄)၊ အခြေခံပညာအထက်တန်းကျောင်းခွဲ နေရာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ပြီး တစ်ချိန်တည်းတွင် ရပ်ကွက်(၁)ရှိ တပ်မတော် တပ်စခန်းကုန်းကို အနောက်ဘက် တောင်ကြောမှနေ၍ ပစ်ခတ်တိုက်ခိုက်။

■ နံနက် ၆ နာရီခွဲအချိန်ခန့်တွင် မူဆယ်မြို့မ ရဲစခန်း၏ တောင်ဘက် ၁၈ မိုင်ခန့်အကွာ ပြည်ထောင်စုလမ်းပေါ်ရှိ နန့်ပေါ်တံတားလုံခြုံရေး ရဲကင်းကို အရှေ့မြောက်ဘက် တစ်ဖာလုံခန့်အကွာရှိ တောင်ကုန်းမှ TNLA အဖွဲ့အင်အား ၁၀၀ ဦးခန့်က လက်နက်ကြီး လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့ပြီး အဆိုပါစခန်းသို့ တပ်မတော် စစ်ကြောင်းက သွားရောက်ပူးပေါင်းစဉ် TNLA အဖွဲ့အင်အား ၄၀ ဦး ခန့်နှင့် ထပ်မံထိတွေ့မှုဖြစ်ပွားခဲ့ကာ အဆိုပါ အဖွဲ့များသည် အရှေ့နှင့်အနောက်သို့ အဖွဲ့နှစ်ဖွဲ့ခွဲ၍ ပြန်လည် ဆုတ်ခွာ။

■မူဆယ်မြို့မ ရဲစခန်း၏ အရှေ့တောင်ဘက် ၁၀၅ မိုင် ကုန်သွယ်ရေး စခန်းဇုန်အနီးရှိ တပ်စခန်းကုန်းသို့ KIA (ကချင်)အဖွဲ့နှင့် TNLA (တအာင်း ပလောင်) အဖွဲ့ ပူးပေါင်းအင်အား ၁၅၀ ခန့်က လက်နက်ကြီး လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့ပြီး ၆ နာရီ ၄၅ မိနစ် အချိန်ခန့်တွင် ပန်ဆန်းမောင်းတံဂိတ်သို့ TNLA (တအာင်း ပလောင်)အဖွဲ့ (၃၀) ဦးခန့်က လာရောက် ပစ်ခတ်။

■ နံနက် ၈ နာရီအချိန်ခန့်တွင် မူဆယ်မြို့ အရှေ့မြောက် ၁၂ မိုင် ခန့်အကွာ ကျင်စမ်းကျော့(ဟိုနောင်) ရဲကင်းအား TNLA (တအာင်းပလောင်) အဖွဲ့ အင်အား ၅၀ ဦးခန့်သည် လက်နက်ကြီး လက်နက်ငယ်များ ဖြင့် လာရောက်ပစ်ခတ်ခဲ့သည်။

■နံနက်၁၀နာရီ ၁၅မိနစ်တွင် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ သိန္နီမြို့ နမ္မတူတံတားပေါ်သို့ အစိမ်းရောင်ပါဂျဲရိုးတစ်စီး ရပ်တန့်သည့်အတွက် တံတားလုံခြုံရေးများက တံတားပေါ်ကားမရပ်ရန် ပြောသော်လည်း ယာဉ်မောင်းသူက ကားနောက်မှာ ပစ္စည်းတစ်ခုကျခဲ့လို့ဟုပြောပြီး နောက်လှည့်ထွက်ပြေးခဲ့ပြီး၊ ယင်းပါဂျဲရိုးမှာ ပေါက်ကွဲကာ တံတားအောက်သို့ပြုတ်ကျခဲ့ကြောင်း၊ တံတားမှာ ကွန်ကရစ်တံတားဖြစ်ပြီး အခင်း ၁၀ ပေခန့်၊ အနံ ခြောက်ပေခန့်ပျက်စီးသွားကာ တံတားလက်ရန်းများ ပေ ၆၀ ခန့် ပျက်စီးခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်တွင် တံတားပေါ်သွားလာနေသူ ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး ဆေးကုသမှုခံယူနေသည်။



ဓာတ်ပုံ - မူဆယ်သူ၊ မူဆယ်သားများ

## မျက်နှာဖုံး - သာကေတ Capital တွင် ဗုံးသုံးလုံးပေါက် မှ အဆက်

အရောင်းဆိုင်နှင့် မြေညီထပ်ရှိ အစားအသောက်နှင့် အချိုရည် ရောင်းချသည့် နေရာမှ ထွက်ပေါ်ခဲ့ ကြောင်း အရောင်းဝန်ထမ်းများထံမှ သိရသည်။

“ပြောက်အိုးဖောက်သံလိုအသံတွေ ထွက်လာတာ ကျွန်တော်တို့လည်း ကြောက်လန့်ပြီး အပြင်ပြေးထွက်ခဲ့တယ်။ ဒဏ်ရာ ရသူတော့ မတွေ့မိဘူး” ဟု အမျိုးသား တစ်ဦးက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့် နေရာတွင် ပလတ်စတစ်ပြွန် ပါရှိသော M-150 အချိုရည်ပုလင်းများမှ ပေါက်ကွဲခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားပြီး လက်ရှိ Capital အတွင်းသို့ မည်သူမှ ဝင်ခွင့်မပြုကြောင်း တပ်မတော် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး တပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းလင်းရေး ခွေးများဖြင့် ရှာဖွေမှု ပြုလုပ်နေကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

နိုဝင်ဘာလ ၁၇ ရက် ညကလည်း မရမ်းကုန်းမြို့နယ်၊ ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ Ocean Center သန့်စင်ခန်း အတွင်းရှိ အမှိုက်ပုံးနှင့် စင်တာအရှေ့ ကားပါကင်တွင် ပေါက်ကွဲသံနှစ်ခု ထွက်ပေါ်ခဲ့သောကြောင့် ယင်းပေါက်ကွဲမှု ပြုလုပ်ခဲ့သူကို ဖော်ထုတ်အရေးယူရန် အပူတပြင်း စုံစမ်းနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

“အိုးရှင်းစင်တာထဲ ပေါက်ကွဲမှုကို စစ်ဆေးကြည့်ရာမှာ M-150 အချိုရည်ပုလင်းထဲ ဓာတုဗေဒဆေးရည်တစ်မျိုးပါတဲ့ ဖန်ပြွန်ပုလင်းထည့်ထားပြီး ဖန်ပြွန်ထဲကအရည်တွေ အပြင် ယိုစိမ့်ရာက ပုလင်းပေါက်ကွဲမှုကို ဖြစ်စေတာလို့ သိရတာကြောင့် ပေါက်ကွဲမှု ပြုလုပ်သူကို အရေးယူဖို့ စုံစမ်းခဲ့တာပါ” ဟု ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ■



ဓာတ်ပုံ - ရဲပြည့်ဇာနည်

## မျက်နှာဖုံး - ဘားအံ အထက်တန်းကျောင်းခွဲ မှ အဆက်

ဆရာမကြီးထံမှ သိရသည်။

ဇာသပြင်တိုက်နယ်ဆေးရုံမှဒေါက်တာ ဒေါ်အိအိသန်းက ကျောင်းသား၊ ကျောင်းသူများကို စိတ်ဖိစီးမှု မဖြစ်ရေး၊ ကျောင်းစာများကို ဖိအားပေးခြင်း မပြုလုပ်ရန် အခြားသော ကျန်းမာရေး ကာယလေ့ကျင့်ခန်းများ၊ စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းများကို အချိန်ခွဲလုပ်ဆောင်ရန် ကျောင်းအုပ်ဆရာမကြီးကိုတိုက်တွန်းခဲ့သည်။

“ကလေးတွေက ကျောင်းရယ်ကျူရှင်ရယ်နပန်းလုံးနေတဲ့အပြင် မိဘတွေကလည်း ကိုယ့်ကလေးအမှတ်များများရဖို့ အတင်း ဖိအားပေးလာတာတွေ့ရတယ်၊ ကိုယ်လက်လှုပ်ရှားမှု အားနည်းတော့ ကျန်းမာရေးအားနည်းပြီး တက်တာတို့၊ ကတုန်ကယင် ဖြစ်တာလို့ ထင်တယ်” ဟု ဘားအံ မြို့၊ အမှတ် (၆) ရပ်ကွက်မှ ကျောင်းသားမိဘ ဦးမောင်ငြိမ်းက သုံးသပ်သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ် ရှမ်းရေကျော် အထက (ခွဲ) ကျောင်းတွင် ကျောင်းဆောင်သစ်ဆောင်ရာမှ သုသာန်မြေအချို့ ပါဝင်သည်ဟုဆိုကာ စက်တင်ဘာလမှ စတင်ကာ ကျောင်းသူများကို အုပ်စုလိုက် ပူးကပ်ခဲ့ကြောင်း၊ ယင်းပူးကပ်မှုကို သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် ပယောဂဆရာများဖြင့် ကုသစေခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ စေလွှတ်သည့် စိတ်ကျန်းမာရေးဆရာဝန်များအဖွဲ့ ဖြင့် မြောင်းမြမြို့တွင် ကုသစေခြင်းများကို ဆောင်ရွက်ခဲ့သည်။

ရှမ်းရေကျော် အထက (ခွဲ)ကျောင်းတွင် ပရလောကသားများ ပူးကပ်မှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီက အောက်တိုဘာလ ၂၅ ရက်နေ့တွင်အမိန့်ပြန်ကာ သေနတ်ပစ်ဖောက်တားမြစ်ခဲ့သော်လည်း နိုဝင်ဘာလဆန်းတွင် ပြန်လည်ပူးကပ်နေကြောင်း ကျောင်းသားမိဘများထံမှ သိရှိရသည်။ ■



# ဆူဇူကီးဖလား အုပ်စုအဖွင့်ပွဲ အိမ်ရှင်မြန်မာ အရှုံးနှင့် ရင်ဆိုင်ခဲ့ရ

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၆ ခုနှစ် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာ့အသင်းသည် ဗီယက်နမ်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

သုဝဏ္ဏကွင်း၌ နိုဝင်ဘာလ ၂၀ ရက်နေ့ ညနေ ၆ နာရီကကျင်းပခဲ့သည့် ယင်းပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်အသင်းသည် ဗီယက်နမ်အသင်းကို ပွဲချိန်အနည်းငယ်သာ ယှဉ်ကစားနိုင်ခဲ့ပြီး ဗီယက်နမ်အသင်းကို အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ ယင်းပွဲစဉ်ကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး အစရှိသောမြို့များမှ ပရိသတ်များအပြင် စင်ကာပူနိုင်ငံမှ မြန်မာပရိသတ်များပင် လာရောက်အားပေးခဲ့ကြပြီး ဗီယက်နမ်အသင်း၏ ပရိသတ်အများအပြားလည်း လာရောက်အားပေးခဲ့ကြသည်။

"ဒီခြေစွမ်းအတိုင်း ဆိုရင်တော့ မညာတမ်း ပြောရရင် မြန်မာအသင်း လုံးဝမနိုင်ပါဘူး။ ဂိုးပြတ်မရှုံးအောင်သာ ဆုတောင်းရမှာပါ။ တစ်ဦးချင်း၊ အသင်းလိုက် အတော်ကွာပါတယ်။ မြန်မာဟော့လို့ အော်နေတဲ့ ပရိသတ်တွေကို တော့ တကယ်ချီးကျူးပါးတယ်။ TV ကနေတောင် အကျယ်ကြီးကြားရတယ်" ဟု ရန်ကုန်မြို့တော်တွင်နေထိုင်သည့် မြန်မာဘောလုံးချစ်ပရိသတ် ဦးထွန်းထွန်းဝင်းက ၎င်း၏လူမှုကွန်ရက်စာမျက်နှာထက်တွင် ပွဲကစားချိန် မိနစ် ၂၀ ခန့်က ရေးသားခဲ့သည်။

"ဆူဇူကီးဖလားမှာ ရလဒ်မကောင်း ဖြစ်နေတာတွေကို ဒီတစ်ကြိမ် ချေဖျက်နိုင်ပါစေ" ဟူသော ဆုတောင်းမှာ ပွဲပြီးချိန် တွင် ဦးထွန်းထွန်းဝင်း၏ ဆန္ဒမပြည့်ဝခဲ့ပေ။

မြန်မာအသင်းအနေနှင့် ယခုပွဲစဉ်တွင် ထိရောက်သည့် ထိုးဖောက်မှုမျိုး ပြုလုပ်နိုင်ခြင်းမရှိဘဲ ဗီယက်နမ် အသင်း၏ ထိုးဖောက်မှုများကိုပင် မြန်မာနောက်တန်းနှင့် ဂိုးသမားတို့ အသည်းအသန် ကာကွယ်ခဲ့ရသည်။

"အစ်မတို့က စင်ကာပူမှာတည်းက Myanmar Football 12 Players ဆိုပြီး မြန်မာအသင်းပွဲတွေကို အားပေးနေခဲ့တာပါ။ အဲဒီအတွက် စင်ကာပူမှာလုပ်လုပ်၊ မြန်မာမှာပဲလုပ်လုပ် မြန်မာအသင်းကိုအားပေးဖို့ အမြဲပြင်ဆင်ထားကြတာပါ။ အခုတော့ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပတာမို့ လာအားပေးတာပါ။ ကစားသမားတွေအတွက် ပရိသတ်တွေရဲ့အားပေးမှု လိုပါတယ်။ အသင်းက အားနည်းနေချိန်မှာ ပရိသတ်တွေက အလိုမကျဘဲ ဆဲဆိုတာတွေက အားမပေးတာတွေဆိုရင် သူတို့ဘက်ကလည်း အားလျော့သွားတတ်ပါတယ်။ အဲဒီအတွက် သူတို့တွေ အားမလျော့အောင်လို အစ်မတို့ဘက်ကနေ သူတို့ဘယ်လိုပဲကစားကစား အကောင်းဆုံးအားပေးဖို့ပြင်ဆင်ထားပါတယ်။ မြန်မာအသင်းကိုတော့ အုပ်စုအဆင့်ကနေ ကျော်ဖြတ်သွားစေချင်ပါတယ်" ဟု စင်ကာပူနိုင်ငံမှနေ၍ မြန်မာနိုင်ငံသို့ လာရောက်အားပေးခဲ့သည့် ဒေါ်ဝါဝါမိုးက ပြောကြားသည်။

ဗီယက်နမ်အသင်းသည် မြန်မာအသင်းကို ပွဲချိန် ၂၃ မိနစ်က ရရှိခဲ့သည့် သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး မြန်မာအသင်းအတွက် ချေပဂိုးကို အောင်သူက ၇၄ မိနစ်တွင်သွင်းယူပေးခဲ့သော်လည်း မိနစ် ၈၀ တွင် ဝါရင့်တိုက်စစ်မှူး လီကောင်ဗင်၏ဂိုးကို ပြန်လည်ခွင့်ပြုခဲ့ရကာ မြန်မာအသင်း ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့တွေ အမှားတွေလုပ်ခဲ့မိတယ်။ တစ်ဂိုးစီသရေကျနေချိန်မှာ ပွဲအလှည့်အပြောင်းဖြစ်ခဲ့ပေမယ့် ကံမကောင်းဘူး။ ဗီယက်နမ်က ကွင်းလယ်ကိုထိန်းချုပ်သွားနိုင်ခဲ့တယ်" ဟု Fox Sports ၏ ပွဲအပြီးတွေ့ဆုံချိန်၌ မြန်မာအသင်း နည်းပြ ဂတ်ဆီဗီက ဖြေကြားသွားခဲ့သည်။

မလေးရှားအသင်းနှင့်ကမ္ဘောဒီးယားအသင်းတို့သည် နောက်တန်းအားနည်းချက်များရှိရာ မြန်မာအသင်းအနေနှင့် အိမ်ရှင် ဆိုသောအခွင့်အရေးကို အားပြု၍ ပြိုင်ဘက်နှစ်သင်း၏ အားနည်းချက်များကို အသုံးချနိုင်ပါက နောက်တစ်ဆင့်တက်ရန် အခွင့်အရေး ရှိနေသေးကြောင်း Fox Sports ၏ ပြိုင်ပွဲသုံးသပ်သူက မှတ်ချက်ပြုခဲ့သည်။

"မြန်မာအသင်းအနေနဲ့ ဒီနေ့ပွဲမှာ ကစားတာကောင်းပါတယ်။ အသင်းက ကစားသမားတွေက ငယ်ရွယ်ပြီးတော့ ထူးချွန်တဲ့ ကစားသမားတွေ ပါဝင်ပါတယ်။ ကျွန်တော်တို့ဘက်ကို သွင်းယူခဲ့တဲ့ ဂိုးကလည်း အံ့သြစရာ ကောင်းလောက်အောင် ကောင်းပါတယ်။ ဒီပွဲမှာ ကျွန်တော်တို့အသင်း ကံကောင်းလို့ နိုင်ခဲ့တာပါ" ဟု ဗီယက်နမ် အသင်းနည်းပြချုပ် Le Hoaianhက ပွဲအပြီး သတင်းစာရှင်းပွဲတွင် ပြောကြားခဲ့သည်။

သုဝဏ္ဏကွင်း၌ နိုဝင်ဘာလ ၂၀ ရက်နေ့ မွန်းလွဲ ၃ နာရီက ယှဉ်ပြိုင်ကစားခဲ့သော ပထမပွဲစဉ်တွင် မလေးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် အုပ်စုပထမပွဲများ ကစားပြီးချိန်၌ မလေးရှားအသင်းက အုပ်စုဗိုလ်အဖြစ် ဦးဆောင်နေပြီး ဗီယက်နမ်အသင်းက ဒုတိယနေရာ၊ ကမ္ဘောဒီးယားအသင်းက တတိယနေရာနှင့် မြန်မာအသင်းက စတုတ္ထနေရာ ရရှိထားသည်။ ■


Nyi moe


The Voice

# စစ်ပွဲများ ရပ်တန့်ပေးရန် CSO ဖြစ်မြောက်ရေး ကော်မတီ တောင်းဆို

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိုးမြင့်ဖြစ်ပွားလာသော စစ်ပွဲများသည် ပြည်သူများကို တိုက်ရိုက်ထိခိုက်စေသောကြောင့် စစ်ပွဲများရပ်တန့်ပေးရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများ(CSO) ဖိုရမ်ဖြစ်မြောက်ရေး ကော်မတီက တောင်းဆိုလိုက်သည်။

လက်ရှိဖြစ်ပွားနေသော စစ်ပွဲများကြောင့် ကော်မတီ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်(၂၁ရာစုပင်လုံ) ကို တိုက်ရိုက်ထိခိုက်နေသောကြောင့် စစ်ပွဲများရပ်တန့်ပေးရန် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် သဘောထား ထုတ်ပြန်တောင်းဆိုလိုက်ခြင်း ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ အမြင်ကတော့ ငြိမ်းချမ်းရေးနဲ့ တိုက်ပွဲဆိုတာက ဘယ်လိုမှမဖြစ်သင့်တဲ့ အခြေအနေ တစ်ခုဖြစ်တယ်၊ တစ်ဖက်က ပြည်သူလူထုအတွက် ငြိမ်းချမ်းရေးကိုဆွေးနွေးနေချိန်မှာ တစ်ဖက်က တိုက်ပွဲတွေဖြစ်နေတယ်ဆိုတာ ဘယ်လိုမှ လက်ခံလို့မရပါဘူး၊ တိုက်ပွဲတွေဖြစ်နေတာကို မျက်စိပိတ်နားပိတ်ပြီး နေလို့မရတဲ့ အခုလို ထုတ်ပြန်ရတာဖြစ်ပါတယ်" ဟု ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများ(CSO) ဖိုရမ်ဖြစ်မြောက်ရေး ကော်မတီဝင် ဦးသွင်လင်းအောင်က ပြောသည်။

ထို့ကြောင့် မလိုအပ်ဘဲတိုက်ခိုက်နေသော စစ်ပွဲများကို ခြွင်းချက်မရှိ အမြန်ဆုံးရပ်တန့်ပေးရန်နှင့် တိုက်ပွဲများသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်မဟုတ်ဘဲ စစ်ပွဲများမရှိသော ငြိမ်းချမ်းရေးဆွေးနွေးပွဲကသာ တကယ့်ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အလားတူ စစ်ပွဲများ အမြန်ဆုံးရပ်တန့်ပေးရန် နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ဘာသာရေး ခေါင်းဆောင်များ၊ လူမှုရေးအဖွဲ့အစည်းခေါင်းဆောင်များအားလုံးနှင့် ပြည်သူတစ်ရပ်လုံးမှလည်း တိုက်တွန်းတောင်းဆိုပေးရန် ၎င်းကော်မတီက တိုက်တွန်းထားသည်။

ပထမအကြိမ်အရပ်ဘက်အဖွဲ့အစည်းများ(CSO) ဖိုရမ်ဖြစ်မြောက်ရေးကော်မတီသည် ငြိမ်းချမ်းရေး ဖော်ဆောင်မည့် လုပ်ငန်းစဉ်များအတွက် ပြည်နယ်နှင့် တိုင်းဒေသအသီးသီးမှ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် အရပ်ဘက်အဖွဲ့အစည်းများဖြင့် ပါဝင်ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ■

TRADEMARK CAUTION

FMTM Distribution Ltd., a company incorporated in Isle of Man, having its office at 3A and 3B Isle of Man Freeport, Ballasalla, Isle of Man IM9 2AP, Isle of Man is the Owner and Sole Proprietor of the following trademarks :-

MAGIC COLOR (Reg. No. 4/1480/2016)

MASTER CALENDAR (Reg. No. 4/1482/2016)

GOLD CROCO (Reg. No. 4/1488/2016)

IRON CROCO (Reg. No. 4/1489/2016)

These trademarks are used in respect of the following description of goods /services:

"Precious metals and their alloys and goods made of or coated with these materials not included in other classes; horological instruments, namely watches, wrist watches and clocks; chronometric instruments, namely chronographs (watches), chronometers, apparatus for sports timing (stopwatches); straps for wristwatches, watch bracelets, watch cases (fitted), movements for clocks and watches, watch buckles, watch crowns, watch springs, watch casings, faces for watches, dials (clock- and watchmaking), hands for clocks and watches, watch glasses; parts and fittings for timepieces; caskets and cases for timepieces; presentation boxes and cases for the display of timepieces; precious stones and semi-precious stones; diamonds; cameo jewellery; jewellery; semi-precious articles of bijouterie; jewellery items and ornaments; caskets and cases for jewellery; presentation boxes and cases for the display of jewellery and articles of bijouterie; cases of precious metal for jewellery and timepieces; jewellery boxes of precious metal; cases adapted for containing and transporting watches and jewellery; key fobs of precious metal; tie pins; cufflinks in Class 14"

Any fraudulent imitation or unauthorized use of the said trademarks or other infringements whatsoever will be dealt with according to law.

For FMTM Distribution Ltd.
Daw Khin Khin Zaw, LL.B, LL.M, Advocate
LawPlus Myanmar Ltd.
Room 517, Yangon International Hotel, No. 330, Corner of Ahlone and Pyay Roads,
Dagon Township,Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833

Dated: 21st November 2016

# ပထမပုဂ္ဂလိကဘဏ်က ရှယ်ယာတစ်စုကို ကျပ်လေးသောင်းဝန်းကျင်ဖြင့် ရောင်းမည်ဟုဆို

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

ပထမပုဂ္ဂလိကဘဏ် (First Private Bank) က ဒီဇင်ဘာလကုန်တွင် အစုရှယ်ယာတစ်စုကို ကျပ်လေးသောင်း ဝန်းကျင်ဖြင့် ရန်ကုန်စတော့အိတ်ချိန်း၌ ရောင်းချမည်ဖြစ်ကြောင်း ယင်းဘဏ် ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်က ပြောကြား သည်။

ရန်ကုန်စတော့အိတ်ချိန်းသို့ ဝင် ရောက်ရန် ယခုနှစ် အစောပိုင်းကာလက ပင် ပြင်ဆင်ခဲ့ပြီး ဒီဇင်ဘာလလယ်တွင် တရားဝင်လိုင်စင်ရရှိမည်ဟု ခန့်မှန်းထား သောကြောင့် လကုန်တွင် စတော့ အရောင်းအဝယ်စလုပ်ရန် ပြင်ဆင်ခြင်း ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

“စတော့အိတ်ချိန်းမဝင်မီ လော လောဆယ် အစုရှယ်ယာဝယ်မယ်ဆိုရင် တော့ ဈေးသက်သာတယ်။ စတော့မှာ တော့ အလားအလာကောင်းတဲ့ ကုမ္ပဏီ မှာ အစုရှယ်ယာဝယ်တဲ့သူများပြီး ဈေးက ဆက်တက်နေမှာပါ” ဟု ၎င်းကဆိုသည်။

ပထမပုဂ္ဂလိကဘဏ်၏ လက်ရှိ အစုရှယ်ယာရောင်းဈေးမှာ တစ်စုလျှင် ကျပ်သုံးသောင်းနှစ်ထောင်ရှိပြီး ရန်ကုန် စတော့အိတ်ချိန်း စာရင်းတင်ရောင်းချ မည့် အစုရှယ်ယာပမာဏမှာ ငါးသိန်း ဝန်းကျင်ရှိကြောင်း ဒေါက်တာစိန်မောင် က ပြောကြားသည်။

ပထမပုဂ္ဂလိကဘဏ်သည် လက်ရှိ အချိန်တွင် ဘဏ်မတည်ရင်းနှီးငွေမှာ ကျပ်သန်း ၇၄,၆၆၂ ဒသမ ၄၉ ရှိပြီး အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းများ၊ မိုဘိုင်းလ် ဘဏ်လုပ်ငန်းဖြစ်သော Mykyat နှင့် ပြည်တွင်းဘဏ်လုပ်ငန်း နှင့်သက်ဆိုင်သော ဝန်ဆောင်မှုများ လုပ် ကိုင်လျက်ရှိသည့်ဘဏ်ဖြစ်သည်။

လက်ရှိတွင် ရန်ကုန်စတော့အိတ် ချိန်း၌ FMI ကုမ္ပဏီ၊ မြန်မာသီလဝါ အထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းအများပိုင် ကုမ္ပဏီ (MTSH) နှင့် မြန်မာနိုင်ငံသား များဘဏ် (MCB) တို့က နေ့စဉ်ရှယ်ယာ အရောင်းအဝယ် ပြုလုပ်လျက်ရှိသည်။ ■

# လူခေါ်ပွဲစားများနှင့်ပတ်သက်၍ လူထုကို အသိပညာပေးမှုမြှင့်တင်ပေးရန် MOEAF တောင်းဆို

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

ပြည်ပသို့ အလုပ်သမားပို့ဆောင် ရာတွင် လူခေါ်ပွဲစားများရှိနေသောကြောင့် လူထုကိုအသိပညာပေးမှုများ တိုးမြှင့် လုပ်ဆောင်ပေးရန် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ပြည် ထောင်စုဝန်ကြီးထံ တောင်းဆိုထား ကြောင်း မြန်မာပြည်ပအလုပ်အကိုင်ဝန် ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) ထံမှ သိရသည်။

ပြည်ပသို့ သွားရောက်လုပ်ကိုင် သည့်အလုပ်သမားများအနေနှင့် အေဂျင်စီ များနှင့်တိုက်ရိုက်ဆက်သွယ်ခြင်းမရှိဘဲ သတ်မှတ်ထားသော ဝန်ဆောင်ခများ ထက် ပိုမိုကုန်ကျခံကာ လိုင်စင်မဲ့လူခေါ် ပွဲစားများနှင့်သာ လုပ်ကိုင်နေခြင်းကြောင့် နိုဝင်ဘာလ ၁၉ ရက်နေ့က ဝန်ကြီးနှင့် တွေ့ဆုံရာ၌ ယင်းသို့တောင်းဆိုခဲ့ခြင်းဖြစ် ကြောင်း (MOEAF)၏အလုပ်အမှုဆောင် ကော်မတီဝင်ဦးမျိုးဝင်းရင်က ပြောကြားသည်။

“အေဂျင်စီတွေက ဝန်ဆောင်ခ ဘယ်လောက်ပဲလျှော့ပေးပေး တကယ် သွားတဲ့ အလုပ်သမားတွေ မခံစားရဘူး။ ကျွန်တော်တို့က ဝန်ဆောင်ခ အခမဲ့နဲ့ ပို့ ပေးတာတောင် ပွဲစားတွေက အလကား လုပ်ပေးတာ မဟုတ်ဘူး။ ဥပမာ ထိုင်းကို သွားမယ့်အလုပ်သမားပေါ့၊ အေဂျင်စီက တစ်သိန်းခွဲပဲယူရင် သွားတဲ့လူတိုင်းက ပွဲစားကို အနည်းဆုံး သုံးသိန်းခွဲ လေးသိန်းခွဲလောက် ပေးနေရတယ်” ဟု ၎င်းက ပြောဆိုသည်။

ပြည်ပနိုင်ငံများတွင် သွားရောက် လုပ်ကိုင်မည့် အလုပ်သမားများအနေနှင့် လိုင်စင်ရအေဂျင်စီများနှင့်တိုက်ရိုက်ချိတ် ဆက်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်း များတွင် လိုင်စင်ရအေဂျင်စီများနှင့်ပတ် သက်သည့် သတင်းအမှန်များကို ဝန်ကြီး ဌာနက အသိပညာပေးမှုများ ပိုမိုပြုလုပ် ပေးရန် လိုအပ်နေကြောင်း လိုင်စင်ရပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများထံ မှ သိရသည်။

“လိုင်စင်မဲ့လူခေါ်ပွဲစားနဲ့လုပ်ရင် ဥပဒေအရအရေးယူမှုတွေ လုပ်လို့ရပေ မယ့် အလုပ်သမားဝန်ကြီးဌာနနဲ့ လူကုန်/ တားတို့က ပူးပေါင်းဆောင်ရွက်ဖို့ လိုတာပေါ့။ အလုပ်သမားဝန်ကြီးဌာနက လည်း ပြည်ထဲရေးဌာနနဲ့ ဝန်ကြီးဌာနချင်း ပူးပေါင်းပြီး အရေးယူပေးဖို့ ပြောထား တယ်လို့သိရတယ်” ဟု (MOEAF) မှ အလုပ်အမှုဆောင်ကော်မတီဝင် ဦးမြတ် သူက ဖြည့်စွက်ပြောဆိုသည်။

လိုင်စင်မဲ့ပွဲစားများက အလုပ်သမား များထံမှ ငွေကြေးပိုမိုကောက်ခံမှုများကို အေဂျင်စီများက ထိန်ကျောင်းရန် မဖြစ် နိုင်ဘဲ အလုပ်သမားများအနေနှင့် အေဂျင်စီများနှင့် တိုက်ရိုက်ဆက်သွယ်မှ သာ လူခေါ်ပွဲစားများ လျော့နည်းသွား မည်ဖြစ်ကြောင်း လိုင်စင်ရ အလုပ်အကိုင် ရှာဖွေရေး ကုမ္ပဏီများထံမှလည်း သိရ သည်။

လက်ရှိတွင် လိုင်စင်ရအေဂျင်စီ များအနေနှင့် နယ်များတွင် တရားဝင်ရုံးခွဲ များနှင့် ကိုယ်စားလှယ်များထားရှိနိုင်ရန် စီစဉ်နေသည်။ ■

**TRADEMARK CAUTION**

**FMTM Distribution Ltd.**, a company incorporated in Isle of Man, having its office at **3A and 3B Isle of Man Freeport, Ballasalla, Isle of Man IM9 2AP, Isle of Man** is the Owner and Sole Proprietor of the following trademark :-

**MASTER OF TOURBILLONS**

**(Reg. No. 4/1493/2016)**

This trademark is used in respect of the following description of goods /services:

"Precious metals; precious metal alloys; horological instruments; watches; chronometric instruments; chronographs (watches); chronometers; apparatus for sports timing (stopwatches); clocks; movements for watches and clocks; straps for wristwatches; watch bracelets; components for watches and clocks; buckles for watchstraps; watch crowns; watch cases (components); watch springs; dials (clock- and watchmaking); hands for clocks and watches; watch glasses; parts and fittings for timepieces; connected watches; connected dials and straps; smart watches with extended functionality and connected watches as well as parts and accessories for the aforesaid goods; connected dials and straps; watches that communicate data to personal digital assistants, smart phones, and personal computers through internet websites and other computer and electronic communication networks; cases for watches and clocks; cases for the display of timepieces (presentation); watch boxes; clock boxes; precious stones; semi-precious stones; diamonds; imitation precious stones; jewelry; semi-precious articles of bijouterie; jewelry ornaments; fashion jewelry; jewelry cases [caskets]; boxes for jewelry; jewel cases of precious metal; tie pins; cuff links; key fobs; boxes for cufflinks; boxes for tie-pins; boxes for key fobs [caskets]; cases for the display of jewelry, cufflinks, and tie pins; presentation boxes and cases adapted to contain and transport timepieces; presentation cases and cases adapted to contain and transport jewelry; presentation cases and cases adapted to contain and transport cufflinks, tie pins and key fobs in Class 14".

"Paper; cardboard; cardboard packaging; cardboard gift boxes; advertising signs of cardboard; signboards of paper or cardboard; bags and articles for packaging, wrapping and storage of paper, cardboard or plastics; writing instruments; fountain pens; pencil holders; pens [office requisites]; steel pens; pencils; penholders; pencil lead holders; boxes for pens; writing cases [sets]; writing materials; pads [stationery]; writing pads; clips (money -); paper knives [cutters] [office requisites]; writing paper; calendars; printed matter; teaching materials [except apparatus]; handbooks [manuals]; catalogues; booklets; magazines [periodicals]; flyers; prospectuses; newsletters; newspapers; periodicals; books; note books; writing or drawing books; albums; posters; bags [envelopes, pouches] of paper or plastics, for packaging; packing paper; paper ribbons; boxes of cardboard or paper; printing type; printed publications; graphic representations; graphic reproductions; graphic prints; pictures; photographs [printed]; photograph stands; labels, not of textile; luggage identity tags; stationery; document files [stationery]; envelopes [stationery]; document holders [stationery]; files [office requisites]; pen clips; bookmarkers; paper-clips; stamps [seals]; folders for papers; greetings cards in Class 16"

"Advertising; marketing; business information; distribution and dissemination of advertising materials [leaflets, prospectuses, printed material, samples]; advertisement billboards; publication of publicity texts; public relations services; on-line advertising and presentation of goods on a computer network; online advertising on smart phones, mobile phones, connected watches, connected watch dials, connected watchstraps, handheld computers, portable media players in the field of timepieces, jewelry, writing instruments, cufflinks, tie-pins, money clips, key fobs, tobacco articles, sunglasses, leather goods including belts, wallets, handbags, leather cases, and designed cases for mobiles phones, portable media players, handheld computers, personal digital assistants and smart watches; demonstration of goods; dissemination of advertising matter; preparation of mailing lists; direct mail advertising services ; window display arrangement services; rental of advertising space; arranging and conducting of fairs and exhibitions for advertising or business purposes; modelling for advertising or sales promotion; production of advertising films; business management for shops selling timepieces, connected watches, jewelry, writing instruments, stationery, cufflinks, tie-pins, money clips, key fobs, tobacco articles, sunglasses, leather goods including belts, wallets, handbags, leather cases, and designed cases for mobiles phones, portable media players, handheld computers, personal digital assistants and smart watches; business management for shops selling perfumes, cosmetics, clothing, clothing accessories, footgear; retail services in relation to timepieces, connected watches, jewelry, writing instruments, stationery, cufflinks, tie-pins, money clips, key fobs, tobacco articles, sunglasses, leather goods including belts, wallets, handbags, leather cases, and designed cases for mobiles phones, portable media players, handheld computers, personal digital assistants and smart watches; retail services in relation to perfumes, cosmetics, clothing, clothing accessories, footgear; online shops for promoting and selling timepieces, connected watches, jewelry, writing instruments, stationery, cufflinks, tie-pins, money clips, key fobs, tobacco articles, sunglasses, leather goods including belts, wallets, handbags, leather cases, and designed cases for mobiles phones, portable media players, handheld computers, personal digital assistants and smart watches; online shops for promoting and selling perfumes, cosmetics, clothing, clothing accessories, footgear; provision of information and advice to consumers regarding the selection of products and aforementioned items to be purchased; commercial administration of the licensing of the goods and services of others in Class 35"

"Education; providing of training; entertainment; sporting and cultural activities; organization of fashion shows for entertainment purposes; organisation of competitions [education or entertainment]; organization of exhibitions for cultural or educational purposes; party planning [entertainment]; publication of books; publication of texts, other than publicity texts; publication of newspapers, periodicals, catalogs and brochures in Class 41".

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to law.

**FMTM Distribution Ltd.**
Daw Khin Khin Zaw, LL.B, LL.M, Advocate
**LawPlus Myanmar Ltd.**
Room 517, Yangon International Hotel, No. 330, Corner of Ahlone and Pyay Roads,
Dagon Township,Yangon, Myanmar
khinkhinzaw@lawplus
Phone: +95 9 43064833

**Dated: 21st November 2016**

# E D I T O R I A L

# အထုတ်ပယ်ခံ လယ်/ဆည် ဒုဝန်ကြီးနှင့် ဥပဒေနှင့်အညီ ခုခံချေပခွင့်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းကို နိုင်ငံတော်သမ္မတ လက်မှတ်ဖြင့် ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်လိုက်သည့် သတင်းမှာ ယခုရက်ပိုင်းအတွင်း လူပြောအများဆုံး အကြောင်းအရာတစ်ရပ် ဖြစ်သွားခဲ့သည်။

ပုံမှန်အားဖြင့် မည်သည့်အစိုးရလက်ထက်ဖြစ်စေ ရာထူးမှ အထုတ်ပယ်ခံရပါက ထုတ်ပယ်ရသည့် အဓိက အကြောင်းရင်းကို ထုတ်ပြန်ကြောင်း အမိန့်စာတွင် ထည့်သွင်းဖော်ပြလေ့ရှိသော်လည်း ဒေါက်တာထွန်းဝင်းအား ထုတ်ပယ်သည့် အမိန့်စာတွင်မူ ထိုအချက် ဖော်ပြထားခြင်းမရှိပေ။

ထုတ်ပယ်ခံရသူ ဒေါက်တာထွန်းဝင်းနှင့် ထုတ်ပယ်လိုက်သည့် နိုင်ငံတော်သမ္မတရုံးထံတွင် ၎င်းတို့ဘက်က မမှားကြောင်း၊ မှန်ကန်ကြောင်း အသီးသီး ရပ်ခံပြောဆိုကြမည်ဖြစ်သော်လည်း ဤနေရာတွင် မည်သည့်ဘက်က မှန်သည်၊ မှားသည် ပြောဆိုရန်ထက် အစိုးရတစ်ရပ်၏ လုပ်ထုံးလုပ်နည်းကိုသာ ဆန်းစစ်သုံးသပ်ကြည့်ရန် လိုအပ်မည်ဖြစ်သည်။

အစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးတစ်ဦးအဖြစ် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲ၊ လမ်းညွှန်များနှင့်အညီ တရားဝင်ခန့်အပ်ခံထားရသူတစ်ဦးကို ထုတ်ပယ်ရာတွင်လည်း မထုတ်ပယ်မီ မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို ဥပဒေနှင့်အညီ ဆောင်ရွက်ကာ ထုတ်ပယ်ရသည့် အကြောင်းရင်းကို ရှင်းလင်းစွာ ဖော်ပြရန် တာဝန်ရှိပေသည်။

တရားဝင်အားဖြင့် ယင်းအမိန့်စာကို နိုင်ငံတော်သမ္မတဖြစ်သူ ဦးထင်ကျော်က လက်မှတ်ရေးထိုးထားသော်လည်း နောက်ကွယ်တွင် မွေးမြူရေးနှင့် လယ်/ဆည် ဝန်ကြီး သချာၤပါမောက္ခ ဒေါက်တာအောင်သူနှင့် ဒုတိယဝန်ကြီး စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းတို့အကြား ပုဂ္ဂိုလ်ရေး မပြေလည်မှုကို အကြောင်းပြုကာ NLD ပါတီ အထွေထွေ အတွင်းရေးမှူး ဦးဝင်းထိန်၏ စီမံဆောင်ရွက်မှုများရှိခဲ့ကြောင်း သတင်းများ ကျယ်ပြန့်စွာ ထွက်ပေါ်လျက်ရှိသည်။

ထိုသို့သတင်းထွက်ပေါ်နေသော်ငြား လက်တွေ့တွင်မူ နိုင်ငံတော်သမ္မတ ကိုယ်တိုင် လက်မှတ်ရေးထိုးထားသောကြောင့် အစိုးရအဖွဲ့က တရားဝင် ထုတ်ပယ်လိုက်ခြင်းဟု သတ်မှတ်ရမည်ဖြစ်သော်လည်း အစိုးရအဖွဲ့နောက်ကွယ်တွင် ပါတီက ဝင်ရောက်စွက်ဖက်နေသလောဟု စောကြောစရာ ဖြစ်သွားခဲ့သည်။

အထူးသဖြင့် စိုက်ပျိုးရေးနယ်ပယ်တွင် အတွေ့အကြုံရင့်၊ ဝါရင့် ပညာရှင်တစ်ဦးလည်းဖြစ်၊ လယ်ယာစိုက်ပျိုးရေးလောကကို ပြုပြင်ပြောင်းလဲလိုသူဟု နာမည်ထွက်သူလည်းဖြစ်သည့်အပြင် NLD ပါတီဝင်တစ်ဦးလည်းဖြစ်သည့် ဒေါက်တာထွန်းဝင်း ထုတ်ပယ်ခံရခြင်းသည် အစိုးရအဖွဲ့တွင် လက်တွေ့လုပ်ငန်းဆောင်ရွက်ကြရမည့် ပညာရှင်များထက် ပါတီထိပ်ပိုင်းခေါင်းဆောင်များနှင့် အလွန်းသင့်သူဖြစ်ရန် ပို၍ အရေးကြီးလာသလောဆိုသော မေးခွန်းတစ်ရပ်လည်း ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့သည်။

အစိုးရသက်တမ်း ခြောက်လကျော်ခန့် ရှိနေသော အချိန်သည် ငါးနှစ်သက်တမ်းအစိုးရတစ်ရပ်အတွက် ဆိုပါက လုပ်ငန်းစတင်ရန် ဟန်ပြင်နေဆဲ အချိန်သာဖြစ်သည့်အတွက် ဘောလုံးစကားနှင့်ပြောရပါက မိနစ်ကိုးဆယ်ကြာ ကစားရမည့် ဘောလုံးပွဲတစ်ပွဲတွင် တိုက်စစ်မှူးတစ်ဦးကို အကြောင်းပြချက်မပေးဘဲ ဆယ်မိနစ်ဖြင့် လူစားလဲလိုက်သည့်သဘော ဖြစ်သည်။

အာဏာရှင်အစိုးရအဆက်ဆက်တွင်လည်း ထိုသို့ ထုတ်ပယ်မှုများ ရှိခဲ့ရာ အာဏာရှင်အစိုးရများဖြစ်သည့်အတွက် အထွေအထူး ပြောစရာမရှိသော်လည်း ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရဖြစ်နေသည့်အတွက် လုပ်ကိုင်ဆောင်ရွက်မှုမှန်သမျှ ဒီမိုကရေစီ နည်းကျဖြစ်ရန် အထူးအရေးကြီးလှသည်။

သက်ဆိုင်ရာ လုပ်ငန်းကို လက်တွေ့ဦးစီးဆောင်ရွက်မည့် ပညာရှင် ဒုတိယဝန်ကြီးတစ်ဦးကို ဥပဒေနှင့်အညီ ပြန်လည်ရှင်းလင်းထုချေခွင့်မပေးဘဲ ထုတ်ပယ်လိုက်ခြင်းမှာ သက်ဆိုင်ရာနယ်ပယ်အတွက် ကောင်းသည့်လက္ခဏာ မဟုတ်သည့်အပြင် အာဏာရှင်ဆန်သည်ဟု ဝေဖန်စရာဖြစ်သွားခဲ့ပြီး ယင်းလုပ်ရပ်ကို သက်ဆိုင်ရာ အစိုးရအဖွဲ့နှင့် အာဏာရပါတီတို့အနေနှင့် အနှောင်အဖွဲ့ကင်းကင်း၊ အဂတိရှင်းရှင်း၊ ဘက်လိုက်မှုမရှိဘဲ ရိုးသား ဖြောင့်မတ်စွာ မိမိတို့ဘာသာ ဆင်ခြင်သုံးသပ်ကြည့်ပါက အမှား၊ အမှန် ပေါ်လာမည်ဖြစ်ကြောင်း သိစေလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၂၀ - ၁၁ - ၂၀၁၆ )**

# ထုတ်လုပ်ခုနှစ်ကွာဟသည့် ယာဉ်အစီး ၂၀ ကျော်ကို ဒဏ်ကြေးတစ်သိန်းကောက်ခံ၍ မှတ်ပုံတင်ထုတ်ပေးမည်

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

မော်တော်ယာဉ်တင်သွင်းခွင့် ရရှိထားသည့်အနက် ထုတ်လုပ်ခုနှစ် (သတ်မှတ်ပါမစ်) နှင့် တစ်နှစ်ကွာဟသည့် မော်တော်ယာဉ်အစီး ၂၀ ကျော်ကို တစ်နှစ်လျှင် ဒဏ်ကြေးတစ်သိန်းကောက်ခံ၍ ယာဉ်မှတ်ပုံတင် ပြုလုပ်ပေးမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (က.ည.န) ထံမှ သိရသည်။

တင်သွင်းခွင့်ပြုထားသည့် ထုတ်လုပ်ခုနှစ်နှင့် ကွာဟနေသည့်ယာဉ်များကို ယာဉ်မှတ်ပုံတင်ထုတ်ပေးခြင်းမရှိခဲ့ရာမှ ယခုအခါ တစ်နှစ်ကွာဟသည့် မော်တော်ယာဉ်အစီး ၂၀ ကျော်ကို တစ်နှစ်အတွက် ဒဏ်ကြေး ကျပ်တစ်သိန်းဖြင့် မှတ်ပုံတင် ထုတ်ပေးမည်ဖြစ်ကြောင်း က.ည.နမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်၊

"ကနဦးမှတ်ပုံတင်ဌာနအနေနဲ့ မော်ဒယ်လ်ခုနှစ် (တစ်နှစ်) ကွာဟနေတဲ့ ယာဉ်တွေကို ယာဉ်မှတ်ပုံတင်ထုတ်ပေးဖို့ ဌာနဆိုင်ရာတွေနဲ့ ညှိနှိုင်းတယ်။ ယာဉ် ၂၀ ကျော်ရဲ့အမှုတွဲပိုင်ရှင်တွေကိုအကြောင်းကြားပြီးပြီဆိုတော့ ယခုရက်ပိုင်းအတွင်း ယာဉ်မှတ်ပုံတင်ထုတ်ပေးမှာပါ" ဟု ၎င်းက ဆိုသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနှင့် ယာဉ်အမှုတွဲ စတင်စစ်ဆေးသည့်နေ့မှစ၍ အမှုတွဲစစ်ဆေးသည့်ရက်များအတွက် ရက်လွန်ဒဏ်ကြေးကင်းလွတ်ခွင့်ပေးသွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ထောက်ကြန့်မြို့ရှိ က.ည.နရုံးတွင် ၂၀၁၅ ခုနှစ် ဩဂုတ်လမှ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ တတိယအပတ်အထိ ၁၅ လတာ ကာလအတွင်း ကနဦးယာဉ်မှတ်ပုံတင်ထုတ်ပေးခဲ့သည့် ယာဉ်အစီးရေ တစ်သိန်းသုံးသောင်းကျော်ရှိကြောင်း က.ည.န (ထောက်ကြန့်) ရုံးထံမှလည်း သိရသည်။

ခွင့်ပြုထားသည့်မော်ဒယ်လ်နှင့် တစ်နှစ်ကွာဟသည့် ယာဉ်များကို ဒဏ်ကြေးပေးဆောင်စေ၍ ယာဉ်မှတ်ပုံတင် ပြုလုပ်ပေးခြင်းသည် မော်တော်ယာဉ်တင်သွင်းသူများအတွက် အထောက်အပံ့ဖြစ်စေကြောင်း၊ သို့သော်ရည်ရွယ်ချက်ရှိရှိဖြင့် သတ်မှတ် ခုနှစ်အောက် လျော့ကျနေသည့် မော်ဒယ်နိမ့်ယာဉ်များ တင်သွင်းမှုကို စိစစ်ရန်လိုကြောင်း ယာဉ်ရောင်းဝယ်ရေးလုပ်ကိုင်သူ ဦးမိုးကျော်က ပြောဆိုသည်။ ■

## CARTOON



The VOICE Daily

**The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min ,

**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,

**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin ,

**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,

**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.

**Senior Reporters** - Aung Htet ,Thant Zin Oo, Khaing Soe Lin , Hein Myat Soe, Mg Man @ Myo Myint Aung.

**Reporters** - Aung Thiha Tun, Nay Zar Kyaw, Pyae Phyo Aung , Sithu Aung Myo Kyaw , Khine Cherry Tun, San San Htwe, Kyaw Soe Oo, Pwint Zin Maw Hein, Su Lay Ngone, Thet Shine Thu, Nilar Myint, Thida Swe, Si Si Thin Hlaing.

**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,

**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nyan Soe Win, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Myat Ko, Slai Yaw Zin, Ma Ma, Lwin Mar Aung, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo.

**Photographer** - Ye Pyae Zar Ni, Aung Naing,

**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung

**Distribution** - Htet Khaung, Jet Too Too.

**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,

**Web Team**- thevoicewebteam@gmail.com,

**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.

**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080

**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**

**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.



ဓာတ်ပုံ-The Voice

# အသက် ၉၀ နှင့်အထက်ဘိုးဘွားများ အစိုးရက ထောက်ပံ့ကြေးပေးမည်

**မန္တလေး၊ နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသက် ၉၀ နှစ်အထက် ဘိုးဘွားများအတွက် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကြေးများ ပေးမည်ဖြစ်သောကြောင့် လျှောက်ထားရယူနိုင်ပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာနထံမှ သိရသည်။

"သက်ကြီးဘိုးဘွားတွေကို လူမှုဝန်ထမ်းဦးစီးဌာနရဲ့လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကြီးဆယ်မျိုးထဲမှာ တစ်ခုအနေနဲ့ ပါတယ်ပေါ့။ ဒါ့ကြောင့် ဘိုးဘွားတွေကို ထောက်ပံ့တဲ့လုပ်ငန်းကို အကောင်အထည်ဖော်တာ" ဟု မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဖြူဖြူခိုင်က ပြောကြားသည်။

နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကြေးအစီအစဉ်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းက စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ လျှောက်ထားရယူရာတွင် အသက်ကိုးဆယ်နှင့် တစ်ရာကြား ဘိုးဘွားများနှင့် အသက်တစ်ရာနှင့်အထက် ဘိုးဘွားများ လျှောက်ထားရယူနိုင်ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသက်ကိုးဆယ်နှင့် တစ်ရာကြားဘိုးဘွား ၃၃၈၉ ဦးကို တစ်နှစ်လုံးစာအတွက် တစ်ဦးလျှင် ထောက်ပံ့ကြေး ကျပ်တစ်သောင်းခွဲ၊ အသက် ၁၀၀ နှင့် အထက် ဘိုးဘွား ၁၆၂ ဦးကို တစ်နှစ်စာထောက်ပံ့ကြေး ကျပ်နှစ်သောင်းနှုန်းဖြင့် ထောက်ပံ့ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန စာရင်းများအရ သိရသည်။

ဘိုးဘွားများအတွက် လျှောက်ထားရာတွင် မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ မြို့နယ်တွင်နေထိုင်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာများဖြင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် လျှောက်ထားနိုင်ကြောင်း၊ ယင်းမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ရုံးချုပ်သို့တင်ပြပေးမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မန္တလေးတိုင်းဒေသကြီး အတွင်း၌ ထောက်ပံ့ကြေးရရှိထားသည့် ဘိုးဘွားများအပြင် ထပ်မံလျှောက်ထားသည့် အသက် ၉၀ မှ ၁၀၀ ကြား ဘိုးဘွား ၂၂၇ ဦး၊ အသက်တစ်ရာနှင့်အထက် ဘိုးဘွား ၉၈ ဦးတို့ကို စိစစ်နိုင်ရန် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ ပေးပို့ထားကြောင်း ဒေါ်ဖြူဖြူခိုင်က ထပ်လောင်း ပြောဆိုသည်။ ■

# ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီဝင်များကို ဒီဇင်ဘာလတွင် ရွေးချယ်မည်

**တောင်ငူ၊ နိုဝင်ဘာလ ၂၀**

ပဲခူးတိုင်းဒေသကြီး၊ ၂၈မြို့နယ်မှ မြို့နယ် စည်ပင်သာယာရေး ကော်မတီဝင်များကို ဒီဇင်ဘာလ ပထမပတ်တွင် အသစ်ပြန်လည်ရွေးချယ်မည် ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အသစ်ပြန်လည် ရွေးချယ်ရန် ညွှန်ကြားချက်ထွက်နေကြောင်း၊ သတ်မှတ်အရည်အချင်းများဖြင့် ပြည့်မီသူများအနေနှင့် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်လောင်း အဖြစ် ရွေးချယ်ခံနိုင်ကြောင်း ၎င်းကပြောဆိုသည်။

၂၀၁၄ ခုနှစ်ခန့်က ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အတည်ပြုထုတ်ပြန်ခဲ့သော စည်ပင်သာယာရေးဥပဒေတွင် သက်ဆိုင်ရာ မြို့နယ် စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှ သက်တမ်း ၃ နှစ်ပြည့်ပါက အသစ်ပြန်လည် ရွေးချယ်ပေးရမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်နေသူ သက်တမ်းမပြည့်မီ ၆ လကတည်းက မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ မြို့နယ် ဥပဒေအရာရှိများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိများက ကြီးကြပ် ဆောင်ရွက်ပေးရန် ထည့်သွင်းဖော်ပြထားသည်။

မြို့နယ် ၂၈မြို့နယ် အနက် လက်ရှိသက်တမ်း သုံးနှစ်ပြည့်အောင် တာဝန်ထမ်းဆောင်ပြီးသော မြို့နယ်များမှ ကော်မတီဝင်များမှာ ပဲခူး၊ ရေတာရှည်၊ ဖြူး၊ ညောင်လေးပင်၊ ဒိုက်ဦး၊ သနပ်ပင်၊ ကဝ၊ လက်ပံတန်း၊ ထန်းတပင်မြို့နယ်များတွင် ဖြစ်ကြောင်း၊ ခရိုင်မြို့ကြီးများတွင်လည်း သက်တမ်းသုံးနှစ်ပြည့်တော့မည့်ကော်မတီဝင်များရှိနေကြောင်း တိုင်းဒေသကြီး အဆင့်စည်ပင်သာယာရေးအဖွဲ့ရုံး၏ စာရင်းများအရ သိရသည်။

ဒိုက်ဦးမြို့တွင် စည်ပင်သာယာရေး အဖွဲ့အသစ်ပြန်လည် ရွေးချယ်ရေးအတွက် မည်သည့် အသံများမှ မကြားရကြောင်း၊ လက်ရှိစည်ပင်သာယာရေးကော်မတီဝင်များမှာ ယခင်အစိုးရဟောင်းလက်ထက် အုပ်ချုပ်သူများ အလိုကျ ဖွဲ့စည်းပေးထားသူများသာ ဖြစ်ခြင်းကြောင့် ဒေသခံများ သဘောကျ ရွေးချယ်ပေးရမည့် စည်ပင်ကော်မတီဝင်များကို အမြန်ဆုံးပြန်လည် ရွေးချယ်ပေးစေလိုကြောင်း ဒိုက်ဦးမြို့ခံ နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ဦးကျော်သူထိုက်က ပြောကြားသည်။

စည်ပင်သာယာရေး ဥပဒေအရ စည်ပင်သာယာရေး အထောက်အကူပြု ကော်မတီဝင်အဖြစ် ရွေးချယ်ခံယူလိုသူများမှာ အသက် ၂၇ နှစ်ပြည့်ကာ မြန်မာနိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားပြီး အများက ကြည်ညိုလေးစားသည့် သိက္ခာ သမာဓိရှိရန်သာလိုအပ်ကြောင်း၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့/ဒီပလိုမာရရှိထားသူ မည်သူမဆို ဝင်ရောက်ရွေးချယ်ခံယူနိုင်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အထောက်အကူပြု ကော်မတီကို ၂၀၁၃ ခုနှစ်မှ စတင်ကာ အရပ်သားငါးဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများထဲမှ လေးဦး၊ စုစုပေါင်းကိုးဦးဖြင့် စတင်ဖွဲ့စည်းပေးခဲ့ပြီး မြို့နယ်အလိုက် စည်ပင်သာယာရေး လုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်တာများကို ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ကိုင်ဆောင်ရွက်ရန် ညွှန်ကြားထားသော်လည်း လက်တွေ့တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုံးဖြတ်လုပ်ကိုင်သည်ကို လက်မှတ်ရေးထိုးပေးရသကဲ့သို့ ဖြစ်နေကြောင်း တောင်ငူမြို့ရှိ မြို့မိမြို့ဖတစ်ဦးက သုံးသပ်သည်။ ■

# ပန်းဒါချည်မျှင်လုပ်သားများအရေး အလုပ်ရှင်နှင့်အလုပ်သမားအကြား ပြေလည်မှုရသည်အထိ ညှိနှိုင်းပေးမည်ဟုဆို

**မန္တလေး၊ နိုဝင်ဘာ ၂၀**

စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ရှိ ပန်းဒါချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ ရှေ့၌ လေးလကျော်ကြာသည်အထိ ထိုင်သပိတ်လုပ်၍ ဆန္ဒပြခဲ့သော အလုပ်သမားများအရေးနှင့်ပတ်သက်၍ အလုပ်ရှင်နှင့် အလုပ်သမားအကြား ပြေလည်မှုရသည်အထိ ညှိနှိုင်း ဖြေရှင်းပေးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှုနှင့်လျှပ်စစ်ဝန်ကြီး ဦးဇာနည်အောင်က ပြောကြားသည်။

ဆန္ဒပြအလုပ်သမားများ၏ တောင်းဆိုချက် ၂၈ ချက်အနက် အလုပ်သမားခေါင်းဆောင် လေးဦးကိုပြန်ခန့်ရေး ပါဝင်ရာ ယင်းကိစ္စကြောင့် အလုပ်ရှင်နှင့် အလုပ်သမားများအကြား ညှိနှိုင်းမှုကြန့်ကြာနေခြင်းနှင့်ပတ်သက်၍ ၎င်းကအထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ပန်းဒါစက်ရုံ အလုပ်သမားရေး ဖြေရှင်းနိုင်ရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းပေးထားသော စေ့စပ်ညှိနှိုင်းရေး အဖွဲ့က စေစပ့်ညှိနှိုင်းပေးနေခြင်းဖြစ်သည်။

"ကျွန်တော်တို့အဖွဲ့အနေနဲ့ အလုပ်ရှင်၊ အလုပ်သမားအကြား ပြေလည်မှုရအောင် စေ့စပ်ညှိနှိုင်းဖြေရှင်းပေးမှာပါ" ဟု မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စက်မှုနှင့် လျှပ်စစ်ဝန်ကြီးဦးဇာနည်အောင်က ပြောကြားသည်။

ယင်းစက်ရုံ အခြေခံအလုပ်သမားအဖွဲ့ခေါင်းဆောင် လေးဦးသည် အလုပ်ရှင်အလုပ်သမားအကြား အငြင်းပွားမှုနှင့်ပတ်သက်၍ မြို့နယ်ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့တွင် ရှုံးနိမ့်ထားပြီး ပြည်ထောင်စုအဆင့် စာချွန်တော်အဆုံးအဖြတ်ကို စောင့်ဆိုင်းနေကြောင်း ဆန္ဒပြအလုပ်သမားများထံမှ သိရသည်။

"ကျွန်တော်တို့တောင်းဆိုထားတဲ့ တောင်းဆိုချက် ၂၈ ချက်မှာ အလုပ်ဖြုတ်ခံထားရတဲ့ အလုပ်သမားခေါင်းဆောင် လေးဦးကို ပြန်ခံပေးရေးက အဓိကဖြစ်နေတယ်" ဟုသပိတ်မှောက်အလုပ်သမားခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးချမ်းမိုးအောင်က ပြောကြားသည်။

အဆိုပါစက်ရုံ၏ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ပြန်လည်ချုပ်ဆိုနိုင်ရေး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသူများ၊ စက်မှုဝန်ကြီးဌာနတာဝန်ရှိသူများ၊ အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်များပါဝင်သော အဖွဲ့ဝင် ၁၂ ဦးပါဝင်သည့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးနှစ်ဦးခေါင်းဆောင်ကာ နိုဝင်ဘာလ ၁ ရက်နေ့က ဖွဲ့စည်းခဲ့ပြီး လက်ရှိအချိန်အထိ ညှိနှိုင်းပေးနေခြင်းဖြစ်သည်။

"ကျွန်မတို့အနေနဲ့က တည်ဆဲဥပဒေအတိုင်း လိုက်နာဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလုပ်သမားခေါင်းဆောင် လေးယောက် ပြန်ခန့်ရေးဆိုတာကိုလည်း စာချွန်တော်အဆုံးအဖြတ်အတိုင်း လိုက်နာသွားဖို့ရှိပါတယ်" ဟု ပန်းဒါချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ (ပလိပ်) ၏ တာဝန်ရှိသူတစ်ဦး ဖြစ်သူ ဒေါ်တင်တင်ရွှေက ပြောကြားသည်။

ပန်းဒါချည်မျှင်အထည်နှင်အချောကိုင်စက်ရုံ(ပလိပ်)မှသပိတ်မှောက်အလုပ်သမားများ အလုပ်ခွင်ပြန်ဝင်နိုင်ရန် မန္တလေးတိုင်းအစိုးရ၊ စက်မှုဝန်ကြီးဌာန၊ အလုပ်ရှင်၊ သပိတ်မှောက်အလုပ်သမားများအကြား လေးပွင့်ဆိုင်ဆွေးနွေးပွဲကို နိုဝင်ဘာလ ၂ရက်နေ့က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သေးသည်။

ပန်းဒါကုမ္ပဏီအနေနှင့် ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ (ပလိပ်)ကို စက်မှုဝန်ကြီးဌာနထံမှ ၂၀၁၃ ခုနှစ် ဧပြီလကစ၍ နှစ် ၃၀ ငှားရမ်း လုပ်ကိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး အလုပ်သမားဝန်ထမ်း ၁၀၀၀ ကျော်ဖြင့် လုပ်ငန်းလည်ပတ်နေရာမှ ဝန်ထမ်း ၇၀၀ ကျော်သည် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ရက်ရှည်ထိုင်သပိတ်ပြုလုပ်ခဲ့ပြီး ယခုတတိယအကြိမ်မြောက်အဖြစ် ထိုင်သပိတ်လုပ်၍ ဆန္ဒပြနေခြင်းဖြစ်သည်။

ပလိပ်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံကို လုပ်ကိုင်ခွင့်ရရှိထားသည့် ပန်းဒါကုမ္ပဏီကို မြို့နယ်အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနက ၂၀၁၃ ခုနှစ် အလုပ်အကိုင်ကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်ရေးဥပဒေဖြင့် တရားစွဲဆိုထားရာ ကုမ္ပဏီအနေနှင့် လက်ရှိအချိန်အထိ အမှုရင်ဆိုင်နေဆဲဖြစ်သည်။ ■

# တိုက်ကြီးတွင် ပထွေးက ၈ နှစ် မိန်းကလေးကို အဓမ္မပြုကျင့်

**တိုက်ကြီး၊ နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် သနပ်ချောင်းကျေးရွာအုပ်စုတွင် နိုဝင်ဘာ ၁၉ ရက်နေ့ ညပိုင်းက အသက် ၃၆နှစ်အရွယ် ပထွေးက ၈ နှစ်အရွယ် မိန်းကလေးကို အဓမ္မပြုကျင့်ခဲ့ကြောင်း တိုက်ကြီးမြို့မှ ရဲစခန်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အဆိုပါညပိုင်းက ပထွေးဖြစ်သူက မိန်းကလေးကို အဓမ္မပြုကျင့်စဉ် ထွက်ပြေးလာကြောင်း၊ မိန်းကလေးကို မိခင်ကမေးမြန်းရာမှာ ပထွေးက အကြိမ်ကြိမ် အဓမ္မပြုကျင့်သည်ကို သိရှိခဲ့ရသဖြင့် ရာဇသတ်ကြီး ပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်ထားကြောင်း မိန်းကလေး၏ မိခင်က ပြောကြားသည်။ ■

# ဂျပန်အစိုးရက အငယ်တန်းစေတနာ့ဝန်ထမ်းများ စေလွှတ်မည်

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံသို့ အကူအညီများစွာ ပေးအပ်နေသော ဂျပန်နိုင်ငံအစိုးရသည် အငယ်တန်း စေတနာ့ဝန်ထမ်း (Junior Volunteer) များကို ၂၀၁၈ ခုနှစ်အတွင်း စေလွှတ်မည်ဖြစ်ကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ထံမှ သိရသည်။

အဆိုပါအငယ်တန်း စေတနာ့ဝန်ထမ်းများသည် လယ်ယာလုပ်ငန်း၊ ဆေးရုံလုပ်ငန်းများတွင် အကူအညီပေးနိုင်ရန် ဖြစ်ပြီး နိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂျပန်လူငယ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို အကူအညီပေးမည်ဖြစ်ကြောင်း JICA ထံမှ သိရသည်။

အကြီးတန်း စေတနာ့ဝန်ထမ်း (Senior Volunteer) များကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့သို့ ၂၀၁၃ ခုနှစ်အတွင်းမှစတင်၍ စေလွှတ်ထားပြီး ၃၄ ဦးအထိ စေလွှတ်ထားကာ လတ်တလော ၁၅ဦးက ကဏ္ဍစုံတွင် အကူအညီများပေးလျက်ရှိကြောင်း JICA ထံမှ သိရသည်။ ■

# အော်တစ်ဇင်အသင်း အားကစားပွဲ ကျင်းပမည်

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

ပထမအကြိမ် မြန်မာအော်တစ်ဇင် အသင်း အားကစားပွဲကို ဒီဇင်ဘာလ ၇ ရက်နေ့နှင့် ၈ ရက်နေ့တို့တွင် ကျင်းပမည်ဖြစ်ကြောင်း ယင်းအသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က ပြောကြားသည်။

အဆိုပါအားကစားပွဲတွင် ရေကူး (လက်ပစ်ကူး- မီတာ ၅၀ နှင့် မီတာ ၁၀၀)၊ အပြေးအမျိုးမျိုးတို့ ပါဝင်မည်ဖြစ်ပြီး အားကစားပွဲကို အမှတ် ၂၉ ရပ်ကွက်၊ ပြည်ထောင်စုလမ်း ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် အားကစားကွင်းတွင် မြန်မာအော်တစ်ဇင်အသင်း၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ Asia Pacific Center ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၊ Special Olympics Myanmar ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့် Asean Autism Network တို့ ပူးပေါင်း၍ ပထမအကြိမ် ကျင်းပမည်ဖြစ်ကြောင်း ၎င်းကဖြည့်စွက်ပြောကြားသည်။

အော်တစ်ဇင် အသိုင်းအဝိုင်းငယ်များ (အထူးသဖြင့် ကျောင်းများကို အခြေခံထားသည့်အဖွဲ့များ) ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပိုမိုကြီးမားသည့် အော်တစ်ဇင်အဝန်းအဝိုင်း ဖြစ်ပေါ်လာအောင် ဆက်စပ်ပေးရန်၊ အစိုးရဌာနများ၊ စီးပွားရေးအဝန်းအဝိုင်းနှင့် အခြားလူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများ အပါအဝင် အများပြည်သူ၏ အော်တစ်ဇင်အပေါ် အသိပညာပိုမိုကြီးမားသည့် အတိုင်းအတာဖြင့် မြှင့်တင်ရန်နှင့် အော်တစ်ဇင်များ၏ မတူညီသော စွမ်းဆောင်ရည်များ ရှာဖွေဖော်ထုတ်ရန်စသည့် အားကစားပွဲ ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပွဲကျင်းပရေးတာဝန်ရှိသူများထံမှ သိရသည်။ ■

# ခရီးသွားလည်ပတ်မှုများသောဒေသများနှင့် ပတ်သက်၍ ဟိုတယ်ပရိုမိုးရှင်းပွဲ ကျင်းပမည်

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

ပြည်တွင်း၊ ပြည်ပခရီးသွား ဧည့်သည်များ လာရောက်လည်ပတ်မှုများပြားသည့် ဒေသများတွင်ရှိသော ဟိုတယ်များနှင့်ပတ်သက်၍ ပထမအကြိမ် ပရိုမိုးရှင်းပွဲကို Junction Square ၌ နိုဝင်ဘာလ ၂၆ ရက်နှင့် ၂၇ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း Jovago Online Hotel Service ကုမ္ပဏီထံမှ သိရသည်။

"တစ်နှစ်တာလုံးအနေနဲ့ အကြီးဆုံးပရိုမိုးရှင်းပွဲကို လုပ်မှာဖြစ်တယ်။ ဒီပွဲမှာ နာမည်ကြီးဟိုတယ်တွေလည်းပါဝင်မှာဖြစ်တဲ့အတွက် ဟိုတယ်လုပ်ငန်းနဲ့ ဆက်နွှယ်တဲ့ စီးပွားရေးလုပ်ကွက်၊ ရင်းနှီးမြှုပ်နှံမှု၊ သတင်းအချက်တွေပါ ရရှိနိုင်မှာပါ" ဟု Jovago Online Hotel Service ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၇ ခုနှစ် မတ်လအတွင်း ခရီးသွားလာမည့်သူများအတွက် ဟိုတယ်အခန်းများ ကြိုတင်ဘိုကင် ပြုလုပ်ထားနိုင်မည်ဖြစ်ပြီး ၆၀ ရာခိုင်နှုန်း အထူးလျှော့ဈေးဖြင့် တည်းခိုခွင့်ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

အဆိုပါပွဲတွင် ခရီးသွားလာမှု များပြားသည့် ချောင်းသာ၊ ငွေဆောင်၊ ပုဂံ၊ အင်းလေးဒေသများရှိ Jovago နှင့် ချိတ်ဆက်ထားသည့် Bagan River View Hotel, Ngwe Saung Yatch Club Hotel, Shwe Inn Thar Hotel, Hotel Ayeyarwaddy, Thazin Garden Hotel , Inle Garden Hotel, Sandy Paradise Hotel , Ocean Paradise Hotel , Floral Breeze Hotel , Razagyo Hotel နှင့် White Orchid တို့ ပါဝင်မည် ဖြစ်သည်။

"ပွဲကိုလာတဲ့သူ၊ အခန်းကြိုတင်ဘိုကင်တင်သူတွေကို ကံစမ်းမဲနှိုက်ခိုင်းမယ်။ ဆုမဲအဖြစ် ဟိုတယ်အခမဲ့တည်းခိုခွင့်လက်မှတ်၊ အခမဲ့ညစာစားသုံးခွင့်လက်မှတ်နဲ့ အခြားဆုမဲပေါင်းများစွာ ပေးအပ်မှာဖြစ်တယ်" ဟု Jovago Online Hotel Service ကုမ္ပဏီတာဝန်ရှိသူက ဆက်လက်ပြောဆိုသည်။

ပရိုမိုးရှင်းပွဲသို့လာရောက်၍ ဘိုကင်ယူသူများသာ အကျုံးဝင်မည်ဖြစ်ပြီး ကြိုတင်ငွေပေးချေရန်မလိုကြောင်း၊ ယင်းနေ့တွင် သွားလိုသည့်ဒေသ၊ သွားလိုသည့်ရက်နှင့် တည်းခိုလိုသည့်ဟိုတယ်များကို ကြိုတင်ဘိုကင် ပြုလုပ်ထားရမည်ဖြစ်ကြောင်း Jovago Online Hotel Service ကုမ္ပဏီထံမှ သိရသည်။ ■



ဓာတ်ပုံ - The Voice

# တင်ပြဆွေးနွေးနည်းနှင့် စီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးရေး MLMI က အခမဲ့လက်တွေ့သင်တန်းပေး

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

တင်ပြဆွေးနွေးခြင်းစွမ်းရည် တိုးတက်ရေးနှင့် စီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးရေး သင်တန်းသားဟောင်းများကို နိုဝင်ဘာလ ၂၀ရက်က ရန်ကုန်မြို့လှိုင်တက္ကသိုလ်နယ်မြေ Conference Hall တွင် အခမဲ့ လက်တွေ့သင်တန်းပေးခဲ့ကြောင်း Myanmar Leadership & Management Institute (MLMI) ကျောင်းအုပ်ကြီး ပါမောက္ခ ဦးအေးကျော်က ပြောကြားသည်။

ဇန်နဝါရီလမှ မတ်လအထိ ဖွင့်လှစ်ခဲ့သည့် ကြီးကြပ်ရေးမှူးများအတွက် စီမံခန့်ခွဲမှုစွမ်းရည်သင်တန်းနှင့် ဧပြီလမှ ဇွန်လအထိဖွင့်လှစ်ခဲ့သည့်မန်နေဂျာများအတွက် စီမံခန့်ခွဲမှုစွမ်းရည်သင်တန်း အပိုင်းသုံးပိုင်း ပြီးစီးသည်အထိ တက်ရောက်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူ ၅၅ ဦးကို နံနက်ပိုင်းတွင် တင်ပြဆွေးနွေးခြင်းဆိုင်ရာများ စာတွေ့၊ လက်တွေ့သင်ကြားခဲ့ခြင်းဖြစ်ကြောင်း MLMI ထံမှ သိရှိရသည်။

"သင်တန်းကို တစိုက်မတ်မတ် တက်ခဲ့တဲ့အတွက် သူတို့ကို ဒီလိုပြန်သင်ကြားပေးဖို့ထိုက်တဲ့အတွက် ထပ်ပြီးသင်ပေးတာပါ။ သူတို့က ဇွဲတော်တော်ပြတယ်။ မော်လမြိုင်၊ နေပြည်တော်၊ ပြည်၊ မကွေး၊ ပုသိမ်ကလာတက်တဲ့သူတွေပါတယ်။ ရန်ကုန်လာတက်ရတာ ခရီးစရိတ်လည်းကုန်တယ်။ ဒီလို လိုလိုလားလားရှိတဲ့အတွက် သင်ပေးတာပါ" ဟု ပါမောက္ခ ဦးအေးကျော်က ပြောကြားသည်။

နေ့လယ်ပိုင်းတွင် အထွေထွေမန်နေဂျာများအတွက် စီမံခန့်ခွဲမှုစွမ်းရည်သင်တန်းအပိုင်းသုံးပိုင်းပြီးစီးသည်အထိ တက်ရောက်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူ ၇၀ခန့်ကို စီမံခန့်ခွဲမှုစွမ်းရည် ဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေးမှု(Management Skill Development Workshop) ပြုလုပ်ခဲ့ပြီး သင်တန်းတွင် သင်ကြားသည်များကို လက်တွေ့ပြန်လည်ပြုလုပ်စေခဲ့ကြောင်း MLMI ထံမှ သိရှိရသည်။ ■


**TRADEMARK CAUTION**

**FMTM Distribution Ltd.**, a company incorporated in Isle of Man, having its office at **3A and 3B Isle of Man Freeport, Ballasalla, Isle of Man IM9 2AP, Isle of Man** is the Owner and Sole Proprietor of the following trademark :-

VEGAS

**(Reg. 4 / 1487/ 2016)**

This trademark is used in respect of the following description of goods /services:

"Precious metals; precious metal alloys; horological instruments, watches; chronometric instruments; chronographs (watches), chronometers, apparatus for sports timing (stopwatches); clocks; bracelets and watches combined; movements for watches and clocks; component for watches and clocks; straps for watches; watch bracelets; buckles for watchstraps; watch crowns; watch cases (components); watch cases (fitted), watch springs, dials (clock- and watchmaking), hands for clocks and watches, watch glasses; parts and fittings for timepieces; cases for watches and clocks; cases for the display of timepieces (presentation); watch boxes; clock boxes; caskets for timepieces of precious metal; precious stones; semi-precious stones; imitation precious stones; diamonds; cameo jewellery; jewellery; jewellery articles; jewellery ornaments; semi-precious articles of bijouterie; fashion jewellery; jewellery cases [caskets]; jewellery boxes; jewel cases of precious metal; cases for the display of jewellery (presentation); tie-pins; cuff links; key fobs; boxes for cufflinks; boxes for tie-pins; boxes for key fobs (caskets); presentation boxes and transportation cases for timepieces; presentation cases and transportation cases for jewellery; presentation cases and transportation cases for cufflinks, tie-pins and keyfobs in Class 14"

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to law.

**For FMTM Distribution Ltd.**
Daw Khin Khin Zaw, LL.B, LL.M, Advocate
**LawPlus Myanmar Ltd.**
Room 517, Yangon International Hotel, No. 330, Corner of Ahlone and Pyay Roads,
Dagon Township,Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833 Dated: 21st November 2016

# ယခုနှစ် ဆန်သစ်များ အရည်အသွေးကောင်းဟုဆို

ရန်ကုန်၊ နိုဝင်ဘာ ၂၀

ဒေသအများစုတွင် ထွက်ပေါ်နေပြီဖြစ်သော ဆန်သစ်များ၏ အရည်အသွေးသည် ယခင်နှစ်များကထက် ကောင်းမွန်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းထံမှ သိရသည်။

စိုက်ပျိုးမှုအပြင် ထုတ်လုပ်မှုပိုင်းတွင်ပါ စနစ်ကျလာသည့်အတွက် စပါးအလေအလွင့်မှာလည်း နည်းပါးကြောင်း ယင်းအသင်းဝင် လယ်သမားအချို့ထံမှ သိရသည်။

"Dryer (အခြောက်ခံစက်) တွေလည်း နှစ်ခါလောက်သုံးတာဆိုတော့ ပိုကောင်းလာတာပေါ့" ဟု ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူတစ်ဦးက ပြောဆိုသည်။

ဆန်အရည်အသွေး ကောင်းမွန်သော်လည်း အရောင်းအဝယ်မကောင်းခြင်းကြောင့် ဆန်သစ်ဈေးနှုန်းများ ကျဆင်းလျက်ရှိပြီး စပါးဈေးနှုန်းမှာလည်း ယခင်နှစ်ကထက် ကျဆင်းခြင်းကြောင့် လယ်သမားများအတွက် ထိခိုက်နစ်နာမှုများဖြစ်ပေါ်လျက်ရှိသည်။

လတ်တလာ စပါးထွက်ရှိမှုသည် ဆန်ချောအဓိကထွက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးဘက်မှ အနည်းငယ်သာထွက်သေးပြီး နိုဝင်ဘာလကုန်နှင့် ဒီဇင်ဘာလဆန်းပိုင်းမှသာ တစ်နိုင်ငံလုံးတွင် လှိုင်လှိုင်ထွက်ရှိလာမည်ဖြစ်ကြောင်း လယ်သမားများထံမှ သိရသည်။ ■

# စားသောက်ဆိုင်များတွင် တောကောင်သားဟင်းလျာ ရှောင်တခင်စစ်ဆေးမည်

ရန်ကုန်၊ နိုဝင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးကို တိုးမြှင့်ဆောင်ရွက်ရန် 'ဤဆိုင်တွင် တောကောင်သားဟင်းလျာ မရောင်းပါ' စာသားပါရှိသည့် စတစ်ကာကပ် လှုပ်ရှားမှု ပညာပေးကာလပြီးနောက် စားသောက်ဆိုင်များတွင် ရောင်းချနေခြင်းရှိမရှိကို ရှောင်တခင်စစ်ဆေးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောကြားသည်။

"တောရိုင်းတိရစ္ဆာန်တွေကို ရောင်းချနေတဲ့ဈေးကွက်ကို စပိတ်လိုက်တာပေါ့" ဟု ၎င်းကဆိုသည်။

တောရိုင်းတိရစ္ဆာန်များကို တရားမဝင် ဖမ်းဆီးသတ်ဖြတ်ကာ ဟင်းလျာအဖြစ် ချက်ပြုတ်ရောင်းချနေခြင်းနှင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချနေခြင်းတို့ကြောင့် တောရိုင်းတိရစ္ဆာန်များမှာ ရှားပါးမျိုးသုဉ်းလာကြောင်း၊ ယင်းကြောင့် ထိန်းသိမ်းရေးလှုပ်ရှားမှုတစ်ခုအဖြစ် စားသောက်ဆိုင်များတွင် စတစ်ကာကပ်လှုပ်ရှားမှုကို လာမည့်ဒီဇင်ဘာလအတွင်း စတင်မည်ဖြစ်ပြီး ပထမသတိပေးအဆင့် ပြီးနောက်တွင်မူ ဝင်ရောက်စစ်ဆေးကာ တွေ့ရှိပါက ဥပဒေအရ ထိရောက်စွာအရေးယူမည် ဖြစ်ကြောင်း ဦးခင်မောင်ဝင်းက ပြောဆိုသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တောကောင်ဟင်းလျာသား ရောင်းချမှုမှာ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ထက် နည်းပါးသော်လည်း တောဝက်သား၊ ချေသားနှင့် ဆတ်သားစသည်တို့ကို ဟင်းလျာအဖြစ် ရောင်းချနေသည်ကို တွေ့ရှိရသည့်အတွက် ကာကွယ်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

အဆိုပါလှုပ်ရှားမှုအစီအစဉ်ကို တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး စည်ပင်သာယာရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနထံမှ သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် တောရိုင်းတိရစ္ဆာန်များအပြင် ကမ္ဘာ့နိုင်ငံအသီးသီးက ဆောင်းခိုရန် လာရောက်သည့် ငှက်မျိုးစုံကိုလည်း ဖမ်းဆီးသတ်ဖြတ် ရောင်းချနေခြင်းတို့ကြောင့် ရှားပါးမျိုးစိတ်များ မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့်အတွက် ကာကွယ်ထိန်းသိမ်းရန် လိုအပ်ကြောင်း ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးပညာရှင်များက သုံးသပ်ပြောကြားသည်။ ■

# မဟာရန်ကုန် ဖွံ့ဖြိုးရေးစီမံကိန်း ပြင်ဆင်ရေးဆွဲ

ရန်ကုန်၊ နိုဝင်ဘာ ၂၀


ဓာတ်ပုံ - The Voice

မြို့သစ်ဖော်ဆောင်ခြင်း အပါအဝင် ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးဆွဲထားသော ၂၀၄၀ မဟာရန်ကုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ပြန်လည်ပြင်ဆင် ရေးဆွဲလျက်ရှိကြောင်း ယင်းစီမံကိန်းရေးဆွဲသည့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ သိရသည်။

"အရင်ကပုံစံနဲ့ အခုပုံစံက ကွာသွားတယ်။ ပြီးတော့ အခုကယာဉ်ကြောကျပ်တည်းမှုတွေလည်း များလာတယ်လေ။ ဒါကြောင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ခေတ်နဲ့ညီအောင် ပြန်ပြင်ဆင်ဆွဲပေးပါဆိုလို့ပါ" ဟု JICA ၏ မြန်မာနိုင်ငံအကြီးအကဲ Mr.Keiichiro Nakazawa က ပြောဆိုသည်။

ယင်းစီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့သစ်များ ချဲ့ထွင်တည်ဆောက်ခြင်း၊ မြို့ပတ်လမ်းများတည်ဆောက်ခြင်း၊ အခြေခံအဆောက်အဦ တည်ဆောက်ခြင်းတို့ ပါဝင်သည်။

"ဒီစီမံကိန်းက သိပ်ပွင့်လင်းမြင်သာမှု မရှိဘူးဗျ။ မြို့သစ်ချဲ့တဲ့နေရာမှာလည်း အရှေ့မြောက်ပိုင်းကို မဖြစ်မနေဦးစားပေးလုပ်တာတွေက မဖြစ်သင့်ဘူး" ဟု မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ပညာရှင် ဦးမြင့်ဆွေကဆိုသည်။

အဆိုပါစီမံကိန်းအတွင်း ရေးဆွဲထားသည့် မြို့သစ်တိုးချဲ့မှုများတွင် အိမ်ရာမဲ့များအတွက်လည်းပါဝင်သင့်ပြီး ခေတ်နှင့်လျော်ညီစေရန် ပြင်ဆင်ရေးဆွဲခြင်းသည် ကောင်းမွန်သည့်လုပ်ရပ်ဖြစ်သော်လည်း ပွင့်လင်းမြင်သာမှုရှိရှိ ချပြစေလိုကြောင်း ၎င်းကမှတ်ချက်ပြုသည်။

၂၀၄၀ မဟာရန်ကုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို JICA က ၂၀၁၂ ခုနှစ်အတွင်းက ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ■

# မြန်မာ-မလေးရှား စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမည်

ရန်ကုန်၊ နိုဝင်ဘာ ၂၀

မလေးရှားနိုင်ငံမှ FMM-MATRADE Export Acceleration Mission ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် လာရောက်တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ထံမှ သိရသည်။

ယင်းကိုယ်စားလှယ်အဖွဲ့သည် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ရေဆိုးသန့်စင်ရေးလုပ်ငန်းများ၊ Effective Portable Water နှင့် သက်ဆိုင်သော လုပ်ငန်းများ၊ Solar Energy Application နှင့် သက်ဆိုင်သော လုပ်ငန်းများနှင့်စပ်လျဉ်း၍ လာရောက်ဆွေးနွေးမည်ဖြစ်ပြီး ယင်းတွေ့ဆုံပွဲကို လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ်တွင် ပြုလုပ်မည်ဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။ ■

**TRADEMARK CAUTION**

**FMTM Distribution Ltd.**, a company incorporated in Isle of Man, having its office at **3A and 3B Isle of Man Freeport, Ballasalla, Isle of Man IM9 2AP, Isle of Man** is the Owner and Sole Proprietor of the following trademark :-

**CRAZY HOURS**

**(Reg. 4 / 1491/ 2016)**

This trademark is used in respect of the following description of goods /services:

"Precious metals and their alloys and goods made of or coated with these materials not included in other classes; horological instruments, namely watches, wrist watches and clocks; chronometric instruments, namely chronographs (watches), chronometers, apparatus for sports timing (stopwatches); straps for wristwatches, watch cases (fitted), movements for clocks and watches, watch springs, watch casings, faces for watches, dials (clock- and watchmaking), hands for clocks and watches, watch glasses; parts and fittings for timepieces; caskets and cases for timepieces; presentation boxes and cases for the display of timepieces; precious stones and semi-precious stones; diamonds; cameo jewellery; jewellery; semi-precious articles of bijouterie; jewellery items and ornaments; caskets and cases for jewellery; presentation boxes and cases for the display of jewellery and articles of bijouterie; cases of precious metal for jewellery and timepieces; jewellery boxes of precious metal; cases adapted for containing and transporting watches and jewellery; key fobs of precious metal; tie pins; cuff links in Class 14"

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to law.

**For FMTM Distribution Ltd.**
Daw Khin Khin Zaw, LL.B, LL.M, Advocate
**LawPlus Myanmar Ltd.**
Room 517, Yangon International Hotel, No. 330, Corner of Ahlone and Pyay Roads,
Dagon Township, Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833

Dated: 21st November 2016

# မန္တလေးသိမ်းဆည်းမြေ ၁ ရာခိုင်နှုန်းခန့် မူလပိုင်ရှင်ထံ ပြန်ပေးပြီးဟုဆို

**မန္တလေး၊ နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းအတွင်း စီမံကိန်းများ လုပ်ဆောင်ရန်အတွက်ဟုဆိုကာ ဒေသခံများပိုင်ဆိုင်သည့် မြေယာများကို သိမ်းယူခဲ့ရာ ဧကလေးသောင်း နီးပါးအနက် ၄၀၀ ခန့်ကို မူလပိုင်ရှင်ထံ ပြန်ပေးပြီးဖြစ်ကြောင်း ယင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက ပြောကြားသည်။

ယခင်အစိုးရလက်ထက်က မြေလွတ်မြေရိုင်းဟုဆိုကာ လုပ်ငန်းရှင်များအား ချထားပေးခဲ့ပြီး စီမံကိန်းအထောင်အထည်မဖော်ခြင်းကြောင့် မူလမြေပိုင်ရှင်များက ပြန်လည်တောင်းဆိုခြင်း၊ ထွန်တုံးတိုက်ပွဲများပြုလုပ်၍ မြေယာပြန်လည်ရရန် လုပ်ဆောင်နေခြင်းတို့နှင့်ပတ်သက်၍ ၎င်းကအထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

အစိုးရသစ်တက်လာပြီးနောက် မေလ ၅ ရက်နေ့ကစတင်ကာ ဒုတိယသမ္မတ ၂ ဦးဆောင်သော မြေယာအထူးစုံစမ်းစစ်ဆေးရေးအဖွဲ့က ပြန်လည်စိစစ်ခဲ့ပြီးနောက် မူလမြေပိုင်ရှင်များထံ ဧက ၄၀၀ ခန့် ပြန်လည်ချပေးခဲ့ခြင်းလည်းဖြစ်သည်။

"ဧကသုံးသောင်းရှစ်ထောင်လောက် ကျန်နေသေးတယ်။ ဒါတွေကို ပထမတစ်ကျော့စစ်ပြီးပြီ။ အခုလည်း ဧကသုံးသောင်းလောက်ကို ထပ်ပြီး စိစစ်နေတာမှာ ၃၀၀၀ လောက်တော့ပြီးနေပြီ။ သိမ်းဆည်းခံရမှုတွေကတော့ မန္တလေးတိုင်းမပြောနဲ့ တစ်နိုင်ငံလုံးမှာ အများကြီးရှိနေတာ" ဟု ဒေါက်တာစိုးသန်းက ရှင်းပြသည်။

အဆိုပါမြေလွတ်မြေရိုင်းများကို စစ်ဆေးပြီး ဗဟိုအစိုးရသို့ တင်ပြရကြောင်း၊ ဗဟိုအစိုးရမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းကာ အမှန်တကယ်အသုံးပြုပြီးသည့်နောက် ပိုလျှံမြေများကို မည်သည့်ပုံစံဖြင့် ပြန်ပေးမည်ကို ညှိနှိုင်းရကြောင်း၊ ဝန်ကြီးဌာနက စွန့်လွှတ်ပြီးပါက ပြည်ထဲရေးဌာနသို့ပေးပို့ရကြောင်း၊ ယင်းနောက် အဆိုပါမြေယာအား နိုင်ငံပိုင်မြေအဖြစ်ကြေညာကာ ပြန်လည်ခွဲဝေပေးရကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

"တိုင်စာတွေက အများကြီးဆိုတော့ အတိအကျမပြောနိုင်ဘူး။ စီမံကိန်းအတွက်ချပေးတာကို အကွက်ရိုက်ရောင်းတာတွေလည်းရှိတယ်၊ ဒီမြေယာကိစ္စတွေကို နှစ်လအတွင်းအပြီးလုပ်ရမယ်ဆိုပေမယ့် ပရိုစီဂျာအရ မဖြစ်နိုင်ဘူး" ဟု ဒေါက်တာစိုးသန်းက ထပ်မံပြောဆိုသည်။

မြေလွတ်မြေရိုင်းများပေါ်တွင် စီမံကိန်းများအကောင်အထည်မဖော်သောကြောင့် အစိုးရသစ်၏ လက်ရှိကာလအတွင်း မန္တလေးတိုင်းတွင် မူလမြေပိုင်ရှင်များက ထွန်တုံးတိုက်ပွဲပြုလုပ်မှု ၂၈ ကြိမ်ရှိခဲ့ပြီး တောင်သူများနှင့် လယ်သမားအရေးလှုပ်ရှားသူများအား ဖမ်းဆီးခဲ့ကြောင်း ဒေသခံတောင်သူများနှင့် လယ်သမားအရေး လှုပ်ရှားနေသူများထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ပြန်လည်ခွဲဝေထားသည့် လယ်မြေများအနက် မတ္တရာမြို့နယ်တွင် ၂၀၈ ဧက၊ ပြင်ဦးလွင် မြို့နယ်အတွင်း ၁၉၉ ဧကတို့ဖြစ်ကြောင်း ယင်းအစိုးရအဖွဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မှတ်တမ်းများအရ သိရသည်။ ■



ဓာတ်ပုံ-မြတ်မင်း

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) က ပြုပြင်နေသော နန်းမြို့ရိုးပေါ်ရှိပြာသာဒ်ကို တွေ့ရစဉ်

# မြနန်းစံကျော်ရွှေနန်းတော် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဒီဇင်ဘာလတွင်ပြီးမည်

**မန္တလေး၊ နိုဝင်ဘာ ၂၀**

မြနန်းစံကျော်ရွှေနန်းတော် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ လက်ရှိတွင် ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်၍ ဒီဇင်ဘာလအတွင်း အပြီးလုပ်ဆောင်မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန (မန္တလေးဌာနခွဲ) ထံမှ သိရသည်။

ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအနက် နန်းတော်အတွင်းရှိလက်ဝဲပွဲတက်ဆောင်နှင့် လက်ယာပွဲတက်ဆောင်တို့၏ ကြမ်းခင်းများကို အသစ်ပြန်လည်ခင်းခြင်း၊ နန်းဆောင်များရှိ ဆွေးမြည့်ပျက်စီးနေသည့်နေရာများ၊ အရောင်မှိန်နေသည့်နေရာများကို ပြုပြင်ခြင်း၊ ဆေးအရောင်တင်ခြင်းလုပ်ငန်းများ၊ ခြံဝင်းပြန်လည်ပြုပြင်ခြင်းနှင့် ဆေးပြန်သုတ်ခြင်းလုပ်ငန်းများ ပါဝင်ကြောင်း ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောကြားသည်။

"သက်တမ်းကြာမြင့်လာတဲ့အတွက် ကြမ်းခင်းတွေက အက်ကြောင်းတွေလိုက်လာတာပေါ့။ တံစက်မြိတ်က ရေတွေကြောင့်လည်း ပျက်စီးတာပေါ့" ဟု ဦးညိုမြင့်ထွန်းက ရှင်းပြသည်။

အဆိုပါလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်းလေးရာ အကုန်အကျခံ ပြုပြင်နေခြင်းဖြစ်ရာ အောက်တိုဘာလ အတွင်းကတည်းက စတင်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ နန်းတော်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများသာမက ပေါက်နေသည့် နန်းမြို့ရိုးများကိုလည်း ပြုပြင်ဖာထေးခြင်း၊ နန်းမြို့ရိုးပေါ်ရှိ ပြာသဒ်အမှတ် ၃ နှင့် ၄ ကို ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများအတွက် ကျပ် ၃၇၅ သိန်းအကုန်အကျခံ ပြင်ဆင်နေကြောင်း၊ လုပ်ငန်းအားလုံးကို ဒီဇင်ဘာလအတွင်း အပြီးလုပ်ဆောင်မည် ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေး ဌာနခွဲ) ထံမှ သိရသည်။ ■

## NEWS IN BRIEF

### ဟံသာဝတီဦးဝင်းတင်၏ စနေစာပေဝိုင်းအမှတ်တရ စာတမ်းဖတ်ပွဲ လစဉ်ပြုလုပ်မည်

**မန္တလေး၊ နိုဝင်ဘာ ၂၀**

မန္တလေးမြို့တော်အခြေစိုက် ထုတ်ဝေခဲ့သည့် ဟံသာဝတီသတင်းစာတွင် အယ်ဒီတာချုပ်အဖြစ်တာဝန်ယူရင်း စနေစာပေဝိုင်းကို စတင်ခဲ့သူ သတင်းစာဆရာ ဟံသာဝတီဦးဝင်းတင်အမှတ်တရ စာတမ်းဖတ်ခြင်းအခမ်းအနားကို မန္တလေးမြို့တော်နှင့် ရန်ကုန်မြို့တော်တို့တွင် လစဉ် ၂၁ ရက်နေ့တိုင်း ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါအခမ်းအနား ဖြစ်မြောက်ရေး စီစဉ်သည့် မန္တလေးမြို့ခံ စာရေးဆရာများထံမှ သိရသည်။

လစဉ် ၂၁ ရက်နေ့ကို ရွေးချယ်ရခြင်းမှာ သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် ကွယ်လွန်သည့်ရက်ဖြစ်ပြီး မန္တလေးနှင့် ရန်ကုန်၌ လစဉ်အလှည့်ကျ ပြုလုပ်ခဲ့သည့် စာတမ်းများကို စာအုပ်အဖြစ်ပုံနှိပ်ထုတ်ဝေရန်လည်း စီစဉ်ထားကြောင်း အဆိုပါစာတမ်းဖတ်ပွဲဖြစ်မြောက်ရေးအဖွဲ့ဝင် စာရေးဆရာညီပုလေးက ပြောကြားသည်။

စာတမ်းဖတ်ပွဲကို အထက်မြန်မာပြည်ဒေသများဖြစ်သည့် မုံရွာ၊ ပြင်ဦးလွင်နှင့်အခြားမြို့များတွင် ပြုလုပ်လိုပါက စီစဉ်ပေးမည်ဖြစ်ပြီး ပထမဆုံးအကြိမ်အဖြစ် မန္တလေးမြို့တော် Community Center ၌ နိုဝင်ဘာလ ၂၁ ရက်နေ့ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ပြုလုပ်မည်ဖြစ်ရာ အဆိုပါစာတမ်းဖတ်ပွဲကို ကဗျာဆရာမောင်နွေထက်နှင့် အငြိမ်းစားမြန်မာစာပါမောက္ခ ဒေါက်တာမောင်မောင်လေးတို့က ဖတ်ကြားကြမည်ဖြစ်ကြောင်း ဦးဆောင်စီစဉ်သူများထံမှ သိရသည်။

### အင်္ဂလိပ်ဖောင်းကြွ နံပါတ်မပြောင်းသည့် မော်တော်ယာဉ်များကို ၂၀၁၇ နှစ်ဆန်းကစ၍ အရေးယူမည်

**မန္တလေး၊ နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း မြန်မာအက္ခရာမှ အင်္ဂလိပ်ဖောင်းကြွနံပါတ်သို့ မပြောင်းလဲရသေးသည့် မော်တော်ယာဉ်များ ကျန်ရှိနေသေးရာ ယင်းယာဉ်ပိုင်ရှင်များကို ၂၀၁၇ ခုနှစ် ဇန်နဝါရီကစ၍ အရေးယူမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

၂၀၁၄ ခုနှစ်ကစ၍ မြန်မာအက္ခရာမှ အင်္ဂလိပ်ဖောင်းကြွနံပါတ်သို့ ပြောင်းလဲရန်အကြိမ်ကြိမ် အသိပေးနှိုးဆော်ခဲ့ပြီးဖြစ်၍ သက်တမ်းကုန်ဆုံးမည့် ယခုနှစ် ဒီဇင်ဘာလကုန်အထိ ပြောင်းလဲခြင်းမပြုလုပ်ပါက ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ ထောင်ဒဏ်သုံးလ (သို့မဟုတ်) ငွေဒဏ်ကျပ်ငါးသောင်း (သို့မဟုတ်) ပြစ်ဒဏ်နှစ်ရပ်လုံးကျခံနိုင်သည့် အရေးယူမှုများ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးနေလင်းက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးတွင် မြန်မာအက္ခရာမှ အင်္ဂလိပ်ဖောင်းကြွနံပါတ်သို့ မပြောင်းလဲသေးသည့် ပုဂ္ဂလိကမော်တော်ယာဉ် ၃၂၉၆ စီးနှင့် ဌာနဆိုင်ရာမော်တော်ယာဉ် ၂၄၀ စီး ကျန်ရှိနေသေးကြောင်း ယင်းဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

### ကံတက်ကုန်း မစိုးရိမ်ဘုန်းတော်ကြီးသင်ကျောင်း၌ အမျိုးသားနေ့ စာပေဟောပြောပွဲကျင်းပမည်

**မန္တလေး၊ နိုဝင်ဘာ ၂၀**

မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် မစိုးရိမ်ကံတက်ကုန်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ၉၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ စာပေဟောပြောပွဲနှင့် ဂီတဖျော်ဖြေပွဲကို နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း ယင်းဘုန်းတော်ကြီးကျောင်း အမှုဆောင်တစ်ဦးဖြစ်သည့် ဦးငြိမ်းချမ်းက ပြောကြားသည်။

အမျိုးသားနေ့အောင်ပွဲအကြို စာပေဟောပြောပွဲကို နိုဝင်ဘာလ ၂၀ ရက်နေ့ မွန်းလွဲပိုင်းက ယင်းကျောင်း၌ ပြုလုပ်ခဲ့ရာ ဦးရွှေထူး (နိုင်ငံရေးအကျဉ်းသားဟောင်း) က ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်က ပေးအပ်ခဲ့သော သမိုင်းဆိုင်ရာအကျိုးဆက်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာဆရာမောင်နန်းဝေ (ဗန်းမော်) က ခွပ်ဒေါင်းတေးသံ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ မင်းထက်ငြိမ်းချမ်းက အမျိုးသားနေ့ ပေါ်ပေါက်လာပုံ အကျဉ်းနှင့် အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့သည်။ ■

# ဗီဇာသက်တမ်းကျော် တရုတ်လင်မယားနှစ်ဦး တရားစွဲရန်ပြင်ဆင်နေစဉ် တိမ်းရှောင်

**မန္တလေး၊ နိုဝင်ဘာ ၂၀**

မန္တလေးမြို့တော်သို့ လာရောက်နေထိုင်ပြီး ဗီဇာသက်တမ်းကျော်နေသည့် တရုတ်နိုင်ငံသားလင်မယားနှစ်ဦးကို လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက တရားစွဲဆိုနိုင်ရေးပြင်ဆင်နေစဉ် အဆိုပါ လင်မယားနှစ်ဦးသည် တရုတ်နိုင်ငံသို့ ထွက်ပြေးသွားကြောင်း ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနထံမှ သိရသည်။

ချမ်းအေးသာစံမြို့နယ်အတွင်း၌ တည်းခိုနေထိုင်ခဲ့သည့် တရုတ်နိုင်ငံသား Mr. Gao Chong နှင့် ၎င်း၏ဇနီး Mrs. Wang Jianying တို့သည် စက်တင်ဘာလအတွင်းထိသာ နေထိုင်ခွင့်ရှိသော်လည်း နိုဝင်ဘာဒုတိယပတ်ကုန်ဆုံးသည်အထိ နေထိုင်လျက်ရှိကြောင်း ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ဒေသခံများ၏ တိုင်ကြားချက်အရ စစ်ဆေးပေါ်ပေါက်ခဲ့သည့်အတွက် လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေအရ အရေးယူရန် ဆောင်ရွက်နေစဉ် ထွက်ပြေးတိမ်းရှောင်သွားခဲ့ခြင်းဖြစ်ကြောင်း ယင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

"သူတို့နှစ်ရောက်ရဲ့နိုင်ငံကူး လက်မှတ်တွေကို သိမ်းထားတယ်၊ အဲဒီရက်ပိုင်းတုန်းက ရုံးကလည်း သုံးရက်ဆက်တိုက် ပိတ်၊ တရုတ်နိုင်ငံသူကလည်း ကျန်းမာရေးမကောင်း တရုတ်ကုန်သည်ကြီးများအသင်းက အကြီးအကဲတစ်ယောက်က အာမခံပေးတာရောကြောင့် ရုံးတင်ဖို့ကြန့်ကြာသွားတဲ့ အချိန်မှာ ထွက်ပြေးသွားတာ။ စုံစမ်းသိရသလောက် သူတို့နှစ်ယောက်စလုံး တရုတ်နိုင်ငံကို ပြန်ရောက်နေတယ်လို့ သိထားပါတယ်" ဟု ၎င်းကရှင်းပြသည်။

Mr. Gao Chong နှင့် Mrs. Wang Jianying တို့သည် ဗီဇာသက်တမ်းကျော်လွန်နေထိုင်လျက်ရှိသည်ကို နိုဝင်ဘာလ ၄ ရက်နေ့က စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ပြီး၊ ယင်းတို့နှစ်ဦး ထွက်ပြေးတိမ်းရှောင်သွားသည်ကို နိုဝင်ဘာလ ၁၅ ရက်နေ့က သိရှိကာ ၁၆ ရက်နေ့တွင် တရုတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း ၎င်းတို့နှစ်ဦး၏ မိတ်ဆွေဖြစ်သူ တရုတ်နိုင်ငံသား Mr.Tan Man Hua က ပြောကြားသည်။

Mr. Gao Chong နှင့် Mrs. Wang Jianying တို့သည် ဗီဇာပါသတ်မှတ်နေထိုင်ခွင့်ထက် ကျော်လွန်နေထိုင်သည့်အတွက် ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ အရေးယူခံရမည်ဖြစ်သော်လည်း တရားရင်ဆိုင်ခြင်းမပြုဘဲ တရုတ်နိုင်ငံသို့ ပြန်လည်ထွက်ပြေး တိမ်းရှောင်သွားသည့်အတွက် တရုတ်သံရုံးမှတစ်ဆင့် ပြန်လည်ဆင့်ခေါ်ထားကြောင်း၊ လတ်တလောတွင် ၎င်းတို့နှစ်ဦးကို တရားခံပြေးများအဖြစ် သတ်မှတ်ထားကြောင်း ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့ထံမှလည်း သိရသည်။

အဆိုပါတရုတ်နိုင်ငံသား လင်မယားကို အင်တာနက်မှတစ်ဆင့် ဆက်သွယ်နေခဲ့သော်လည်း အကြောင်းကြားခြင်း မရှိသည့်အပြင် ဟိုတယ်တွင် ကျန်ခဲ့သည့်ပစ္စည်းများကို ပြန်လည်ထုတ်ယူပေးရန်ကူညီခဲ့သည့် Mr.Tan Man Hua ကို လူဝင်မှုကြီးကြပ်ရေး ချုပ်နှောင်ခြင်းနည်းဥပဒေအရ အမှတ် (၅) နယ်မြေရဲစခန်းတွင် ချုပ်နှောင်ထားကြောင်း၊ တရုတ်နိုင်ငံသားနှစ်ဦးကိုတည်းခိုခွင့်ပြုထားသည့် အိမ်ရှင်ဒေါ်စုစုလှိုင်ကိုလည်း နိုင်ငံခြားသားမှတ်ပုံတင်ရေး နည်းဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ချမ်းအေးသာစံမြို့နယ် လဝကရုံးထံမှ ထပ်မံသိရသည်။ ■

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် မြေယာပြဿနာများက အဟန့်အတားဖြစ်ဟုဆို

**မန္တလေး၊ နိုဝင်ဘာ ၂၀**

နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူများအတွက် မြေယာပြဿနာများက အဟန့်အတားတစ်ခုဖြစ်နေကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဆောက်လုပ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးဇာနည်အောင်က ပြောကြားသည်။

နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံလိုသူများအတွက် မြေနေရာမပေးနိုင်ခြင်း၊ လျှပ်စစ်ဓာတ်အားအလုံအလောက်မပေးနိုင်ခြင်း၊ ယခင်အစိုးရလက်ထက်က မြေလွတ်မြေရိုင်းဟုဆိုကာ လုပ်ငန်းရှင်များအား ချထားပေးခဲ့ခြင်းတို့ကြောင့် မူလမြေပိုင်ရှင်များက ပြန်လည် တောင်းဆိုခြင်း၊ ထွန်တုံးတိုက်ပွဲများပြုလုပ်နေခြင်းများနှင့် ပတ်သက်၍ ၎င်းကအထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

"ဒီတိုင်းပြည်မှာဖြစ်နေတဲ့ မြေဈေးဟာ ယုတ္တိမရှိတဲ့ မြေဈေးဖြစ်နေတယ်။ ဒါတွေကိုစနစ်တကျ ဖြေရှင်းဖို့လိုနေတယ်။ စီမံကိန်းအသီးသီးအတွက် မြေတွေသိမ်းပြီး Developer လို့အမည်ခံပြီး လုပ်နေတာလည်းရှိနေတယ်။ ဒါတွေကို အင်တိုက်အားတိုက် ဖြေရှင်းဖို့ပဲ အရင်လုပ်နေရတယ်" ဟု ဦးဇာနည်အောင်က ရှင်းပြသည်။

ပြည်တွင်း၌ ရေအားလျှပ်စစ်စီမံကိန်းများ ရှိနေသော်လည်း အများစုမှာ အစိုးရအဆက်ဆက်တွင် ဘတ်ဂျက်မလုံလောက်သဖြင့် ရပ်ဆိုင်းထားရကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဆောက်လုပ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနထံမှ သိရသည်။

"ရွှေလီရေအားလျှပ်စစ်စက်ရုံကလည်း ဆောက်နေတာ ဘတ်ဂျက်မရှိတော့ ၁၀ ရာခိုင်နှုန်းနဲ့ပဲရပ်ထားရတယ်။ အဲဒီအတွက် နိုင်ငံတကာက ရင်းနှီးမြှုပ်နှံချင်တယ်။ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ဒေါ်လာနှစ်ဘီလီယံလောက်ရှိမယ်" ဟု အဆိုပါဝန်ကြီးဌာနဝန်ကြီးက ထပ်လောင်းပြောကြားသည်။

အစိုးရသစ်ဖွဲ့စည်းပြီးချိန်က မြေဈေးနှုန်းများလျှော့ကျရေးနှင့် မြေယာပြဿနာများကို ဦးစားပေး ဖြေရှင်းမည်ဟု ကတိပြုထားခဲ့ပြီး မန္တလေး မြို့တော်ဝန် (စည်ပင်သာယာရေးဝန်ကြီး) ကလည်း မြေယာဈေးများ ထက်ဝက်လျှော့ကျစေရမည်ဟု ကတိပေးခဲ့ဖူးသည်။ ■




မန္တလေးနန်းတွင်းရှိ မြန်နန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်ကို အဆင့်မြှင့်တင်မှုများ ပြုလုပ်မည်ဖြစ်ရာ နိုဝင်ဘာလ ၂၁ ရက်မှစ၍ ခေတ္တပိတ်ထားမည်ဖြစ်ပြီး ပြင်ဆင်ချိန်ကာလမှာ သုံးလဝန်းကျင်ခန့် ကြာမြင့်မည်ဖြစ်၍ နိုဝင်ဘာလ ၂၀ ရက်နေ့က လာရောက်ကြည့်ရှုသူ ယခင်ထက်များပြားခဲ့သည်ကိုတွေ့ရစဉ်။

# မဟာအောင်မြေတွင် မီးပလပ်ခုံအပူလွန်ကဲရာမှ မီးလောင်မှုကြောင့် ကျပ် ၁၃ သိန်းကျော်ဖိုး ဆုံးရှုံး

**မန္တလေး၊ နိုဝင်ဘာ ၂၀**

မဟာအောင်မြေမြို့နယ် ၃၉ x ၄၀ လမ်းကြား ၊ အကွက်အမှတ် ၁၅၂ ၊ သရဲကျော်ရပ်၊ စိန်ပန်းရပ်ကွက်ရှိ အိမ်တစ်လုံးအတွင်း မီးပလပ်ခုံ အပူလွန်ကဲရာမှ နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းက မီးလောင်ခဲ့ရာ ကျပ် ၁၃ သိန်းကျော်ဖိုး ဆုံးရှုံးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနထံမှ သိရသည်။

ပေ ၂၀ x ၃၀ ပတ်လည် သွပ်မိုးထရံကာ မြေစိုက်နှစ်ထပ်အိမ်အောက်မီးဖိုခန်းမှ မီးပလပ်ခုံ အပူလွန်ကဲရာမှ နိုဝင်ဘာ ၂၀ ရက်နေ့ နံနက် ၇ နာရီ ၃၉ မိနစ်အချိန်တွင် မီးလောင်ကျွမ်းခဲ့ကြောင်း၊ အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် အိမ်နှစ်လုံးဆုံးရှုံးခဲ့ပြီး ၊ ဆုံးရှုံးမှု ပမာဏမှာ ကျပ် ၁,၃၅၀,၀၀၀ ခန့်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မီးလောင်ကျွမ်းမှုနေရာသို့ မီးသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် လေးစီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ ဦး တို့ဖြင့် မီးငြှိမ်းသတ်ခဲ့ရပြီး နံနက် ၇ နာရီ ၅၁ မိနစ်အချိန်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း ၎င်းက ရှင်းပြသည်။

အဆိုပါမီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ မီးစတင်လောင်ကျွမ်းခဲ့သောနေအိမ်မှ အိမ်ငှားနေထိုင်သည့် အသက် ၃၉ နှစ်အရွယ်ဒေါ်ခင်မမကိုမဟာအောင်မြေမြို့နယ် အမှတ် ၇ စခန်းက (ပ) ၄၁၇/၂၀၁၆ မီးပေါ့ဆမှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။ ■



# သပိတ်ကျင်းတွင် မော်တော်ယာဉ်တိမ်းမှောက်၊ ၁၄ ဦးသေဆုံးပြီး ၃၃ ဦးဒဏ်ရာရ

**သပိတ်ကျင်း၊ နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ၇ မိုင် ချမ်းသာကျေးရွာအုပ်စု ကျောက်ကြီးကျေးရွာအနီး ကျောက်ကွဲအဆင်း မိုင်တိုင်အမှတ် (၆/၇)နှင့် (၇/၀)ကြားတွင် အလုပ်သမားများ တင်ဆောင်လာသည့်မော်တော်ယာဉ်တစ်စီး နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက် ၁၀ နာရီခန့်က တိမ်းမှောက်ခဲ့ရာ ၁၄ ဦးသေဆုံးပြီး ၃၃ ဦးဒဏ်ရာရခဲ့ကြောင်း အဆိုပါကျေးရွာအနီးဒေသခံများက ပြောကြားသည်။

ဖြစ်စဉ်မှာ ဆက်သွယ်ရေးလုပ်ငန်း ဖိုက်ဘာကေဘယ်လ် လိုင်းကျင်းတူးရန် မန္တလေးမှ ဟိုပင်သို့ မော်တော်ယာဉ်သုံးစီးဖြင့် အလုပ်သမားများကို တင်ဆောင်ထွက်ခွာလာစဉ် ယင်းကျေးရွာအနီး အဆင်းတွင် တစ်စီးက အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း ယင်းမော်တော်ယာဉ်ပေါ်ပါ အလုပ်သမားများက ပြောဆိုသည်။

"လမ်းကြောင်းမသိ ကျွမ်းကျင်မှုမရှိလို့လဲပါပါတယ်။ ပြီးတော့ ဒီအဆင်းက ရှည်တယ်။ မတ်စောက်ပြီးတော့ ကွေ့ကတစ်ဆစ်ချိုးကွေ့ဆိုတော့ မော်တော်ယာဉ်တော်တော်များများ အဖြစ်များတဲ့နေရာပါ။ အကောင်းဆုံးက ဒီလမ်းကို အမြန်ဆုံး ပြုပြင်ဆောင်ရွက်သွားမယ် ဆိုရင်တော့ သေဆုံးမှုတွေ လျော့နည်းသွားလိမ့်မယ်ထင်ပါတယ်" ဟု တကောင်း- မန္တလေး ခရီးသည်တင်ယာဉ်ပြေးဆွဲနေသည့် ယာဉ်မောင်းတစ်ဦးက သုံးသပ်ပြောဆိုသည်။

ယင်းမော်တော်ယာဉ်ပေါ်ပါ အလုပ်သမားများသည် ပုပ္ပား၊ ကျောက်ပန်းတောင်း၊ နေပြည်တော်ရှိကျေးရွာများဘက်ကလာခြင်းဖြစ်ပြီး မော်တော်ယာဉ်တစ်စီးကို အလုပ်သမား၅၀ ခန့်နှင့် ကားသုံးစီး အလုပ်သမား ၁၅၀ခန့်ပါရှိကြောင်း အဆိုပါအလုပ်သမားများထံမှ သိရသည်။

"အခုဖြစ်သွားတဲ့ကားက အရှေ့ဆုံးက ဖြစ်သွားတဲ့ကားပါ။ ဆက်သွယ်ရေးလိုင်းကျင်းတူးဖို့ ဟိုပင်ကကုမ္ပဏီကို သွားရောက်လုပ်ကိုင်ကြမှာပါ" ဟု ၎င်းတို့က ဆိုသည်။

ယင်းကျေးရွာအနီးတွင် မော်တော်ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်လိုက်ပါစီးနင်းလာသူ ၄၇ ဦးအနက် ကလေးငယ်များအပါအဝင် ၁၄ ဦး သေဆုံးကာ ၃၃ ဦးဒဏ်ရာရရှိပြီး မန္တလေးဆေးရုံကြီးသို့ အရေးပေါ် ၁၆ ဦး လွှဲပြောင်းကုသလျက်ရှိကြောင်း သပိတ်ကျင်းမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

"လမ်းပြုပြင်ဖို့ လမ်းဦးစီးဌာန လမ်းအူကြောင်း ရှာထားပြီး တင်ပြထားတာရှိပါတယ်။ ဒီနှစ်ဘတ်ဂျက်မှာတော့ ပါလာမှာတော့ မဟုတ်သေးဘူးပေါ့နော်။ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်ရရှိဖို့ လမ်းပြုပြင်ဆောင်ရွက်သွားဖို့အစီအစဉ်ရှိပါတယ်" ဟု သပိတ်ကျင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက ဆိုသည်။

အဆင်းမတ်စောက်ရှည်လျားပြီး အန္တရာယ်အဖြစ်များသည့်နေရာ ဖြစ်သဖြင့် လမ်းဦးစီးဌာန ညွှန်ကြားစာပါ ဆိုင်းဘုတ်များ စိုက်ထူပေးထားသော်လည်း နယ်ဝေးမှလာရောက်သည့် မော်တော်ယာဉ်များသည် အမှတ်တမဲ့မောင်းနှင်လာတတ်ကြပြီး မော်တော်ယာဉ်တိမ်းမှောက်မှု အများဆုံး ကြုံတွေ့နိုင်သည့်အတွက် သတိထားမောင်းနှင်ရန်လိုကြောင်း သပိတ်ကျင်းမြို့နယ် မော်တော်ယာဉ်ကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးစိုးဆင့်က ပြောကြားသည်။

အဆိုပါလမ်းကို ၁၉၇၈ ခုနှစ်တွင် လမ်းအူကြောင်း ရှာဖွေဖောက်လုပ်အသုံးပြုခဲ့ပြီး မန္တလေး- ဗန်းမော်သွားကားလမ်းများတွင် ယင်းနေရာသည် မော်တော်ယာဉ်တိမ်းမှောက်သေဆုံးမှုများပြားပြီး နယ်မြေကြမ်းသည့်အတွက် ကျွမ်းကျင်ပညာရှင်များဖြင့် တိုင်ပင်ဆောင်ရွက်မှသာ ယာဉ်တိမ်းမှောက်မှုနည်းပါးပြီး သေဆုံးသူနည်းနိုင်ကြောင်း ၂၅ နှစ်ကျော် လမ်းဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားဝန်ထမ်းတစ်ဦးက သုံးသပ်ပြောဆိုသည်။

အဆိုပါမော်တော်ယာဉ် တိမ်းမှောက်မှုကို ယာဉ်မောင်းသူနှင့် တာဝန်ရှိသူများကို ခေါ်ယူစစ်ဆေးလျက်ရှိကြောင်း သပိတ်ကျင်းမြို့မရဲစခန်းထံမှ သိရသည်။

ယင်းကျေးရွာအနီး အဆင်းတွင် ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းကလည်း ကြံခုတ်သွားသည့် မော်တော်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ပြီး လူ ၂၁ ဦးသေဆုံးကာ အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ဖူးကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။ ■


**TRADEMARK CAUTION**

**FMTM Distribution Ltd.**, a company incorporated in Isle of Man, having its office at **3A and 3B Isle of Man Freeport, Ballasalla, Isle of Man IM9 2AP, Isle of Man** is the Owner and Sole Proprietor of the following trademark:-

**DOUBLE MYSTERY**

**(Reg. 4 / 1492/ 2016)**

This trademark is used in respect of the following description of goods /services:

"Precious metals and their alloys and goods made of or coated with these materials not included in other classes; horological instruments, namely watches, wrist watches; chronometric instruments, namely chronographs (watches), chronometers, apparatus for sports timing (stopwatches); straps for wristwatches, watch cases (fitted), movements for clocks and watches, watch springs, watch casings, faces for watches, dials (clock- and watchmaking), hands for clocks and watches, watch glasses, watch crowns and watch buckles; parts and fittings for timepieces; caskets and cases for timepieces; presentation boxes and cases for timepieces; precious stones and semi-precious stones; diamonds; cameo jewellery; jewellery; semi-precious articles of bijouterie; jewellery items and ornaments; caskets and cases for jewellery; presentation boxes and cases for jewellery and articles of bijouterie; cases of precious metal for jewellery and horological articles; jewellery boxes of precious metal; boxes of precious metal for cigars and cigarettes; cases of precious metal for cigars and cigarettes; ashtrays of precious metal; key fobs of precious metal; tie pins; cuff links; money clips of precious metal in Class 14"

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to law.

**For FMTM Distribution Ltd.**
Daw Khin Khin Zaw, LL.B, LL.M, Advocate
**LawPlus Myanmar Ltd.**
Room 517, Yangon International Hotel, No. 330, Corner of Ahlone and Pyay Roads,
Dagon Township,Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833

Dated: 21st November 2016


## ကုသိုလ်လမ်းညွှန်

ဒီနေ့တော့ The Voice စာဖတ်ပရိသတ်တွေအတွက် ကုသိုလ်ပြုဖို့ လမ်းညွှန်နေကျအတိုင်း ညွှန်ပေးချင်တာကတော့ ကျန်းမာရေးအလှူဒါနပြုနိုင်ဖို့ ပါ။ အသက် ၅၆ နှစ်ရှိတဲ့ ဒေါ်သီတာက နေမကောင်းဖြစ်ရာကနေ ဆေးခန်းသွား ပြရာ မသက်သာလို့ အသည်းကုသဆောင်မှာ ဆေးကုသခံနေရတာဖြစ်ပါတယ်။ ရောဂါက ဆိုးရွားလာတာမို့ ဆေးစစ်ကြည့်ရာ အသည်းကင်ဆာဝေဒနာကိုခံစားနေရတာဖြစ်ပါတယ်။ မိသားစုကလည်း ကြုံရာကျပန်းလုပ်ကိုင် စားသောက်နေရတာမို့ လတ်တလောမှာတော့ ဆေးဆက်လက်ကုသဖို့ အခက်အခဲကြုံတွေ့နေရတာဖြစ်ပါတယ်။ ကသာမြို့နယ်၊ အင်းရွာကနေ ဆေးလာရောက်ကုသခံနေရ တာဖြစ်ပြီး ကျန်းမာရေးအတွက် အလှူဒါနပြုချင်ရင်တော့ မန္တလေးမြို့ ခုတင် ၃၀၀ ဆေးရုံမှာ လှူဒါန်းနိုင်မှာဖြစ်ပါတယ်။ တစ်ဆင့် ဆက်သွယ်လှူဒါန်းချင်ရင် ကိုဝမ်း ဖုန်း ၀၉-၄၅၆၅၆၇၈၇၈ နဲ့ မောင်လူပျော် ဖုန်း ၀၉-၄၀၂၅၇၇၁၄၃ ကိုဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါတယ်။ ■



## စျေးဝယ်လမ်းညွှန်

### နေလောင်ထားတဲ့အသားအရေတွေအတွက် Sugar Scrub

အသားအရေနေလောင်ထားတဲ့သူတွေအတွက် အသုံးပြုနိုင်မယ့် ပစ္စည်းတစ်ခုကိုညွှန်းချင်တယ်။ အသားချော Sugar Scrub က အသားအရေ နေလောင် ပြီးပြီးချင်း အချိန် ၁၀ မိနစ်လောက်အသုံးပြုပြီးတာနဲ့ အသားအရေနီစပ်တာတွေကို အထူးသက်သာစေပြီး အသားအရေနေလောင်ထားတာတွေကို သိသိသာသာသက်သာစေမှာလို့ ရောင်းချသူကဆိုပါတယ်။ ဒါ့အပြင် ဆဲလ်အသေတွေ ဖယ်ရှားပေးတာမို့ အသားအရေကို နူးညံ့လာပြီး ချောမွေ့စေမှာဖြစ်ပြီး အသားအရေလျော့တိလျော့ရဲဖြစ်တဲ့သူတွေအတွက် အသားအရေ ကျစ်လျစ်လာမှာ ဖြစ်တယ်လို့ ရောင်းချသူကဆိုပါတယ်။ ရေချိုးဆပ်ပြာနဲ့ရောပြီး အသုံးပြုနိုင်သလို Sugar Scrub ချည်းပဲ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Sugar Scrub အသုံးပြုပြီးတာနဲ့ အေးတဲ့နေရာမှာ ထားဖို့လိုအပ်ပါတယ်။ ဂျပန်နိုင်ငံထုတ်ဖြစ်ပြီး 110 g ကို ၁၂၉၀၀ ကျပ်နဲ့ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ဝယ်ယူချင်တယ်ဆိုရင် ဖုန်း ၀၉-၇၉၁၀၁၀၃၆၉ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■




[illegible] (Gas)

[illegible]

Ph: 09-73225286, 09-5001497, 09-795001497

# ခရိုနီနှင့် သမ္မာအာဇီဝ

မိုးသု (မန္တလေး)



**မြန်မာ** နိုင်ငံမှာရှိတဲ့ ခရိုနီတွေပိုင်ဆိုင်နေတဲ့ ပိုင်ဆိုင်မှုတွေက ပြည်သူလူထုရဲ့မျက်ရည်စက်တွေ၊ သွေးတွေ ပေစွန်းနေတော့ ခရိုနီနဲ့အာဏာရှင်ကို ခွင့်လွှတ်ပေးဖို့ဆိုတာ အတော်ခက်ပါတယ်။ သို့သော်လည်း ဒေါ်အောင်ဆန်းစုကြည်က ခွင့်လွှတ်ပေးခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က ခွင့်လွှတ်ပေးတော့ဒေါ်အောင်ဆန်းစုကြည်ကို ယုံကြည်ကိုးစားကြတဲ့ ပြည်သူလူထုကလည်း ဒေါ်စုမျက်နှာထောက်ပြီး ငြိမ်ခံလိုက်ကြပါတော့တယ်။ စိတ်ထဲကတော့ ကျေနပ်ကြလိမ့်မယ်မထင်ပါဘူး။ မြန်မာနိုင်ငံလုပ်ငန်းရှင်ကြီးများနဲ့ ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံပွဲမှာ အတိတ်က ဘာပဲဖြစ်ခဲ့ပါစေ ပစ္စုပ္ပန်မှာ ကောင်းကောင်းနေပြီးရှေ့ဆက်ကြဖို့၊ ခရိုနီများရဲ့ပိုင်ဆိုင်မှုကို မထိပါးဘူးလို့ ဒေါ်အောင်ဆန်းစုကြည်က လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

ခရိုနီတွေဆိုတာ မိစ္ဆာကမ္မန္တ- ပစ္စည်းဥစ္စာကို မတော်မတရား ရှာဖွေထားကြတဲ့သူတွေပါ။ မိစ္ဆာဇီဝ- မတော်မတရားနည်းလမ်းတွေနဲ့ အသက်ရှင်သန်နေကြတဲ့သူတွေပါ။ ဒါကြောင့် ပြည်သူလူထုအများစုက ခရိုနီတွေရဲ့ပိုင်ဆိုင်မှုကို လက်ရှိအစိုးရက ပြန်သိမ်းဆည်းကြစေချင်ပါတယ်။ ပြန်လည်သိမ်းဆည်းပြီးတော့ နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းမှာ ပြန်လည်အသုံးပြုစေချင်ကြပါတယ်။ သို့သော်လည်း ဒေါ်အောင်ဆန်းစုကြည်က မလုပ်ခဲ့ပါဘူး။ ခရိုနီတွေရဲ့ဘဝကို ပြန်လည်ပြုပြင်ဖို့ အခွင့်အရေး ပေးလိုက်ပါတယ်။ ပြုပြင်တာ မပြုပြင်တာက သူတို့သဘောပါ။ အခွင့်အရေးပေးရမှာက ခေါင်းဆောင်ဖြစ်သူရဲ့တာဝန်ပါပဲ။

ကျေးဇူးတော်ရှင် ဘာသာဋီကာကျမ်းပြုအကျော် အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက ရတနာ့ဂုဏ်ရည်ကျမ်း စာမျက်နှာ-၂၅၇ မိစ္ဆာဇီဝအဖွင့်မှာ အောက်ပါအတိုင်း ရေးသားထားပါတယ်။

အချို့ကား နားမလည်ခင် မတရားပစ္စည်းရှာ၍ နားလည်သောအခါ ထိုပစ္စည်းဖြင့် စားသောက်နေထိုင်သောကြောင့် "မိမိ၏အသက်မွေးမှုသည် သမ္မာအာဇီဝဖြစ်လေသလား၊ မဖြစ်လေသလား" ဟု စဉ်းစားတတ်ကြပေသည်။

သမ္မာအာဇီဝသည်သုတ္တန်ပါဠိတော်၌လာသော သမ္မာအာဇီဝ၊ အဘိဓမ္မာပါဠိတော်၌လာသော သမ္မာအာဇီဝဟု နှစ်မျိုးရှိ၏။ ထိုတွင် တရားသဖြင့် ရအပ်သောပစ္စည်းများကို စားသောက်သုံးစွဲခြင်း၊ တရားလမ်းအတိုင်း ပစ္စည်းရှာဖွေခြင်းသည် သုတ္တန်သမ္မာအာဇီဝမည်၏။ မတရားသဖြင့် ပစ္စည်းရဖို့ အခွင့်အကြုံလာလျှင် ထိုပစ္စည်းရမည့်လုပ်ငန်းကို မလုပ်ဘဲ ရှောင်ကြဉ်နေခြင်းသည် အဘိဓမ္မာသမ္မာအာဇီဝမည်၏။ ထို့ကြောင့် နားမလည်ခင်က မတရားသဖြင့် ရအပ်သောပစ္စည်းများကို သုံးစွဲနေသော်လည်း နားလည်သောအခါ ထိုကဲ့သို့ မတရားမှုများကို ရှောင်ကြဉ်နေလျှင် အဘိဓမ္မာသမ္မာအာဇီဝဖြစ်သေး၏။ ဆိုလိုရင်းကား "မတရားသဖြင့် ရခဲ့သောပစ္စည်းဥစ္စာကို သုံးစွဲနေရာ၌ သုတ္တန်အလို မိစ္ဆာဇီဝဖြစ်သော်လည်း နောက်ထပ်တွေ့ကြုံသော မတရားပစ္စည်းရှာမှုကို ရှောင်ကြဉ်နိုင်လျှင် အဘိဓမ္မာသမ္မာအာဇီဝ ဖြစ်နိုင်ပါသေး၏" ဟု ဆိုလိုသည်။

ထို့ကြောင့် သုတ္တန်သမ္မာအာဇီဝဖြစ်အောင် မတတ်နိုင်ပါလျှင် အဘိဓမ္မာသမ္မာအာဇီဝဖြစ်နိုင်အောင် နောက်ထပ် မတရားပစ္စည်းရှာမှုမှ ရှောင်ကြဉ်၍ ဤအာဇီဝဌမကသီလကို ထိန်းသိမ်းနိုင်ပါသေး၏။ ဘုရားလက်ထက်တော်တုန်းက 'ကုက္ကုဋမိတ္တ' မုဆိုးသည် တစ်သက်လုံး မုဆိုးလုပ်၍ အသက်မွေးခဲ့သောကြောင့် သူ၏အသက်မွေးမှုမှာ မိစ္ဆာဇီဝပင်တည်း။ သို့သော် ဘုရားနှင့်တွေ့သောအခါ တရားတော်ကိုနာရ၍ သားခုနစ်ယောက်၊ ချွေးမ ခုနစ်ယောက်တို့နှင့်အတူ သောတာပန်ဖြစ်လေသည်။

ထိုသူတို့သည် ရှေးက မိစ္ဆာဇီဝဖြင့်ရခဲ့သောပစ္စည်းတွေကို ရှောင်ကြဉ်စွန့်ပစ်သည်ဟု ကျမ်းဂန်တို့၌ မလာချေ။ စွန့်ပစ်မည်လည်း မဟုတ်။ ထို့ကြောင့် တတ်သိနားလည်သောအခါမှစ၍ မိစ္ဆာဇီဝကိုရှောင်လျှင် ဤအာဇီဝဌမကသီလကို လုံခြုံနိုင်သည်ဟု ဆိုထိုက်ပေသည်။ သူတော်ကောင်းဖြစ်လိုသူများ သတိပြုပါလေ။ မိစ္ဆာဇီဝဖြင့်ရရှိအပ်သော ပစ္စည်းများကို လှူဒါန်းရာ၌ အကျိုးမရဟု မမှတ်ရ။ ထိုက်တန်သမျှ အကျိုးရသည်သာ။ သို့သော် ဓမ္မိယလဒ္ဓပစ္စည်းများလောက်ကား အကျိုးပေးမထက်သန်လှချေ။

သုတ္တန်သမ္မာအာဇီဝ မဖြစ်နိုင်တော့သော်လည်း နောင်တ တစ်ဖန်ပူပန်နေစရာမလိုပါဘူး။ အဘိဓမ္မာသမ္မာအာဇီဝဖြစ်အောင် နေထိုင်နိုင်ရင် အမြင့်မြတ်ဆုံးဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိနိုင်တဲ့ အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးခြင်း မရှိသေးလို့ပဲ ဖြစ်ပါတယ်။ ဝိပဿနာတရား အားထုတ်တော့မယ်ဆိုရင် စိတ်ကြည်လင်မှု-စိတ္တဝိသုဒ္ဓိဖြစ်အောင် ကိုယ်ကျင့်တရားစင်ကြယ်မှု-သီလဝိသုဒ္ဓိဖြစ်ဖို့ လိုပါတယ်။ အဘိဓမ္မာသမ္မာအာဇီဝဖြစ်အောင် နေထိုင်ကျင့်သုံးနိုင်ရင် သီလဝိသုဒ္ဓိ ဖြစ်နိုင်ပါသေးတယ်။ ဒါနဲ့ပတ်သက်လို့ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးက ဝိပဿနာရှုနည်းကျမ်း ပထမတွဲ စာမျက်နှာ-၃၉ လူတို့၏သီလခန်းမှာ အောက်ပါအတိုင်း ရေးသားထားပါတယ်။

ဤအာဇီဝအရာ၌ လူတို့၏သီလကို ရဟန်းတို့၏သီလကဲ့သို့ မမှတ်အပ်။ ရဟန်းတို့မှာ မိစ္ဆာဇီဝကို ပြုဆဲကာလ၌လည်းကောင်း၊ မိစ္ဆာဇီဝဖြင့်ရသောပစ္စည်းကို သုံးဆောင်ဆဲကာလ၌လည်းကောင်း ဘုရား၏အာဏာတော်ကို လွန်ကျူးခြင်းကြောင့် အာပတ်လည်း သင့်၏။ အာဇီဝလည်းပျက်၏။ လူတို့မှာကား အသက်မွေးမှုအတွက် ကာယကံ ဝစီကံတို့ကို လွန်ကျူးဆဲ၌သာလျှင် အာဇီဝသီလပျက်၏။ မိစ္ဆာဇီဝဖြင့်ရသောပစ္စည်းကို သုံးဆောင်သောကာလ၌ အာဇီဝသီလ မပျက်သည်သာတည်း။ အဘယ်ကြောင့်နည်းဟူမူ သုံးဆောင်ဆဲကာလ၌ ပါဏာတိပါတစသော ကာယကံ ဝစီကံတို့ကို လွန်ကျူးခြင်းလည်းမရှိ၊ ရဟန်းတို့ကဲ့သို့ ဘုရားအာဏာကို လွန်ကျူးမှုလည်း မဖြစ်သောကြောင့်ပေတည်း။ သို့ဖြစ်၍ လူတို့မှာ မိစ္ဆာဇီဝဖြင့်ရပြီးသောပစ္စည်းများကို ရဟန်းတို့ကဲ့သို့ စွန့်ရန်မလိုပြီ။ မစွန့်သော်လည်း အသက်မွေးမှုအတွက် ကာယကံ ဝစီကံတို့ကို နောက်ထပ်မပြုလျှင် အာဇီဝပါရိသုဒ္ဓိသီလ ညှိုးနွမ်းပျက်စီးခြင်းမရှိ စင်ကြယ်သည်သာတည်း။

မိစ္ဆာဇီဝ-မတော်မတရား အသက်မွေးမှုဆိုတာက လူဆိုရင် မုဆိုးတံငါ အသားထုတ်မွေးမြူရေး စသဖြင့် သူ့အသက်သတ်ပြီးတော့ ပစ္စည်းဥစ္စာရှာဖွေတဲ့ ပါဏာတိပါတမှု၊ နည်းလမ်းအမျိုးမျိုးနဲ့ ခိုးယူလုယက်ပြီးတော့ ပစ္စည်းဥစ္စာရှာဖွေတဲ့ အဒိန္နာဒါနမှု၊ သူတစ်ပါးက ပစ္စည်းဥစ္စာ အခကြေးငွေပေးပြီး စေခိုင်းလို့သူတစ်ပါးသားမယားကို ဖျက်ဆီးခြင်း ကာမမှု၊ မတရားရှေ့နေ သက်သေလိုက်ပြီး ပစ္စည်းဥစ္စာရှာဖွေမှု၊ နည်းလမ်းအမျိုးမျိုးနဲ့ လိမ်လည်လှည့်ဖြားပြောဆိုပြီး ပစ္စည်းဥစ္စာရှာဖွေခြင်း မုသာဝါဒမှု၊ ပစ္စည်းဥစ္စာရရှိအောင် ရန်တိုက်ပေးခြင်း ပိသုဏာဝါစာမှု၊ လူကုန်ကူးမှု၊ လက်နက်ကုန်ကူးမှု၊ ပြည့်တန်ဆာအဖြစ် မတရားစေခိုင်းမှု၊ အရက်၊ မူးယစ်ဆေးဝါး ရောင်းဝယ်မှု၊ သားသတ်ကိရိယာများကို ရောင်းဝယ်မှု စတာတွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ မြန်မာပြည်က ခရိုနီအများစုက ခိုးခြင်း ၂၅ မျိုးနဲ့ ငြိစွန်းပြီးတော့ ပစ္စည်းဥစ္စာ ရှာဖွေထားကြတာက များပါတယ်။

သူတစ်ပါးပိုင် လယ်ယာမြေတွေကို အာဏာရှိသူ၊ တရားစီရင်နိုင်သူများနဲ့ ပူးပေါင်းပြီး လုယူတာ၊ တင်ဒါတွေကို အာဏာရှိသူနဲ့ပူးပေါင်းပြီး မတော်မတရားရယူတာ၊ အာဏာပိုင်တွေနဲ့ပေါင်းပြီးတော့ သွင်းကုန်တွေကို ကိုယ်တစ်ယောက်တည်း သွင်းခွင့်ရှိအောင် မတော်မတရား လုပ်ယူတာတွေကလည်း အဒိန္နာဒါနမှုနဲ့ငြိစွန်းလို့ မိစ္ဆာဇီဝမှုပဲဖြစ်ပါတယ်။ ဒါတွေနဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ မှန်မှန်ကန်ကန် တရားသဖြင့် လုပ်ကိုင်စားသောက်တာကို သမ္မာအာဇီဝလို့ခေါ်တယ်။ သမ္မာအာဇီဝဖြစ်ဖို့က ရောင်းချတဲ့ကုန်ပစ္စည်းနဲ့သာ သက်ဆိုင်တာမဟုတ်ပါဘူး။ ရောင်းချတဲ့ပုံစံနဲ့လည်း သက်ဆိုင်ပါသေးတယ်။ သင်္ကန်းဆိုင်ဖွင့်ပြီး ဝိနည်းတော်နဲ့အညီ ချုပ်လုပ်ထားတာမဟုတ်ဘဲ ဝိနည်းတော်နဲ့အညီ ချုပ်လုပ်ထားပါသည်လို့ လိမ်လည်လှည့်ဖြားပြီးတော့ ရောင်းချရင်လည်း မိစ္ဆာကမ္မန္တ မိစ္ဆာဇီဝဖြစ်တာပါပဲ။ ဒါကို အထူးသတိပြု နားလည်ထားသင့်ပါတယ်။

အထက်ပါဆရာတော်ဘုရားကြီးနှစ်ပါးရဲ့ဆုံးဖြတ်ချက်အရ ခရိုနီတွေအနေနဲ့ သွေးစွန်းငွေတွေကို မစွန့်လွှတ်သော်လည်း မတော်မတရားမလုပ်တော့ဘဲ ဘဝကိုပြုပြင်ပြီး ကောင်းကောင်းမွန်မွန် နေထိုင်ကြတယ်ဆိုရင် သူတို့ဘဝဟာ ထိုအချိန်ကစလို့ ကောင်းသောအသက်ရှင်သန်နေထိုင်မှု-သမ္မာအာဇီဝဖြစ်ပါတယ်။ ဘဝကိုပြုပြင်ပြီး မတော်မတရားမလုပ်တော့ဘဲ ကောင်းကောင်းမွန်မွန်နေတဲ့အချိန်ကစလို့ ကောင်းကောင်းမွန်မွန်နေထိုင်သူ အစစ်အမှန်လည်း ဖြစ်သွားပါတယ်။ ဒါကြောင့် ခရိုနီကြီးတွေအနေနဲ့လည်း ရရှိထားတဲ့အခွင့်အရေးကို အမှန်တကယ် အကျိုးရှိရှိအသုံးချကြဖို့ လိုအပ်ပါတယ်။ ဒီလိုအခွင့်အရေးမျိုးက နှစ်ခါမရရှိနိုင်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့လည်း အကြိမ်ကြိမ်အခါခါ ပြည်သူလူထုရဲ့ဆန္ဒကို ဆန့်ကျင်ဖို့ဆိုတာ မလွယ်ပါဘူး။ အခက်အခဲတွေကြားကနေ ပေးလိုက်ရတဲ့ အခွင့်အရေးကောင်းကို အမှန်တကယ်အသုံးချပြီး ဘဝကို ပြုပြင်နေထိုင်သွားကြဖို့ လိုအပ်ပါတယ်။

ရရှိထားတဲ့အခွင့်အရေးကို အမှန်တကယ်အသုံးမချဘဲ ဘဝကို မပြုပြင်ဘူးဆိုရင်တော့ အနေလည်း မကောင်းနိုင်သလို အသေလည်း မကောင်းနိုင်ပါဘူး။ အခုတောင်မှ ဒေါ်အောင်ဆန်းစုကြည်မျက်နှာကြောင့် ဒီအခွင့်အရေးကို လူထုက ပေးထားကြတာပါ။

**မိုးသု (မန္တလေး)**


OXFAM

INVITATION FOR FRAMEWORK AGREEMENT

Oxfam is an international confederation of 17 organizations which work in over 90 countries to find lasting solutions to poverty and injustice. We work to ensure that poor people can improve their lives and have a say in decisions that affect them. In a world rich in resources, Oxfam believes that poverty is not a fact of life but an injustice to be overcome. Oxfam strives to ensure everyone can be secure,healthy, skilled, safe, heard and equal. We work with poor communities, local partner organisations,volunteers and supporters to make this possible.

Oxfam is inviting to submit tender bid for the supply of Hygiene Kit and Water Kit to Oxfam offices in,Yangon, Sittwe, Kyauk Taw, Kyauk Phyu and Myitkyina to make Framework Agreement for one year.The purpose of this Agreement is to outline the service expectations, agree roles and responsibilities for the supply of Kits in an emergency and normal operation.

Submissions must also include:

(a) Company profile (b) Agreement of term and condition of Oxfam (c) Specification of the products

(d) Service cost including transport, loading and off- loading (e) Terms and Condition of payment (f) Any other information in support to this service

Oxfam reserves the right to accept or reject any part or the entire quotation.

The interested supplier can take tender document from Oxfam office between 15/ 11/ 2016 to 25/ 11/ 2016 during office hours. The dead line to submit sealed bid is (30/ 11/ 2016) (17:00hrs) to the following contact.

Oxfam (The Procurement Committee)
No.34, Corner of Aung Taw Mu Lane & Golden Hill Avenue Street, Golden Valley Ward- 2
Bahan Township, Yangon ,MyanmarTel: + 95 (0) 1 539 986, 539 987,Fax: +95 (0) 1 539 958

အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ ရီပတ်ဘလစ်ကန်ပါတီက ဒေါ်နယ်ထရမ့် နိုင်သွားခဲ့တာ ကို ယေဘုယျကြည့်ရင် ပြိုင်ဘက်ဒီမိုကရက်တစ်ပါတီက ဟီလာရီကလင်တန် ထက် မဲအသာစီးရသွားတာကြောင့်ဆိုပြီး အရိုးရှင်းဆုံး ရှုမြင်လက်ခံရမှာ ဖြစ်ပေမယ့် တစ်ကမ္ဘာလုံးက အံ့သြသွားလောက်အောင် မထင်မှတ်တာ ဖြစ်သွားခဲ့ကြရပါတယ်။ ဒီအောင်မြင်မှုဟာ မတော်တဆ အမှားအယွင်း မဟုတ်တာ သေချာနေတဲ့အတွက် ဒေါ်နယ်ထရမ့်ရဲ့ အောင်မြင်ရေးဗျူဟာက ဘာလဲဆိုတာ စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။

ကမ္ဘာပေါ်မှာ သြဇာအရှိဆုံးလူသားဖြစ်လာမယ့် အမေရိကန်သမ္မတဟာ အစွန်းရောက်စကားတွေပြောပြီး ထင်ရာစိုင်းပြုမူတတ်သူ ဒေါ်နယ်ထရမ့်သာ ဖြစ်သွားခဲ့ရင်တော့ ဒုက္ခပဲဆိုပြီး စိုးရိမ်နေခဲ့ကြသူတွေကတော့ ရွေးကောက်ပွဲရလဒ်ကြောင့် စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့ကြမှာ အမှန်ပဲဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ရော မြန်မာ့နိုင်ငံရေးနဲ့ပါ ပိုနီးစပ်တဲ့ ဟီလာရီကလင်တန်ကိုပဲ သမ္မတဖြစ်စေချင်ပြီး ပုံအောမျှော်လင့်ထားခဲ့ကြတဲ့ မြန်မာပြည်သူတွေအဖို့ရာမှာလည်း သဲထဲရေသွန်ဖြစ်သွားခဲ့ကြတာ တွေ့ရပါတယ်။

တကယ်တော့ ဟီလာရီကိုသာ သမ္မတဖြစ်စေချင်ပြီး ဒေါ်နယ်ထရမ့်ကို သမ္မတ မဖြစ်ချင်သူတွေထဲမှာ လက်ရှိအမေရိကန်သမ္မတ အိုဘားမားက ထိပ်ဆုံးက ဖြစ်ပါတယ်။ ဒါ့ပြင် ဒေါ်နယ်ထရမ့်ရဲ့ရီပတ်ဘလစ်ကန်ပါတီ ထိပ်သီးနိုင်ငံရေးသမားတွေအစ အနုပညာနဲ့ သတင်းမီဒီယာနယ်ပယ်က ကျော်ကြားသူ ပုဂ္ဂိုလ်တွေအတော်များများလည်း ဒေါ်နယ်ထရမ့်ကို ပေါ်ပေါ်ထင်ထင် ဆန့်ကျင်ခဲ့ကြပါတယ်။ ဒေါ်နယ်ထရမ့်အနေနဲ့ အမေရိကန်

**ထရမ့်ရဲ့ မဲဆွယ်စကားတွေဟာ စက်တင်ဘာ ၁၁ အကြမ်းဖက်တိုက်ခိုက်ခံရမှု နောက်ပိုင်း အမြဲ မလုံမခြုံဖြစ်နေတဲ့ အမေရိကန်တွေအတွက် သည်းခြေကြိုက်တွေပါ။**

သမ္မတဖြစ်လာခဲ့ရင် သူ့အပြောအဆို၊ လုပ်ရပ်တွေကြောင့် အမေရိကန်တွေ ကမ္ဘာမှာ အရှက်ရ ဂုဏ်သိက္ခာကျစရာ ဖြစ်လာမလား၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား စတဲ့ အင်အားကြီးစီးပွားရေးမိတ်ဖက်နိုင်ငံတွေအပြင် နေတိုး (NATO) လို စစ်မဟာမိတ်နိုင်ငံတွေ၊ အီးယူလို နိုင်ငံရေးမဟာမိတ်နိုင်ငံတွေနဲ့ အမေရိကန်တို့အကြား မကြုံစဖူး ဆက်ဆံရေးပျက်ပြားသွားမလား၊ ကမ္ဘာ့သက်တမ်းအရင့်ဆုံး အမေရိကန်ရဲ့စံပြဒီမိုကရေစီစနစ် ပျက်စီးခြင်းငါးပါးတိုင်သွားမလား စသဖြင့် အမျိုးမျိုးတွက်ဆပြီး သူ့ကို မဲမပေးဖို့ စည်းရုံးပြောဆိုခဲ့ကြပါတယ်။

ကျွန်တော့်အနေနဲ့လည်း ရွေးကောက်ပွဲမတိုင်ခင် မဲဆွယ်ကာလတွေကတည်းက ဘယ်သူ့ကို မဲပေးကြမလဲလို့ လက်လှမ်းမီသမျှ တီးခေါက်မေးမြန်းကြည့်ခဲ့မိပါတယ်။ အထူးသဖြင့် အမေရိကန်မှာ လူများစုဖြစ်တဲ့ လူဖြူတွေကို အဓိကမေးမြန်းခဲ့ရာမှာ ၁၀ ယောက်ကို မေးရင် ၈ ယောက်လောက်က “ငါတို့တော့ ဒေါ်နယ်ထရမ့်ကို မဲမပေးဘူး၊ သူသာ သမ္မတဖြစ်ရင် မိသားစုလိုက် ကနေဒါမှာ ပြောင်းနေတော့မယ်” လို့ ဖက်ရှင်တစ်ခုလို တလေသံတည်း ပြောခဲ့ကြတာချည်းပဲ ကြားခဲ့ရပါတယ်။ ထရမ့်ကို မဲပေးမယ်လို့ ဖြေသူတစ်ဦးတစ်ယောက်မှ မရှိခဲ့ပါဘူး။ ဒါပေမဲ့ ဒေါ်နယ်ထရမ့်တစ်ဦးတည်း ကျန်တော့တဲ့အထိ ရီပတ်ဘလစ်ကန် သမ္မတလောင်း တစ်ယောက်ပြီး တစ်ယောက်သာ နုတ်ထွက်သွားတယ် Primary အဆင့်ရွေးကောက်ပွဲတွေမှာကတည်းက ထရမ့်ဟာ ဆက်တိုက်ဆိုသလို ပန်းပန်လာနိုင်ခဲ့တာ သူ့ကို မထောက်ခံဘူးလို့ ပြောနေသူတွေရဲ့မဲတွေကြောင့်ဆိုတာ သံသယရှိစရာမလိုလောက်အောင် ရှင်းနေပါတယ်။

အဲဒီအချက်ကို ရွေးကောက်ပွဲမဲရလဒ်တွေက ငြင်းမရအောင် သက်သေခံနေတာပါ။ တကယ်တော့လည်း ၁၉၆၈ ခုနှစ်နောက်ပိုင်း ကျင်းပလာခဲ့တဲ့ အမေရိကန်သမ္မတရွေးကောက်ပွဲတိုင်းမှာ ရီပတ်ဘလစ်ကန် သမ္မတလောင်းတိုင်းကို လူဖြူမဲပေးသူ (White Voters) တွေကပဲ ထောက်ခံတင်မြှောက်လာခဲ့ကြတာပါ။ နယူးယောက်မြို့ဇာတိ သူဌေးကြီး ဒေါ်နယ်ထရမ့်ကို စီးပွားရေးသမားလို့ လူသိများကြပေမယ့် သူဟာ အမေရိကန်နိုင်ငံရေးသမားတွေရဲ့ဓလေ့စရိုက်လက္ခဏာ၊ လူဖြူတွေရဲ့စိတ်ဓာတ်တွေအကြောင်း နှောကျေသူတစ်ယောက်ပါ။ အနိုင်မဲရအောင် ဘယ်လိုစည်းရုံးရမယ်ဆိုတာလည်း ကောင်းကောင်းကြီး နားလည်သဘောပေါက်ထားခဲ့ပုံရပါတယ်။




သူ့ရဲ့မဲဆွယ်စည်းရုံးရေးတရားတွေကို ပြန်ကြည့်ရင် အကဲဆတ်မှုကြောင့် တခြားသမ္မတလောင်းတွေ ရှောင်ရှားတဲ့ မွတ်ဆလင်ဆန့်ကျင်ရေး၊ မက္ကဆီကိုနယ်စပ်ကနေ ခိုးဝင်သူတွေ ပိတ်ပင်ရေး စတဲ့မူဝါဒတွေကို အဓိက ဇောင်းပေးခဲ့ပါတယ်။ ထရမ့်ရဲ့ မဲဆွယ်စကားတွေဟာ စက်တင်ဘာ ၁၁ အကြမ်းဖက်တိုက်ခိုက်ခံရမှုနောက်ပိုင်း အမြဲမလုံမခြုံဖြစ်နေတဲ့ အမေရိကန်တွေအတွက် သည်းခြေကြိုက်တွေပါ။ “မွတ်ဆလင်မှန်သမျှ အမေရိကန်ကို ပြည်ဝင်ခွင့် ဗီဇာထုတ်မပေးသင့်ဘူး” “မက္ကဆီကိုနိုင်ငံဟာ အမေရိကန်နိုင်ငံထဲကို မုဒိမ်းကောင်တွေ၊ ရာဇဝတ်ကောင်တွေ တင်ပို့နေတာကြောင့် မက္ကဆီကန်လူမျိုးတွေ နယ်စပ်ကနေ ခိုးဝင်မလာရအောင် အုတ်တံတိုင်းခတ်ပစ်မယ်” လို့ထရမ့်က ကြွေးကြော်ခဲ့ပါတယ်။ ဒေါ်နယ်ထရမ့်ရဲ့ကြွေးကြော်သံတွေဟာ ကယ်လီဖိုးနီးယားပြည်နယ် San Bernardino မြို့ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှု၊ ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ အိုင်အက်စ်အစ္စလာမ်အစွန်းရောက်တွေရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေအပြီး ပြစ်တင်ဝေဖန်မှုတွေကြားကပဲ ပိုရဲတင်းလာခဲ့ပါတယ်။ သူ့ရဲ့ ပြောဆိုမှုတွေဟာ အမေရိကန်နိုင်ငံရေးသမားတွေ သမိုင်းကြောင်းတစ်လျှောက်လုံး ပြောလာခဲ့တဲ့ လူ့အခွင့်အရေး စံနှုန်းတွေ၊ ဒီမိုကရေစီစံနှုန်း၊ ပညာတတ်လူယဉ်ကျေးစံနှုန်းတွေနဲ့ လုံးလုံးလျားလျား ဆန့်ကျင်နေတာကြောင့် အမေရိကန်တွေအတွက် သူ့ကိုလူသိရှင်ကြား ဖြောင်ထောက်ခံဖို့ ခက်ခဲခဲ့ကြပါတယ်။ အမေရိကန်အပေါ် ကမ္ဘာက သူတော်ကောင်းလို့ ယုံကြည်ထားတာတွေ ပျောက်ပျက်ဆိတ်သုဉ်းသွားနိုင်တာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဒေါ်နယ်ထရမ့်ကတော့ သူ့ကို နောက်ကွယ်ကနေ ထောက်ခံအားပေးကြမယ့် လက်သီးပုန်းမဲတွေ နိုင်ငံတစ်လွှားမှာ အခိုင်အမာရှိနေတာ အပိုင်တွက်ထားပုံရပါတယ်။

ဟီလာရီကလင်တန်အပါအဝင် ပါတီနှစ်ခုလုံးက ဝင်ပြိုင်ခဲ့ကြတဲ့ သမ္မတလောင်း ၂၀ ကျော်လောက်ရဲ့ မဲဆွယ်စည်းရုံးရေးကို ပြန်ကြည့်ရင် Healthcare (ကျန်းမာရေးစောင့်ရှောက်မှု)၊ Taxation (အခွန်စည်းကြပ်မှု)၊ ပညာရေး (Education) စတဲ့မူဝါဒတွေဟာ အမေရိကန်သမ္မတ ရွေးကောက်ပွဲတိုင်း ရိုးအီနေအောင် ကြားရလေ့ရှိတဲ့ မဲပြာပုဆိုး ပေါ်လစီတွေပဲဖြစ်ပြီး၊ ထရမ့်ရဲ့ မူဝါဒလောက် လှုပ်လှုပ်ရှားရှား မဖြစ်ခဲ့ပါဘူး။ ဒေါ်နယ်ထရမ့်ရဲ့ အစွန်းထွက်မူဝါဒတွေကသာ အမေရိကန်တွေအတွက် ပုံအောမဲထည့်စရာ ဆွဲဆောင်နိုင်ဆုံး ဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့်ပဲ အမေရိကန်မှာ လူဖြူအများဆုံးနေထိုင်တဲ့ Midwest လို့ခေါ်တဲ့ အနောက်အလယ်ပိုင်းဒေသက ဝစ္စကွန်ဆင်၊ အိုင်အိုဝါ၊ အိုဟိုင်းယိုး စတဲ့ ပြည်နယ်တွေတစ်လျှောက် ဒေါ်နယ်ထရမ့် ဝက်ဝက်ကွဲ အနိုင်ရခဲ့တာပါ။

အမေရိကန်မှာတော့ မဲပေးတဲ့ပြည်သူအများစုဟာ သမ္မတ သစ် ဒေါ်နယ်ထရမ့်ရဲ့ ဦးဆောင်မှုနဲ့ မူဝါဒအောက်မှာ အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ်၊ နယ်စပ်ခိုးဝင်မှုပြဿနာတွေကနေ အတော်အတန်စိတ်ချသွားပြီလို့ ယူဆကြည်နူးနေကြတော့မှာ အမှန်ပါ။ မြန်မာနိုင်ငံမှာလည်း ဒေါ်နယ်ထရမ့်ရဲ့တိုင်းပြည်လုံခြုံရေး၊ အမျိုးသားရေးမူဝါဒတွေကို သဘောကျသူတွေရှိနေပါတယ်။ သူတို့ကတော့ အဓိကအားဖြင့် ရခိုင်တိုင်းရင်းသားတွေနဲ့ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး လိုလားထောက်ခံသူတွေဖြစ်ပြီး ‘မြန်မာနိုင်ငံရဲ့အနောက်ဘက်တံခါး ဘယ်တော့လုံခြုံမလဲ’ ဆိုတာ မေးခွန်းထုတ်နေကြသူတွေပါ။

ရီပတ်ဘလစ်ကန်သမ္မတ အဆက်ဆက်ဟာ မြန်မာနိုင်ငံအပေါ် တင်းတင်းမာမာ ဖိအားပေးဆက်ဆံလေ့ရှိတာကြောင့် မြန်မာနဲ့အမေရိကန် ဆက်ဆံရေးဟာ အခုထက်ပိုပြီး ရုတ်တရက် အလျင်အမြန် တိုးတက်ကောင်းမွန်လာမယ့် အရိပ်အယောင်တော့ တစ်ခုမှ မမြင်ရသေးပါဘူး။ မွတ်ဆလင်အာရပ်ကမ္ဘာမှာ သြဇာအရှိဆုံး သတင်းမီဒီယာဖြစ်တဲ့ အယ်လ်ဂျားဇီးယားကတော့ အမေရိကန်တွေဟာ အစ္စလာမ်အပေါ် ကြောက်စိတ်ကဲတဲ့ ပထမဆုံး သမ္မတ (First Islamophobia President) အဖြစ် ဒေါ်နယ်ထရမ့်ကို ရွေးကောက်တင်မြှောက်လိုက်ကြပြီလို့ သတင်းတွေ ဖော်ပြနေကြပါတယ်။ တကယ်တော့လည်း ၂၀၁၆ ခုနှစ် မတ်လက ကောက်ယူခဲ့တဲ့ သုတေသနစစ်တမ်းတွေအရ မွတ်ဆလင်တွေကိုပြည်ဝင်ခွင့် ပိတ်ပင်မယ့် ဒေါ်နယ်ထရမ့်ရဲ့မူဝါဒကို ထောက်ခံအားပေးတဲ့ အမေရိကန်ပြည်သူ ၅၁ ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။ ဒေါ်နယ်ထရမ့်ဟာ သူ့ရဲ့အောင်မြင်ရေး မဟာဗျူဟာကြောင့်သာ အနိုင်ရခဲ့တာဖြစ်ပြီး၊ မဲပေးရွေးချယ်ခဲ့တဲ့ အမေရိကန်ပြည်သူတွေဟာလည်း ဒေါ်နယ်ထရမ့် ဘယ်လောက်ပဲဆိုးဆိုး ကောင်းကောင်း သူတို့နဲ့ ထိုက်တန်တဲ့ သမ္မတသစ်တစ်ဦးကို ရရှိလိုက်တာပဲ ဖြစ်ပါတယ်။

**K2A**


**TRADEMARK CAUTION**

**FMTM Distribution Ltd.**, a company incorporated in Isle of Man, having its office at **3A and 3B Isle of Man Freeport, Ballasalla, Isle of Man IM9 2AP, Isle of Man** is the Owner and Sole Proprietor of the following trademarks :-

**MASTER BANKER** (Reg. No. 4/1481/2016) **OPERA** (Reg. No. 4/1485/2016) **BLACK CROCO** Reg. 4 / 1490/ 2016)

These trademarks are used in respect of the following description of goods /services:

"Precious metals; precious metal alloys; horological instruments; watches; chronometric instruments; chronographs (watches); chronometers; apparatus for sports timing (stopwatches); clocks; movements for watches and clocks; straps for wristwatches; watch bracelets; components for watches and clocks; buckles for watchstraps; watch crowns; watch cases (components); watch springs; dials (clock- and watchmaking); hands for clocks and watches; watch glasses; parts and fittings for timepieces; cases for watches and clocks; cases for the display of timepieces (presentation); watch boxes; clock boxes; precious stones; semi-precious stones; diamonds; imitation precious stones; jewellery; semi-precious articles of bijouterie; jewellery ornaments; fashion jewellery; jewellery cases [caskets]; jewellery boxes; jewel cases of precious metal; tie pins; cuff links; key fobs; boxes for cufflinks; boxes for tie-pins; boxes for key fobs [caskets]; cases for the display of jewellery, cufflinks, and tie pins; presentation boxes and cases adapted to contain and transport timepieces; presentation cases and cases adapted to contain and transport jewellery; presentation cases and cases adapted to contain and transport cufflinks, tie pins and key fobs in Class 14 "

Any fraudulent imitation or unauthorized use of the said trademarks or other infringements whatsoever will be dealt with according to law.

**For FMTM Distribution Ltd.**
Daw Khin Khin Zaw, LL.B, LL.M, Advocate
**LawPlus Myanmar Ltd.**
Room 517, Yangon International Hotel, No. 330, Corner of Ahlone and Pyay Roads,
Dagon Township,Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833 Dated: 21st November 2016

# ယာဉ်မဆင်မခြင် မောင်းနှင်ခြင်း

**ခိုင်ချယ်ရီထွန်း**

**မော်တော်ယာဉ်မဆင်မခြင် မောင်းနှင်မှုများကြောင့် အများပြည်သူထိခိုက်ဒဏ်ရာရရှိခြင်း၊ အသက်အန္တရာယ်ဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်လျက်ရှိပြီး ယင်းဖြစ်ရပ်များအပေါ် အမြင်အချို့ကို စုစည်းဖော်ပြအပ်ပါသည်။**

## "စည်းကမ်းဖောက်ဖျက်ကျူးလွန်သူက တစ်ရက်ကို ငါးသောင်းလောက်ရှိနေချိန်မှာ ယာဉ်ထိန်းရဲက တစ်ထောင်မပြည့်ဘူး"

**ဦးကျော်သူရ (ကိုယ်ပိုင်ယာဉ်မောင်း)**

မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်ပြီဆို အမြန်ယာဉ်နဲ့ အနှေးယာဉ် တာဝန်ယူပုံချင်းမှာ ကြီးစဉ်ငယ်လိုက်ပါပဲ။ ဘာကြောင့်တိုက်တိုက် လျင်လျင်မြန်မြန် ဘရိတ်နင်းတတ်ရမှာမို့ ယာဉ်မောင်းတွေရဲ့ အမှားက အဓိကဖြစ်ပြီး ကျန်တာတွေကလည်း အချိုးကျပါဝင်လိမ့်မယ်။ ဥပမာ-ယာဉ်စည်းကမ်း လမ်းစည်းကမ်း မလိုက်နာတာ၊ ယာဉ်ထိန်းရဲတွေ အရေးမယူတာ၊ သတိပေးတားမြစ်တာ၊ လမ်းညွှန်တာ၊ အန္တရာယ်ကင်းစေမယ့်မျဉ်းကျား၊ သတိပေးညွှန်ကြားတာတွေ၊ အသိပညာပေးတွေနည်းတာလို့လည်း ပြောလို့ရပါတယ်။ နောက်ကပ်ပါလာတာက ယာဉ်မောင်းသူရဲ့ Attitude စိတ်နေသဘောထားမှာ ပေါ့လျော့နေလို့ပါ။ လူ့အသက်တန်ဖိုးထားမှု၊ အသိဉာဏ်ခေါင်းပါးမှု၊ ငါမောင်းနှင်နေတဲ့ယာဉ်ဟာ လူကိုအသက်သေစေတတ်တဲ့ လူသတ်လက်နက်၊ ငါ့ကြောင့် သူများအသက် ဆုံးရှုံးနိုင်သလို ဒဏ်ရာအနာတရ ကျိုးကန်းဒုက္ခိတ ဖြစ်သွားနိုင်ပါလားဆိုတဲ့ Concept ခံယူသိရှိမှု၊ Intelligence Level နိမ့်နေခြင်းကြောင့်ပါ။ ယာဉ်မောင်းတွေကို လွယ်လွယ်ပေးမမောင်းသင့်သလို လိုအပ်တဲ့တရားဥပဒေ အရေးယူမှုနဲ့ ဒဏ်ငွေဆောင်ရမယ်။ အာမခံလျော်ကြေးကိုစ္စအဝဝကိုပါ နားလည်ပြီးဖြစ်ရမှာကို မတင်းကျပ်ဘဲ၊ အရေးမယူဘဲ၊ ပညာမပေးဘဲ အလွယ်တကူ လိုင်စင်ထုတ်ပေးနေတဲ့ အလေ့အထတွေကြောင့်လည်း ပါနေတယ်လို့ ပြောပါရစေ။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ယာဉ်စည်းကမ်းမသိဘဲ အော်တိုဂီယာနဲ့ လွယ်လွယ်သင်၊ လိုင်စင်မရှိဘဲ တက်မောင်းနေတာတွေ တွေ့ရတယ်။ တစ်လောကတင် အသက်မပြည့်ဘဲတက်မောင်းလို့ အမျိုးသမီးတစ်ယောက် အသက်ဆုံးရှုံးသွားတယ်။ နိုင်ငံတကာနဲ့ ယာဉ်စည်းကမ်းအရေးယူမှုအပိုင်းမှာ ဘယ်လိုကွာလဲဆို အများကြီးကွာတယ်။ စည်းကမ်းအတွက် ပညာပေးတွေ၊ သတိပေးတွေ အားနည်းတယ်။ အရေးယူမှုဆိုတာ ခုနောက်ပိုင်း မရှိတော့သလောက်ပဲ။ စည်းကမ်းဖောက်ကျူးလွန်သူက တစ်ရက်ကို ငါးသောင်းလောက်ရှိနေချိန်မှာ ယာဉ်ထိန်းရဲက တစ်ထောင်မပြည့်ဘူး။ တရားသူကြီးက အယောက်နှစ်ဆယ်မရှိမှတော့ စနစ်ကြီးတစ်ခုလုံး ပျက်စီးနေရော။ ယာဉ်တိုက်မှုတွေလျော့အောင်ဆို ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းပညာပေး၊ အရေးယူဆောင်ရွက်မှု စနစ်တကျ တိတိကျကျ ဘာမှမလုပ်နိုင်တာတွေကို ထိထိရောက်ရောက် လုပ်ဆောင်သင့်ပါတယ်။ ■



## "သူ့ဆန္ဒ၊ သူ့စိတ်ဇောတစ်ခုကိုပဲ ရှေ့တန်းတင်ပြီး လမ်းပေါ်က အခြားလူတွေရဲ့အသက်ကို လောင်းကစားလုပ်လို့ ခုလိုယာဉ်တိုက်မှုတွေ၊ ယာဉ်တိမ်းမှောက်မှု တွေဖြစ်နေတာပါ"

**ဦးညီညီနိုင် (အဝေးပြေးယာဉ်မောင်း)**



ယာဉ်မောင်းတွေရဲ့ ပေါ့ဆမှုရှိသလို အနှေးယာဉ်တွေ၊ နယ်မှာဆို ဆိုင်ကယ်တွေရဲ့ မဆင်မခြင်မောင်းနှင်မှုကလည်း ပိုများတယ်လို့ ထင်တယ်။ မန္တလေးမှာဆို ကားတစ်စီး မီးနီဖြတ်မောင်းတာ ရှားတယ်။ ဒါပေမဲ့ ဆိုင်ကယ်တွေ မီးနီဖြတ်တာ၊ ကွေ့ကြောကို မှန်မှန်ကန်ကန်မယူဘဲ ထောင့်ဖြတ်ကပ်ပြီး ဖြတ်ချတာတွေက အန္တရာယ်များလွန်းတယ်။ အဲဒီလိုမျိုးတွေက အမြဲလည်း မြင်တွေ့နေရလို့ပါ။ လက်ရှိမှာ ယာဉ်တိုက်မှုတွေကြောင့် အသက်အန္တရာယ် ဆုံးရှုံးနေရတာတွေက အဓိကကတော့ ယာဉ်မောင်းရဲ့မဆင်မခြင် မောင်းနှင်မှုတွေကြောင့်ပဲ။ လိုင်စင်ကတော့ ကျွမ်းကျင်စွာဖြေနိုင်ရင် ထုတ်ပေးလိုက်မှာပဲ။ လမ်းပေါ်ရောက်သွားရင်ကျသူတို့စိတ်ပေါ် အများကြီး မူတည်သွားပြီ။ ယာဉ်မောင်းတစ်ယောက်အနေနဲ့ သူ့ဆန္ဒ၊ သူ့စိတ်ဇောတစ်ခုကိုပဲ ရှေ့တန်းတင်ပြီး လမ်းပေါ်က အခြားလူတွေရဲ့အသက်ကို လောင်းကစားလုပ်လို့ ခုလိုယာဉ်တိုက်မှုတွေ၊ ယာဉ်တိမ်းမှောက်မှုတွေ ဖြစ်နေတာပါ။ နောက် ယာဉ်မောင်းတွေကိုယ်တိုင်ကလည်း စည်းကမ်းလိုက်နာမှုပိုင်းဆိုင်ရာတွေမှာ အားနည်းတယ်။ စိတ်တွေ၊ ခံယူချက်တွေက ဘယ်လိုဖြစ်နေလဲဆိုတော့ စည်းကမ်းကို တကယ်လိုက်နာပြီး ဘေးကင်းဖို့ထက် အဖမ်းမခံရဖို့ ရဲမမြင်ရင်ပြီးရောဆိုပြီး ဖြစ်နေတယ်။ မြို့တွင်းမှာတော့ လမ်းစည်းကမ်းဖောက်ဖျက်တာတွေ၊ လမ်းကြောလုတာတွေနဲ့ တိုက်ကြတာများတယ်။ အမြန်လမ်းမှာတော့ အရှိန်လွန်မောင်းတာရယ်၊ ယာဉ်တွေရဲ့ကြံ့ခိုင်မှုရယ်၊ ဥပမာ-တာယာပွင့်တာလိုမျိုး ဒါတွေက ဖြစ်နေကြတယ်။ နောက်ပြီး အခုမြင်နေရတာက ယာဉ်မောင်းတွေက သိပ်ပြီးဒေါသရှေ့ထားကြသလားလို့။ စိတ်မရှည်ချင်ကြတော့ဘူး။ ဒါပေမဲ့ တွေ့နေရတာတွေကလည်း စိတ်ရှည်ချင်စရာ မကောင်းဘူး။ နောက်ပြီး လက်ရှိမှာ ယာဉ်ထိန်းရဲတွေ မလုံလောက်ပါဘူး။ ယာဉ်ထိန်းရဲတွေကိုလည်း နယ်မြို့တွေအထိ ကြပ်မတ်ကူညီနိုင်အောင် တိုးချဲ့ပေးပါလို့ ပြောချင်ပါတယ်။ ■

## "လူရှင်းရင်ရှင်းသလို မဆင်မခြင်မောင်းတာတွေကြောင့် ဖြစ်တာများတယ်"

**ဦးတင်ထွေး (အငှားယာဉ်မောင်း)**



ဓာတ်ပုံ – ချယ်ရီ

ဦးတို့အနေနဲ့ ယာဉ်မဆင်မခြင် မောင်းနှင်မှုတွေကြောင့် ခုလိုယာဉ်တိုက်မှုတွေ ဖြစ်နေတယ်လို့ မြင်ပါတယ်။ ဦးအနေနဲ့ အရင်တုန်းကလည်း မထသမှာ ဌာနခွဲမှူးလုပ်ဖူးတော့ ဆွေးနွေးပွဲတွေလုပ်ရင် အများဆုံးက ယာဉ်တိုက်မှုတစ်ခုဖြစ်ပြီဆို အရှိန်များလို့၊ မဆင်မခြင်မောင်းလို့ကြောင့် ဖြစ်တာကိုတွေ့ရတယ်။ ကားကြောင့်မို့ ဖြစ်တယ်ဆိုတာမျိုးက ခဲယဉ်းတယ်။ ဥပမာ-ကားဘရိတ်ပေါက်လို့ ဖြစ်တာမျိုးတွေက ရှားတယ်။ ကျွန်တော်တို့အနေနဲ့ သတ်မှတ်ထားတဲ့ ယာဉ်စည်းကမ်း လမ်းစည်းကမ်းတွေကိုတော့ လိုက်နာနေကြတာပဲ။ ခုဆို ခါးပတ်ပတ်မောင်းရမယ်ဆိုလို့ ခါးပတ်ပတ်မောင်းတယ်။ အခုလနှစ်ဆန်းပိုင်းဆို အရေးယူတော့မယ် ပြောတယ်။ စစ်ဆေးတဲ့အခါတွေကို စစ်ဆေးနေတယ်။ ဦးတို့ဘက်က သူတို့အရေးယူမယ်ပြောထားရင် လိုက်နာတယ်။ လက်ရှိယာဉ်တိုက်မှုတွေ ခဏခဏဖြစ်နေတာတွေက ကိုယ်မောင်းတဲ့အရှိန် ကိုယ်မထိန်းနိုင်ဘဲ တိုက်ကြတာများတယ်။ နောက် မြို့တွင်းမှာ မိုင်နှုန်း ၃၀ နဲ့ပဲ မောင်းရမယ်ဆိုပေမယ့် ခုမောင်းနေတာတွေက မိုင်နှုန်း ၆၀၊ ၇၀ နားတွေချည်းပဲ။ နောက် လူရှင်းရင်ရှင်းသလို မဆင်မခြင် မောင်းတာတွေကြောင့် ဖြစ်တာများတယ်။ နောက်တစ်ခုက ဒိုင်နာလိုကားမျိုးတွေပေါ့။ နည်းနည်းလေးမှ အမှားမခံဘူး။ နောက် မော်တော်ပီကယ်တွေ၊ ဝန်ထမ်းခန့်အပ်မှုအပိုင်းမှာ အားနည်းနေတာတွေကြောင့် ယာဉ်တိုက်မှုတွေ ဖြစ်နေတာလည်း ပါတယ်။ အထူးသဖြင့် ညဘက်တွေဆို ပိုအဖြစ်များတယ်။ ညဘက်ဆို ယာဉ်ထိန်းရဲလည်းမရှိတော့ မဆင်မခြင်မောင်းကြတာ များတယ်။ နောက် မီးပွိုင့်တွေမှာ CCTV တပ်ထားတယ်ဆိုပေမယ့် အရေးယူတာကျတော့ သက်တမ်းလာတိုးမှ CCTV က ရိုက်ထားတာပြပြီး ဒဏ်ရိုက်တာမျိုးတွေလုပ်တော့ ခရီးသည်တင်ယာဉ်လိုမျိုးတွေက ယာဉ်မောင်းခဏခဏပြောင်းနေတော့ ဘယ်သူ့အရေးယူရမှန်း မသိတာမျိုးတွေကြောင့် CCTV လိုမျိုးတပ်ပြီး ယာဉ်တိုက်မှုတွေကို စည်းကမ်းဖောက်ဖျက်တာတွေကို ချက်ချင်းအရေးယူဆောင်ရွက်တာမျိုးတွေ လုပ်သင့်ပါတယ်။ ■

# မော်တော်ယာဉ်ဈေးကွက် အမေးသာရှိပြီး အဝယ်မရှိ

ရန်ကုန်၊ နိုဝင်ဘာ ၂၀

မော်တော်ယာဉ်ဈေးကွက်အတွင်း ဝယ်လက်များသည် မေးမြန်းမှုများသာရှိပြီး အဝယ်မရှိကြောင်း မော်တော်ယာဉ်ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ပွင့်လင်းရာသီတွင် နယ်ဝယ်လက်များ တိုးလာမည်ဟု မျှော်မှန်းခဲ့ကြသော်လည်း လက်တွေ့တွင်နည်းပါးလျက်ရှိကြောင်း ရန်ကုန်မြို့တော်အတွင်းရှိ ယာဉ်ရောင်းဝယ်ရေးစခန်းများမှ ကားဝယ်ရောင်းများက ဆိုသည်။

"ဒီကာလက နယ်အဝယ် သိပ်မဆင်းတာပါ။ နောက်ဆိုဆင်းလာမှာပါ" ဟုမော်တော်ယာဉ်လုပ်ငန်း ရှင် ဦးမင်းမင်းမောင်က ပြောဆိုသည်။

လက်ရှိမော်တော်ယာဉ်ဝယ်ယူရန် ရှာဖွေသူ အများစုသည် ကျပ်သိန်း ၁၄၀၊ ၁၅၀ နှင့် ၂၀၀ ကြားရှိ မော်ဒယ်လ်များကိုသာ အမေးများပြီး ကျပ်သိန်း ၃၀၀ ဝန်းကျင်ဈေးရှိ မော်တော်ယာဉ်များကိုမူ စိတ်ဝင်စားမှု နည်းပါးကြောင်း မော်တော်ယာဉ်လုပ်ငန်းရှင်များထံမှ သိရသည်။

လက်ရှိမော်တော်ယာဉ်ဈေးကွက်အတွင်း စလစ်ဈေးမြင့်တက်ခြင်းကြောင့် စလစ်ကပ်မော်တော်ယာဉ် အမျိုးအစားများဈေးနှုန်းမြင့်တက်လျက်ရှိပြီး ၁၃၀၀ စီစီ မော်တော်ယာဉ်အမျိုးအစားများမှာလည်း ရန်ကုန်လိုင်စင်မရသေးခြင်းကြောင့် အမြင့်ဈေးဖြင့်သာ ငြိမ်သက်လျက်ရှိကြောင်း မော်တော်ယာဉ်ဈေးကွက်အတွင်းမှ သိရသည်။ ■

# ပြည်တွင်း၌ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်မှု ဦးစားပေးလို၍

## ပြည်ပမှတင်သွင်းမှု ပိုမိုကန့်သတ်နိုင်ဟုဆို

ရန်ကုန်၊ နိုဝင်ဘာ ၂၀

လာမည့်နှစ်အတွက် မော်တော်ယာဉ်တင်သွင်းခွင့်မော်ဒယ်လ်နှစ်သတ်မှတ်မှုသည်အစိုးရအနေနှင့်ပြည်တွင်းမော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်မှုကိုဦးစားပေးလို၍ပြည်ပမှတင်သွင်းမှုကို ပိုမိုကန့်သတ်လာနိုင်ကြောင်း မော်တော်ယာဉ်လုပ်ငန်းရှင်များက ပြောကြားသည်။

ယခုနှစ်အတွင်းမှစ၍ ဂျပန်မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီကြီးများဖြစ်သည့် ဆူဇူကီးက Ertiga နှင့် Ciaz တို့ကိုလည်းကောင်း၊ နစ်ဆန်း၏ တန်ချောင်မြန်မာကုမ္ပဏီက Nissan Sunny တို့ကိုလည်းကောင်း မြန်မာနိုင်ငံအတွင်း တပ်ဆင်ထုတ်လုပ်၍ ရောင်းချနေပြီဖြစ်သည်။

"ဒီနှစ်မော်တော်ယာဉ်မူဝါဒမှာ သတင်းထွက်နေတဲ့အတိုင်းသာ ဖြစ်မယ်ဆိုရင် အောက်ကားတွေ(၁၃၀၀ ခခ မော်ဒယ်လ်တွေ) ဈေးထပ်တက်သွားလိမ့်မယ်။ ၂၀၁၅-၁၆ မော်ဒယ်လ်တွေတင်သွင်းရင် ဈေးမြင့်တာကြောင့် ဝယ်လိုအားပိုနည်းသွားမှာဖြစ်ပြီး ပြည်တွင်းမှာဆင်တဲ့ ဆူဇူကီး အာတီဂါလို ကားမျိုးတွေ အရောင်းသွက်လာနိုင်ပါတယ်။ လက်ရှိအနေအထားအရလည်း အဲဒီဘက်(တပ်ဆင်ထုတ်လုပ်မှုဘက်)ကိုသွားနေတာ ကြောင့် လူအများစုကလည်း ဒီလိုခန့်မှန်းကြတာပါ" ဟုသီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းမှ ကားဝယ် ရောင်း ဦးဖိုးထောင်က ပြောဆိုသည်။

လက်ရှိမော်တော်ယာဉ်ဈေးကွက်အတွင်း ၂၀၁၇ ခုနှစ်အတွက် မော်တော်ယာဉ်တင်သွင်းမှုနှင့်ပတ်သက်၍ အစိုးရက မူဝါဒနှင့် သတ်မှတ်ချက်များ တရားဝင်ထုတ်ပြန်ခြင်း မရှိသေးသော်လည်း တစ်ဦးချင်းတင်သွင်းမှု (ဖရီးပါမစ်ကားများ)အတွက် ၂၀၁၅ မှ ၂၀၁၇ ခုနှစ်အထိ(ဘယ်မောင်း)၊ ယာဉ်အိုယာဉ်ဟောင်းများအတွက် ၂၀၁၁ မှ ၂၀၁၄ မော်ဒယ်လ်အထိနှင့် ကုန်တင်ယာဉ်များအတွက် ၂၀၀၇ နှင့်အထက် မော်ဒယ်လ်များကိုသာ တင်သွင်းရမည်ဖြစ်သည်ဟု သတင်းများပေါ်ထွက်ပေါ်လျက်ရှိသည်။

ရန်ကုန်လိုင်စင်ထုတ်ပေးမှုသည်လည်း အများ ပြည်သူသယ်ယူပို့ဆောင်ရေး (Public Transport) ကဏ္ဍကို ပိုမိုကောင်းမွန်အောင် စီစဉ်ပြီးမှသာ ရန်ကုန် မော်တော်ယာဉ်လိုင်စင်အတွက် စဉ်းစားလိမ့်မည်ဟု ခန့်မှန်းရကြောင်း မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးအသင်း(MAMDA) ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက သုံးသပ်ပြောကြားသည်။

ထို့ပြင် နောက်ပိုင်းအချိန်များတွင် မော်တော်ယာဉ်တင်သွင်းသူများအနေနှင့် တစ်ပတ်ရစ်မော်တော်ယာဉ်များ တင်သွင်းရန် မလွယ်ကူတော့ကြောင်းနှင့် ယာဉ်အဟောင်းများကိုသာ Recycle ပုံစံဖြင့် ရောင်းဝယ်ရတော့မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ■


TRADEMARK CAUTION

**FMTM Distribution Ltd.**, a company incorporated in Isle of Man, having its office at **3A and 3B Isle of Man Freeport, Ballasalla, Isle of Man IM9 2AP, Isle of Man** is the Owner and Sole Proprietor of the following trademarks :-

**CINTREE CURVEX**

(Reg. 4 / 1484/ 2016)

This trademark is used in respect of the following description of goods /services:
" Watches in Class 14"

**COLOR DREAMS**

(Reg. 4 / 1486/ 2016)

This trademark is used in respect of the following description of goods /services:

"Precious metals and their alloys and goods made of these materials or plated therewith included in this class; jewelry, horological and chronometric instruments in Class 14"

**MASTER SQUARE**

(Reg. 4 / 1483/ 2016)

This trademark is used in respect of the following description of goods /services:
"Precious metals and their alloys and goods made of these materials or plated therewith included in this class, jewelry, precious stones, timepieces and chronometric instruments in Class 14"

Any fraudulent imitation or unauthorized use of the said trademarks or other infringements whatsoever will be dealt with according to law.

**For FMTM Distribution Ltd.**
Daw Khin Khin Zaw, LL.B, LL.M, Advocate
**LawPlus Myanmar Ltd.**
Room 517, Yangon International Hotel, No. 330, Corner of Ahlone and Pyay Roads,
Dagon Township, Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833

Dated: 21st November 2016


## လတ်တလောဖြစ်ပေါ်နေသော မော်တော်ယာဉ်ဈေးနှုန်းများ

| No. | Vehicle Name | Model Year | Price – Kyats(Lakh) |
|---|---|---|---|
| 1 | Mark 2(ရွှေငါး) | 2003 | 200 to 240 |
| 2 | Royal Saloon | 2004 | 310 to 360 |
| 3 | Honda Fit | 2011-12 | 150 |
| 4 | Alphard | 2003 | 320 to 360 |
| 5 | Toyota Wish | 2003-04 | Over 210 |
| 6 | Isuzu(Extra Cab) | 2004 | 160 |
| 7 | Suzuki Swift | 2010-11 | Over 130 |
| 8 | Hijet | 2006-07 | 80 to 90 |
| 9 | Probox | 2011-12 | 110 to 125 |
| 10 | Kluger | 2003-04 | Over 310 |
| 11 | Toyota Ractic | 2010-11 | 135 to 140 |
| 12 | Toyota Vitz | 2011-12 | 130 |
| 13 | Crown Athlete | 2004 | 260 to 330 |
| 14 | Tiger(Double Cab) | 2003 | 270 |
| 15 | Mazda Demio | 2010-11 | 120 to 130 |

မော်တော်ယာဉ်အခြေအနေအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

### Jokes

#### လမ်းမှား

အရက်အလွန်ကျွံသောက်ထားသူတစ်ဦး ဘတ်စ်ကားပေါ်သို့ ရောက်ရှိလာသည်။

ဘတ်စ်ကားပေါ်သို့ ၎င်းထက်အလျင် ရောက်နှင့်နေပြီးဖြစ်သည့် တရားဟောဆရာက အရက်မူးလာသူကို မနှစ်မြို့စွာကြည့်ရင်း လှမ်းပြောလိုက်သည်။

"ငါ့သား။ ဒါဟာ ငရဲကို သွားတဲ့လမ်းကွဲ့"

"ဘယ်လို..ဘယ်လို။ ကြည့်စမ်း။ ငါအတော်မူးသွားတာပဲ။ ကားတောင် မှားစီးမိနေပြီ"

#### တွေ့ရမှာပါ

အရက်မူးသမားတစ်ယောက် တက္ကစီတားပြီး တက်စီးလိုက်သည်။ ကားဆရာကို အာလေးလျှာလေးလေသံဖြင့် လှမ်းပြောလိုက်သည်။

"ကျုပ်ကို ဘောကာလမ်းဆီ လိုက်ပို့ပေးစမ်းပါဗျာ"

"ဒါနဲ့ နောင်ကြီးရဲ့အိမ်နံပါတ်က ဘယ်လောက်တုံး"

"ကျုပ်မူးနေပြီဗျ။ လျှာမရှည်စမ်းပါနဲ့။ ဟိုရောက်ရင် ခင်ဗျားတွေ့ရမှာပါ'


The Voice Daily

လစဉ်ပေးမှာယူဖတ်ရှုသည့်

စာဖတ်ပရိသတ်များ

အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

ဖြန့်ချိရေးကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

# သင့်ကား အဆွဲအရှုန်းမကောင်းစေခြင်းရဲ့ တရားခံ (သို့) လေတံခါး (Throttle Body) ချို့ယွင်းမှု ရောဂါလက္ခဏာများ

ကား တစ်စီး အဆွဲအရှုန်း မကောင်းစေတဲ့အကြောင်း အရင်းများစွာ ရှိပါတယ်။ အဲဒီထဲ ကမှ လေတံခါး (Throttle Body) နဲ့ လေတံခါးဆင်ဆာ (Throttle Position Sensor-TPS) မကောင်းခြင်းကြောင့် ဖြစ်ပေါ်နိုင်တဲ့ ကားရောဂါများကို တင်ပြပေးလိုက်ပါတယ်။

**Throttle Body (လေတံခါး)**

လေတံခါးဆိုတာက အတွင်းပိုင်း မီးလောင်ပေါက်ကွဲမှုအင်ဂျင် (Internal Combustion Engine) တွေ မီးလောင်ပေါက်ကွဲဖို့ လိုအပ်တဲ့လေကို ထည့်သွင်းပေးရတဲ့ Intake System မှာ အဓိကတာဝန်ထမ်းဆောင်နေတဲ့အရာ ဖြစ်ပါတယ်။

Throttle Body (လေတံခါး) ကို ယေဘုယျအားဖြင့် အင်တိတ်မီနီဖိုး (Intake Manifold) နဲ့ လေစစ်ဘူး (Air Filter) တို့ကြားထဲမှာ တပ်ဆင်ထားပြီး ကားမောင်းသူရဲ့ လီဘာနင်းမှုအပေါ်မူတည်ပြီး အင်ဂျင်ထဲကို မီးလောင်ပေါက်ကွဲဖို့ လေအနည်းအများ ဘယ်လောက်ပမာဏ သွင်းမယ်ဆိုတာကို သူ့မှာပါဝင်တဲ့ Butterfly Valve တွေကို Regulate လုပ်ပေးခြင်းဖြင့် ထိန်းချုပ်ပေးပါတယ်။ ဒါက လေတံခါးရဲ့ အဓိကတာဝန်ထမ်းဆောင်နေတဲ့ပုံစံပါ။ ဒီလိုတာဝန်ထမ်းဆောင်နေတဲ့ လေတံခါးက လေမသန့်လို့ဖြစ်စေ၊ အခြားအကြောင်းအမျိုးမျိုးကြောင့် လေတံခါးဟာ ကြေးတွေ၊ ဖုန်တွေ ပိတ်ဆို့သွားမယ်ဆိုရင် သူထမ်းဆောင်ရတဲ့တာဝန်ဖြစ်တဲ့ လေအနည်းအများ ပမာဏထည့်သွင်းခြင်းကိုအတိအကျမလုပ်ဆောင်နိုင်တော့ဘဲအညစ်အကြေးပိတ်ဆို့မှု အနည်းအများပမာဏအပေါ် မူတည်ပြီး သင့်ကားမှာ အောက်ပါရောဂါလက္ခဏာတွေ ဖြစ်ပေါ်လာတာကို တွေ့ရမှာပါ။

- စက်နိုးရကြာခြင်း၊ စက်နိုးရာတွင်ပုံမှန်ထက် ကရိုင်းရှပ်လည်ပတ်ရနှုန်း ပိုများခြင်း။
- အင်ဂျင်အနှေးလည်ပတ်မှု အခြေအနေ (Idle Speed) မတည်မငြိမ်ဖြစ်ခြင်း၊ အင်ဂျင်အနှေးလည်ပတ်နေတဲ့အချိန်မှာ ပုံမှန်မဖြစ်ဘဲ အတက်အကျ မတည်မငြိမ် ဖြစ်ပေါ်ခြင်း။
- အင်ဂျင်အနှေးလည်ပတ်နေချိန်တွင် လေတံခါးအတွင်း ပိတ်ဆို့နေသည့် ကြေး(ဂျီး)များကြောင့် အဖွင့်အပိတ်မမှန်ဖြစ်ပြီး လေယိုစိမ့်မှုဖြစ်ကာ စက်သေသွားခြင်း၊ သို့မဟုတ် Slow Speed ဖြစ်သွားခြင်း။
- အင်ဂျင်တုံ့ဆိုင်းဆိုင်းဖြစ်ခြင်း၊ ဥပမာအားဖြင့် ကားမောင်းနေချိန် အကြောင်းတစ်ခုခုကြောင့် လီဘာကိုလျှော့လိုက်ပါက အင်ဂျင်စက်တုံ့ဆိုင်းဆိုင်းဖြစ်သွားပြီး စက်သေချင်သလိုလိုဖြစ်ခြင်း၊ မီးပွိုင့်မိ၍ စက်ရှိန်လျှော့သည်နှင့် စက်သေသွားခြင်း၊ ယင်းကဲ့သို့ဖြစ်လာပြီဆိုပါက လေတံခါးကိုဖြုတ်ပြီး လေတံခါးထဲမှ အညစ်အကြေးများ၊ ချေးများကို ဆေးကြောသန့်စင်ရန် လိုအပ်နေပြီဖြစ်ပါတယ်။ လေတံခါးသန့်ရှင်းသည့်ဆေးရည်များနှင့် ဆေးကြောနိုင်သကဲ့သို့အများအားဖြင့် ဓာတ်ဆီနဲ့လည်းဆေးကြောနေတာ တွေ့ရပါတယ်။

**လေတံခါးဆင်ဆာ - TPS (Throttle Position Sensor)**

လေတံခါးဆင်ဆာဆိုတာက ကားမှာရှိတဲ့ လေတံခါးရဲ့အလုပ်လုပ်ပုံတွေကို ကူညီထိန်းချုပ်လုပ်ဆောင်ပေးတဲ့အရာပါ။ ယေဘုယျအားဖြင့်တော့ လေတံခါးထဲမှာရှိတဲ့ Butterfly Valve တွေရဲ့ အပိတ်အဖွင့်နဲ့ တည်နေပုံတွေကို အာရုံခံပေးပြီး ထိန်းချုပ်လုပ်ဆောင်ခြင်း ဖြစ်ပါတယ်။ မော်ဒယ်လ်မြင့်ကားတွေမှာတော့ ECU(Engine Control Unit) ကနေပြီး အာရုံခံစနစ်တွေ၊ သတင်းပို့စနစ်တွေကို အသုံးပြုကာ ETC-Electronic Throttle Control စနစ်တွေအဖြစ်လုပ်ဆောင်ပေးပါတယ်။ တခြားလုပ်ဆောင်ချက်အနေနဲ့ကတော့ လေတံခါးဆင်ဆာတွေနဲ့ Automatic Transmission လို့ခေါ်တဲ့ အော်တိုဂီယာစနစ်တွေတွဲဖက်လုပ်ဆောင်ပြီး ဂီယာပြောင်းလဲမှု ဖြစ်စဉ်တွေကို ထိန်းချုပ်လုပ်ဆောင်ခြင်းပါပဲ။ ဒီလိုလုပ်ဆောင်ချက်တွေကို လုပ်ဆောင်ပေးနေတဲ့ ဆင်ဆာတွေ ချို့ယွင်းပျက်စီးမယ်ဆိုရင် သင့်ကားမှာ အောက်ပါရောဂါလက္ခဏာတွေဖြစ်ပေါ်လာနိုင်ပါတယ်။

**၁။ ကားအရှိန်တက်မှုနှေးကွေးမယ်**

ပုံမှန်အားဖြင့် ကားတွေမှာ ကားလီဘာနဲ့ ကားရဲ့အရှိန်ဟာ တိုက်ရိုက်ဆက်သွယ်နေပါတယ်။ လေတံခါးဆင်ဆာတွေ ကြောင်လာမယ်ဆိုရင်တော့ သင်လီဘာနင်းရင် နင်းသလောက် ကားအရှိန်မြင့်တက်လာမှာ မဟုတ်တော့ပါဘူး။

သင်လီဘာကို နင်းလိုက်တဲ့အရှိန်နဲ့ ကားရဲ့အရှိန်မြင့်တက်လာမှု ကွာဟနေမယ်ဆိုရင်တော့ သင့်ကားရဲ့လေတံခါးဆင်ဆာတွေ ကြောင်နေပါပြီ။ အထူးသဖြင့် ကားအရှိန်တက်လာပြီးမှ ရုတ်တရက် တုံ့ဆိုင်းဆိုင်းဖြစ်သွားတာမျိုးပါ။

**၂။ ခဏခဏ စက်သေသွားခြင်း**

အခြားလေတံခါးဆင်ဆာ မကောင်းခြင်းကြောင့်ဖြစ်စေတဲ့ ထင်ရှားတဲ့ရောဂါလက္ခဏာကတော့ အင်ဂျင်စက်နှိုးကြည့်ထားချိန်နဲ့ မောင်းနှင်နေတဲ့ အချိန်နှစ်ခုလုံးမှာ ခဏခဏ စက်သေသွားခြင်းပါ။ အင်ဂျင်စက်သေသေသွားရခြင်းရဲ့ရောဂါတွေအများကြီးရှိတဲ့အထဲကမှ ပုံမှန်စက်ခဏခဏ သေသွားတတ်ခြင်းက လေတံခါးရောဂါ ဖြစ်တတ်ပါတယ်ဆိုပြီး ပညာရှင်တွေက သတ်မှတ်ထားပါတယ်။

**၃။ အရှိန်အလိုလိုမြန်လာခြင်း**

လီဘာကို အရှိန်တစ်ခုရအောင် ပုံမှန်နင်းထားရာကနေ ကားအရှိန်တွေက ပုံမှန်မဟုတ်ဘဲ အလိုလိုမြန်လာမယ်၊ တိုးပြီးတက်လာမယ် ဆိုရင်လည်း အဲဒါ လေတံခါးဆင်ဆာကြောင့်ဖြစ်တတ်တဲ့ ရောဂါလက္ခဏာရပ်ပါပဲ။

**၄။ ဂီယာအပြောင်းအကူး ပြဿနာ**

TPS တွေက လီဘာဘယ်လောက်နင်းတယ်ဆိုတာကို တိတိကျကျ သတင်းမပို့နိုင်ရင် သင့်ကားအရှိန် အနိမ့်အမြင့်ကို အင်ဂျင်ထိန်းချုပ်စနစ်က သေချာမသိဘဲ ဂီယာအကူးအပြောင်းတွေ ပြုလုပ်ခြင်းဆိုတဲ့ ပြဿနာတွေ ဖြစ်လာနိုင်ပါသေးတယ်။

**၅။ Engine Check မီးလင်းလာတာ**

အင်ဂျင်ချက် မီးလင်းလာရခြင်း အကြောင်းအရာတွေ များစွာရှိရတဲ့အထဲကမှ အပေါ်ကလက္ခဏာရပ်တွေလည်း ဖြစ်တယ်၊ Engine Check မီးလည်း လင်းလာမယ်ဆိုရင်တော့ အဲဒါ TPS ကြောင့်ဖြစ်ရတဲ့ ရောဂါပဲဖြစ်တယ်ဆိုတဲ့အကြောင်း တင်ပြလိုက်ရပါတယ်။

■ **Surce - Prime Auto Technology**



## နောက်ကြည့်မှန်စွပ်

ဒီပစ္စည်းလေးကို နီကယ်စွပ်လို့လည်း ခေါ်ကြပါတယ်။ နီကယ်ရည်နဲ့ ပြုလုပ်ထားတာကြောင့်ပါ။ ဒီနောက်ကြည့်မှန်စွပ်လေးကတော့ အထူးအမျိုးအစားဖြစ်တာကြောင့် အကြမ်းခံ၊ ကြာရှည်ခံပြီး ယိုးဒယားMade ဖြစ်ပါတယ်။ ယိုးဒယားထုတ်ဖြစ်တာနဲ့အညီ ကိုယ်တပ်ဆင်မယ့်ကားရဲ့ နောက်ကြည့်မှန်မှာ အပိုအလိုမရှိအဆင်ပြေပြေ တပ်ဆင်နိုင်မှာဖြစ်တဲ့အတွက် ကိုယ့်ကားရဲ့နောက်ကြည့်မှန်ကိုလည်း ထိခိုက်တာတွေ ဖြစ်ပေါ်စေမှာ မဟုတ်ပါဘူး။ ဒီနောက်ကြည့်မှန်စွပ်လေးကတော့ လူစီးကားကြီးတွေဖြစ်တဲ့ Land Cruiser တို့လို ကားကြီးတွေမှာ တပ်ဆင်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အထူးသားဖြစ်တာကြောင့် ကြိုးလွယ်၊ ပွဲလွယ်တာကို စိုးရိမ်စရာမလိုသလို စောစောစီးစီး အရောင်မှိန်မှာကိုလည်း စိုးရိမ်စရာမလိုပါဘူး။ အပါးတွေကိုတော့ တရုတ်နိုင်ငံက ထုတ်တာများပြီးတော့ အထူကိုတော့ ထိုင်းနိုင်ငံက ထုတ်ပါတယ်။ ဒါ့ကြောင့်လည်း ဈေးနှုန်းက အနည်းငယ်ကွာဟလေ့ ရှိပါတယ်။ ဒီပစ္စည်းလေးရဲ့ဈေးနှုန်းကတော့ တစ်စုံကို ၃၀၀၀၀ ကျပ် ကျသင့်စေမှာ ဖြစ်ပါတယ်။ ဆက်သွယ်မှာယူလိုတယ်ဆိုရင်တော့ Desire Autoworks (ဂျပန်လမ်းဆိုင်ခွဲ)ဖြစ်တဲ့ No (63-D)၊ သီရိမင်္ဂလာလမ်းမကြီး၊ အရှေ့ရွာမရပ်ကွက်၊ အင်းစိန်မြို့နယ်သို့ဖြစ်စေ၊ ဖုန်းနံပါတ် ၀၉-၄၂၁၀၁၂၃၅၉ သို့ဖြစ်စေ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။ ■



## Injector Cleaner

ဒီပစ္စည်းလေး အသုံးပြုပုံကတော့ ဆီတိုင်ကီအတွင်းကို ထည့်သွင်းလိုက်ရုံပဲ ဖြစ်ပါတယ်။ ဒီပစ္စည်းလေးက အင်ဂျက်တာတွေမှာ ပိတ်ဆို့တတ်တဲ့ ကြေး(ဂျီး)တွေနဲ့ ဆီတွေမှာပါဝင်တတ်တဲ့ အမှုန်အမွှားတွေကို ဖယ်ရှားပေးနိုင်တဲ့ ဆေးပြားလေးတွေဖြစ်ပါတယ်။ ဒါကြောင့် ဆီကိုပိုမိုကောင်းမွန်စေပြီး ဆီကိုသန့်စေတာကြောင့် အင်ဂျင်ရဲ့လည်အား၊ လုပ်အားကိုလည်း ပိုမိုကောင်းမွန်စေပါတယ်။ ကိုယ့်ကားရဲ့ဆွဲအား၊ ရုန်းအားကိုလည်း ပိုမိုကောင်းမွန်စေမှာပါ။ တစ်ကတ်ကို နှစ်လုံးပါဝင်မှာဖြစ်သလို ဆေးတစ်လုံးကိုလည်း ဆီဂါလန် ၁၀ ဂါလန်အထိ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ နောက်ပြီး ဆေးတစ်လုံးက ၁၀ ဂါလန်လို့ဆိုပေမယ့် နောက်ထပ် ဆီ ၅ ဂါလန်လောက်အထိ ထပ်ထည့်အသုံးပြုနိုင်စေမှာ ဖြစ်ပါတယ်။ ဒီဆေးတစ်ကတ်ကိုတော့ ၉၀၀၀ ကျပ်ကျသင့်မှာဖြစ်တဲ့အတွက် ကိုယ်ပိုင်ကားအဖြစ် စီးနင်းသူပဲဖြစ်ဖြစ်၊ အငှားယာဉ်အဖြစ်အသုံးပြုသူပဲဖြစ်ဖြစ် အလွယ်တကူ ဝယ်ယူအသုံးပြုနိုင်တဲ့ ဈေးနှုန်းတစ်ရပ်မှာ ရှိနေတဲ့အတွက် ထည့်သွင်းအသုံးပြုနိုင်စေရန် ဖော်ပြပေးလိုက်ပါတယ်။ ဒီဆေးကတ်လေးကို ဆက်သွယ်ဝယ်ယူလိုတယ်ဆိုရင်တော့ Desire Autoworks (ဂျပန်လမ်းဆိုင်ခွဲ)ဖြစ်တဲ့ No(63-D)၊ သီရိမင်္ဂလာလမ်းမကြီး၊ အရှေ့ရွာမရပ်ကွက်၊ အင်းစိန်မြို့နယ်သို့ဖြစ်စေ၊ ဖုန်းနံပါတ် ၀၉-၄၂၁၀၁၂၃၅၉ သို့ဖြစ်စေ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။ ■



## Celebrities' Choice

# “အဓိကကတော့ ကားကို ကားလိုမောင်းလို့ရဖို့ပဲ ကျွန်တော်က ရည်ရွယ်တယ်”

## မြန်မာ့လက်ရွေးစင်ဟောင်း၊ ရှမ်းယူနိုက်တက် ဂိုးသမား သီဟစည်သူနှင့် တွေ့ဆုံခြင်း

ခိုင်ချယ်ရီထွန်း

**ဒီတစ်ပတ်ရဲ့ Celebrities’ Choice ကဏ္ဍမှာတော့ မြန်မာ့လက်ရွေးစင်ဟောင်း၊ ရှမ်းယူနိုက်တက် ဂိုးသမား သီဟစည်သူနဲ့ တွေ့ဆုံပြီး သူ့ရဲ့ကားလေးအကြောင်းကို သွားရောက်တွေ့ဆုံမေးမြန်းထားပါတယ်။**



**Voice ႏ လက်ရှိစီးနေတဲ့ ကားအမျိုးအစားလေး သိပါရစေ။**

**THST ႏ** ကျွန်တော်အခုလက်ရှိစီးနေတာက Caldina စက်ရုပ်လေး စီးနေပါတယ်။ ဒီကားမတိုင်ခင်ကတော့ Civic လေး စီးခဲ့ဖူးပါတယ်။

**Voice ႏ အရင် Civic စီးနေရင်းက ဒီကားလေး ဘာကြောင့် လဲဖြစ်သွားတာလဲ။**

**THST ႏ** ပထမပေါ့နော်။ ကိုယ်နဲ့လည်း အဆင်ပြေမယ်ထင်လို့ပါ။ အရင်ကားလေးတုန်းက စကတ်လေးတွေနဲ့ဆို ကောင်းမယ်ထင်ပေမယ့် တကယ်တမ်းကျ သွားရလာရတာ အဆင်မပြေဘူး။ Slow Down တို့ဘာတို့မှာ အရှိန်နှိမ့်လျှော့နေရတာပဲဖြစ်ဖြစ်၊ လမ်းမကောင်းတဲ့အခါမှာပဲဖြစ်ဖြစ် အဆင်မပြေဘူး။ ကားက ကားလိုမမောင်းရဘူး။ ခုဒီကားလေးကျတော့ အဆင်ပြေတယ်ပေါ့နော်။

**Voice ႏ ဒီကားဝယ်ထားတာရော ကြာပြီလား။**

**THST ႏ** မကြာသေးဘူးဗျ။ နှစ်ပတ်သုံးပတ်လောက်ပဲ ရှိဦးမယ်။

**Voice ႏ ကားဝယ်တဲ့အခါမှာရော ဘယ်လိုအချက်တွေကိုကြည့်ပြီး ဝယ်သင့်တယ်လို့ထင်လဲ။**

**THST ႏ** အဓိကကတော့ ကားကို ကားလိုမောင်းလို့ရဖို့ပဲ ကျွန်တော်က ရည်ရွယ်တယ်။ ကိုယ်နဲ့အဆင်ပြေရမယ်၊ ကိုယ်သွားချင်တဲ့နေရာကို သွားလို့ရတဲ့ကားမျိုးဖြစ်ရမယ်။ ကိုယ်က ကားကိုပြန်ပြီး ဂရုစိုက်နေရတာမျိုး မဖြစ်ချင်ဘူး။ ကိုယ့်အတွက် အသုံးတည့်မယ့်ဟာမျိုး ဖြစ်ရမယ်။ ခိုင်လည်းခိုင်ရမယ်။

**Voice ႏ အခု ဒီကားရဲ့ဆီစားနှုန်းကရော။**

**THST ႏ** သူ့ရဲ့အင်ဂျင်က ၂.၀ ဆိုတော့ သူ့နှုန်းနဲ့သူတော့ သွားတာပေါ့။

**Voice ႏ လက်ရှိမှာ ရန်ကုန်မြို့တွင်း ယာဉ်လမ်းကြောင်း အခြေအနေတွေပေါ်ရော ဘယ်လိုမြင်လဲ။**

**THST ႏ** ယာဉ်လမ်းကြောင်း အခြေအနေကတော့ သက်ဆိုင်ရာတွေက လုပ်ပေးနေတာပဲ။ ဒါပေမဲ့ ဒီထက်ပိုပြီးတော့ကောင်းတဲ့ နည်းစနစ်တွေတော့ ရှိဦးမှာပါ။ အခုဖြစ်နေတာထက် ပိုပြီးတော့ အဆင်ပြေစေချင်ပါတယ်။ ပြီးတော့ ယာဉ်မောင်းတွေဘက်ကလည်း လိုက်နာရမယ့်စည်းကမ်းတွေကို လိုက်နာဖို့တော့ လိုတာပေါ့နော်။

**Voice ႏ ယာဉ်မောင်းတွေအနေနဲ့ရော ယာဉ်စည်းကမ်း လမ်းစည်းကမ်းတွေကိုလိုက်နာတယ်လို့မြင်လား။**

**THST ႏ** အခုနောက်ပိုင်းမှာတော့ တော်တော်များများ လိုက်နာကြပါတယ်။ ဒါပေမဲ့ လိုအပ်တာတော့ ရှိနေသေးတာပေါ့နော်။ တစ်ယောက်ချင်းစီကနေ လိုက်နာလိုက်မယ်ဆိုရင်တော့ ပိုကောင်းတာပေါ့။ အားလုံးရှင်းပြီးသား ဖြစ်သွားရော။

**Voice ႏ အခု ဒီကားအပြင် တခြားဘယ်လို ကားအမျိုးအစားတွေ သဘောကျသေးလဲ။**

**THST ႏ** ကျွန်တော်က ကားကိုအရမ်းကြီးတော့ စိတ်မဝင်စားဘူးဗျ။ ရန်ကုန်မှာနေတော့လည်း ကိုယ့်အတွက်က လိုအပ်တယ်လေ။ ကိုယ့်အတွက် အဆင်ပြေနိုင်မယ့်ကားမျိုးဆို ဘာစိတ်ဝင်စားလဲဆိုတော့ ခရီးတွေ ဘာတွေသွားရင် Alphard လို ကားမျိုးတော့ သဘောကျပါတယ်။ ဒါလေးပါပဲ။ ကားနဲ့ပတ်သက်ပြီး ကျွန်တော်အရမ်းကြီးလည်း စိတ်မဝင်စားတော့ ကျွန်တော်နဲ့ အဆင်ပြေနိုင်မယ်ထင်တဲ့ ကားမျိုးလေးပဲ ဝယ်ထားတာပါ။

**Voice ႏ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနဲ့ ပတ်သက်ပြီးရော ဘယ်လိုအကြံပေးချင်လဲ။**

**THST ႏ** ဒါကတော့ လိုအပ်လို့ထုတ်ပြန်ထားတဲ့အရာတွေကတော့ မောင်းတဲ့သူတွေအားလုံး လိုက်နာသင့်တာပဲလေ။ အားလုံးခြုံပြီးပြောရရင် ကိုယ်တတ်နိုင်တဲ့၊ ကိုယ်လိုက်နာရမယ့် စည်းကမ်းတွေကို တစ်ဦးချင်းစီကပဲ စပြီးပြောင်းရမှာပဲလေ။ ကျွန်တော်ကတော့ သူများကိုသွားပြီး အပြစ်တင်နေတာမျိုးထက် မိမိကိုယ်တိုင်ကစပြီး ပြောင်းလဲဖို့တိုက်တွန်းချင်ပါတယ်။

■ ခိုင်ချယ်ရီထွန်း

---

# CHOICE & GUIDE

## Sorento

**Model -**
**2016**
**အင်ဂျင်ပါဝါ -**
**၂၂၀၀ စီစီ**
**အာမခံ -**
**ငါးနှစ် (သို့မဟုတ်) ကီလိုတစ်သိန်း**
**လောင်စာဆီ အမျိုးအစား -**
**ဒီဇယ်**
**ဈေးနှုန်း -**
**အမေရိကန်ဒေါ်လာ ၅၉၀၀၀**

ဒီကားလေးက ကိုရီးယားနိုင်ငံထုတ် KIA ရဲ့ အဆင့်မြင့် ဇိမ်ခံကားလေးတစ်စီးဖြစ်ပါတယ်။ SUV အမျိုးအစား လူခုနစ်ယောက်စီး ကားလေးဖြစ်တဲ့ အလျောက် အကြမ်းခံနိုင်မယ့် Body Frame နဲ့ တည်ဆောက်ထားပြီး နောက်ဆုံးပေါ်ဇိမ်ခံပစ္စည်းတွေကိုလည်း ထည့်သွင်းထားပါတယ်။

ဒီကားလေးက New Sorento လို့ခေါ်ရလောက်အောင် ၂၀၁၅ မော်ဒယ်လ်နဲ့ လုံးဝခြားနားသွားတာကို တွေ့ရမှာဖြစ်ပါတယ်။ သူ့ရဲ့ဒီဇိုင်းမှာ ရှဲတွေ၊ Body အချိုးတွေ၊ မီးခွက်တွေက လုံးဝခြားနားသွားတာဖြစ်တဲ့အတွက် ကားရဲ့ရုပ်ထွက်ကလည်း လုံးဝခြားနားသွားတာကို တွေ့မြင်ရမှာပါ။



ဓာတ်ပုံ – ဟိန်းမြတ်စိုး

အတွင်းခန်းထဲမှာဆိုရင်တော့ ၂၀၁၅ မော်ဒယ်လ်နဲ့ သိပ်မကွာခြားပါဘူး။ ထိုင်ခုံတွေက Leather ဖြစ်မယ်။ Digital Round Air-Con နဲ့ Air-Bag ကတော့ နောက်က လိုက်စီးနင်းသူတွေအတွက်ပါ ထည့်သွင်းပေးထားပြီး ရှစ်လုံးအထိ ပါဝင်ပါတယ်။

Control ပိုင်းတွေမှာဆိုရင် ဒီကားရဲ့အထူးခြားဆုံးနဲ့ အခြားကားတွေမှာ သိပ်ပါလေ့မရှိတဲ့ Blind Sport Audition လို့ခေါ်တဲ့ ကားဘေးနားကပ် (နှစ်ပေခန့်)လာလျှင် အချက်ပေးတဲ့စနစ်တစ်ခု ပါဝင်ပါတယ်။ ဒီစနစ်လေးက နောက်ကြည့်မှန်တွေမှာ အချက်ပြမီးလေးတွေ တပ်ဆင်ထားပေးပြီး ကားကပ်လာတာနဲ့ အသံရော မီးအလင်းရောင်အဖြစ်ပါ အချက်ပြတာဖြစ်ပါတယ်။ ကျန် Control စနစ်တွေကတော့ နောက်ဆုံးပေါ်ကားတွေမှာ ပါလေ့ရှိတဲ့ Cruise Control၊ စတီယာရင် Volume Control နဲ့ Audio Control တွေနဲ့ Bluetooth Control တွေလည်း ပါဝင်မှာဖြစ်ပါတယ်။

KIA ကားအများစုက Audio ပိုင်းကို သိပ်ဦးစားမပေးတာကို တွေ့ရမှာဖြစ်သလို TV လည်း ထည့်သွင်းထားလေ့မရှိပါဘူး။ TV ဆိုလို့ Back Camera အတွက်သာ ပါဝင်တာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီကားလေးက Auto ရော Manual ရော နှစ်မျိုးလုံးမောင်းလို့ရတဲ့ ကားလေးတစ်စီးဖြစ်ပါတယ်။ Auto ဆိုရင်တော့ Semi ဖြစ်ပြီးတော့ Manual နဲ့ မောင်းချင်သူတွေအတွက်ကတော့ ဂီယာခြောက်ချက် ထည့်သွင်းထားပါတယ်။

ဒီကားလေးကို ဆက်သွယ်ဝယ်ယူချင်ဆိုရင်တော့ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ အမှတ် ၂၂-B၊ ၂၃-A၊ ကမ္ဘာအေးဘုရားလမ်းပေါ်မှာရှိတဲ့ Super Seven Star ကုမ္ပဏီရဲ့ KIA မော်တော်ယာဉ်အရောင်းပြခန်းကိုပဲဖြစ်ဖြစ်၊ ဖုန်းနံပါတ် - ၀၁ ၆၅၇ ၈၆၇၊ ၆၅၇ ၈၆၈ တို့ကိုပဲဖြစ်ဖြစ် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။

■

## ထရမ့်ကြောင့် iPhoneကို ပြည်တွင်းထက် ပြည်ပတွင် ပိုပြီးထုတ်လုပ်ရန် Apple စီစဉ်ဟုဆို

**ဝါရှင်တန်၊ နိုဝင်ဘာ ၂၀**

အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်ထရမ့် ရွေးကောက်တင်မြှောက်ခြင်း ခံလိုက်ရသောကြောင့် ဆီလီကွန်တောင်ကြား နည်းပညာရပ်ဝန်းတွင် ထိတ်လန့်တုန်လှုပ်မှုများဖြစ်ခဲ့ပြီး iPhone ထုတ်လုပ်နေသည့် Apple ကုမ္ပဏီအနေနှင့်လည်း ပြည်တွင်းထက် ပြည်ပနိုင်ငံများတွင်သာ ထုတ်လုပ်ရန် ပိုပြီးခိုင်မာသွားပြီ ဖြစ်ကြောင်း Nikkei Asian Review သတင်းတွင် ဖော်ပြထားသည်။




Apple ကုမ္ပဏီသည် iPhone ထုတ်လုပ်ရေးအတွက် အာရှမှ မိတ်ဖက်နိုင်ငံများနှင့် လက်မှတ်များရေးထိုးပြီး ထုတ်လုပ်မှု လုပ်ငန်းအားလုံးကို အာရှသို့ ရွှေ့ပြောင်းရန် စီစဉ်နေကြောင်း ယင်းသတင်းကဆိုသည်။

ဇွန်လကတည်းက ထရမ့်၏ ရွေးကောက်ပွဲအကြို မိန့်ခွန်းများကို သုံးသပ်ပြီး ပြည်တွင်း ထုတ်လုပ်မှုများတွင် ပြဿနာများ ကြုံတွေ့နိုင်ကြောင်း သုံးသပ်မိသဖြင့် နိုင်ငံခြားတွင်သာ ထုတ်လုပ်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

ထိုင်ဝမ်အခြေစိုက် Hon Hai Precision Industry သည် Foxconn Technology Group ကုမ္ပဏီ၏ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး iPhone များကို ထုတ်လုပ်ရန်အတွက် ယခင်ကတည်းက Apple ကုမ္ပဏီအတွက် လုပ်ဆောင်ပေးနေကာ၊ နောက်ထပ်လုပ်ငန်းအကျိုးတူ ပူးပေါင်းလုပ်ဆောင်ရန် စာချုပ်များ ထပ်မံရရှိခဲ့သည်။

ထိုင်ဝမ် အခြေစိုက် Pegatron ကုမ္ပဏီကမူ Apple ကုမ္ပဏီ၏ တောင်းဆိုမှုများကို စျေးနှုန်းညှိနှိုင်းမှု အဆင်မပြေသောကြောင့် နောက်ဆုတ်သွားခဲ့သည်။

Apple ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်း လုပ်ဆောင်နေသော ကုမ္ပဏီနှစ်ခုသည် နှစ်စဉ် iPhone အလုံးပေါင်း သန်း ၂၀၀ ခန့် ထုတ်လုပ်တပ်ဆင်ပေးရန် သဘောတူ စာချုပ်များရရှိသွားခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် iPhone ကို ထုတ်လုပ်မည်ဆိုပါက စရိတ်နှစ်ဆမက တက်သွားနိုင်သည့်အပြင် ထရမ့်၏ ရွေးကောက်ပွဲကြိုကာလ ပြောကြားသည့်စကားများထဲတွင် နိုင်ငံခြားမှ လုပ်သားများကို အမှီပြု နေသည့် အမေရိကန်ပြည်ထောင်စုရှိ ကုမ္ပဏီများကို အခွန်တိုးကောက်မည်ဆိုသည့် စကားရပ်များကြောင့် Apple ကုမ္ပဏီ၏ ပြည်တွင် ပြောင်းရွှေ့ထုတ်လုပ်မှုမှာ ပိုပြီး အလှမ်းဝေးသွားလိမ့်မည်ဟု Nikkei Asian Review တွင် သုံးသပ်ထားသည်။

Apple ကုမ္ပဏီသည် နိုင်ငံခြားတိုင်းပြည်များဖြစ်သည့် တရုတ်နိုင်ငံတွင်သာ မိမိတို့ထုတ်ကုန်များကို အဓိကထားပြီး ထုတ်လုပ်နေသော ကုမ္ပဏီဖြစ်ပြီး၊ ထရမ့်၏ နိုင်ငံခြားတွင် အလုပ်လုပ်နေသော ကုမ္ပဏီများကို ပြည်တွင်း ပြန်လာရေးအစီအစဉ်ကို သဘောမကျသဖြင့် ကန့်ကွက်လျက်ရှိသည်။

ထရမ့်ကလည်း ရွေးကောက်ပွဲအကြိုကာလတွင် မိမိတိုင်းပြည်ကို စမတ်အလွန်ကျသော တိုင်းပြည်၊ ထူးချွန် ထက်မြက်သော တိုင်းပြည်၊ စွမ်းအားအပြည့်ရှိသောတိုင်းပြည်အဖြစ် ကမ္ဘာက အံ့အားသင့်ငေးမောစေရမည်ဟု လေလုံးထွားထားကြောင်း Nikkei Asian Review တွင် ရေးသားထားသည်။ ■

## အနံ့ဆိုးများကို ချက်ချင်းတားဆီးပေးနိုင်သည့် ရေမွှေးတစ်မျိုး ဘီလ်ဂိတ်စ် တီထွင်

**ဝါရှင်တန်၊ နိုဝင်ဘာ ၂၀**



အနံ့ဆိုးများကို ချက်ချင်း ကာကွယ်တားဆီးပေါ်နိုင်မည့် ရေမွှေးတစ်မျိုးကို ကမ္ဘာကျော်ဘီလီယံနာကြီးတစ်ဦး ဖြစ်သည့် ဆော့ဖ်ဝဲကုမ္ပဏီ သူဌေးကြီး ဘီလ်ဂိတ်စ်နှင့် မလင်ဒါဂိတ်စ် ဖောင်ဒေးရှင်းက တီထွင်နိုင်ခဲ့ကြောင်း AFP သတင်းတွင်ဖော်ပြထားသည်။

ဆင်းရဲသည့် နိုင်ငံများတွင် အိမ်သာများကထွက်ပေါ်လာသည့် အနံ့ဆိုးများကို ကျန်းမာရေးလုပ်သားများ အပါအဝင် သန့်ရှင်းရေး လုပ်သားများ ဆိုးရွားစွာခံစားနေကြရသဖြင့် တီထွင်ထားသော ရေမွှေးကို ဆွတ်ထားလိုက်ရုံဖြင့် အနံ့ဆိုးများဘေးကအကာအကွယ်ပေးပြီးဖြစ်စေရန် စီမံထားခြင်းဖြစ်ကြောင်း ယင်း သတင်းကဆိုသည်။

အနံ့ဆိုးဖယ်ရှားရေးစနစ်သည် လေကြောင်းပျံသန်းစဉ်ကာလ လေယာဉ်ထဲတွင် အသံများ မကြားရစေရန်တပ်ဆင်သည့် နားကြပ်များအပေါ်တွင် အခြေခံပြီး စိတ်ကူးထုတ်ထားခြင်းဖြစ်ကြောင်း ဘီလ်ဂိတ်စ်က ပြောကြားသည်။

နားကြပ်က နားထဲသို့ရောက်လာမည့် အသံလှိုင်းများကို ပိတ်ဆို့တားဆီးလိုက်သကဲ့သို့ အနံ့ဆိုးများကို နှာခေါင်းက လက်မခံဘဲ ပိတ်ဆို့တားဆီးနိုင်စေရန် အလားတူလုပ်ဆောင်လိုက်ခြင်းသာဖြစ်ကြောင်း ယင်းက ပြောကြားသည်။

နှာခေါင်းတွင် ကြားခံအကာအကွယ် အတားအဆီးတစ်ခုကို ထည့်ထားလိုက်ခြင်းဖြင့် ဦးနှောက်ကို လှည့်စားကာ အနံ့ဆိုးကို ကွယ်ပျောက်သွားစေရန် ဖန်တီးလိုက်ခြင်းဖြစ်ကြောင်း၊ ဦးနှောက်ကို လှည့်စားမည့် အနံ့တားဆေး ပေါင်း ၃၅၀ ခန့်တီထွင်ပြီးမှ နောက်ဆုံးတွင် ထိရောက်သည့် အနံ့ဆိုးတား ရေမွှေးတစ်မျိုးကို ရရှိခဲ့ကြောင်း ဂိတ်စ်ကမှတ်ချက်ပေး ပြောကြားသည်။

ကျင်ကြီးနှင့် ကျင်ငယ်တို့တွင် ဓာတ်ပစ္စည်းပေါင်း ၂၀၀ ကျော်ပါဝင်ပြီး ထိုအနံ့ဆိုးများကို ဖယ်ရှားနိုင်သည့် နည်းလမ်းများကို အိမ်သာများထဲတွင် စတင်စမ်းသပ်နေပြီဖြစ်သည်။

ဂိတ်စ်သည် အနံ့ဆိုးများထွက်နေသည့် ပိုက်လိုင်းကို တီထွင်ထားသည့် ရေမွှေးအားသုတ်ပြီး လက်တွေ့ရှုကာ စမ်းသပ်ခဲ့ကြောင်း AFP သတင်းတွင် ရေးသားထားသည်။

စီးပွားရေးဖွံ့ဖြိုးမှုအားနည်းသော တိုင်းပြည်များတွင် အနံ့ဆိုးများကြားတွင် နေထိုင်ကြရသည့် အသက် ငါးနှစ်အောက်ကလေးပေါင်း နှစ်စဉ် ၈ သိန်းခန့်သေဆုံးနေကြရကြောင်း၊ အနံ့ဆိုးများကို ပပျောက်စေရေးကို ကျန်းမာရေးအတွက် အလေးထားဆောင်ရွက်ရန်လိုကြောင်း ဂိတ်စ်ကဆိုသည်။ ■

# NEWS IN BRIEF

### ကွန်ပျူတာကို သာမန်လူများ နားလည်စေရန် အားထုတ်လုပ်ဆောင်ခဲ့သူ အမျိုးသမီးနှစ်ဦး အိုဘားမားဂုဏ်ပြု

ကွန်ပျူတာကို သာမန်လူများ နားလည်စေရန် အားထုတ်လုပ်ဆောင်ခဲ့သူ အမျိုးသမီးနှစ်ဦးဖြစ်သည့် ဂရေ့စ်ဟော့ပါးနှင့် မာဂရက်ဟာမီလ်တန်တို့နှစ်ဦးအား အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဂုဏ်ပြုမည်ဖြစ်ကြောင်း AFP သတင်း တွင်ဖော်ပြထားသည်။

သမ္မတ အိုဘားမားသည်အမျိုးသမီးပညာရှင်နှစ်ဦးအပါအဝင် အခြား ပညာရှင် ၁၉ ဦးတို့အား သမ္မတ အိမ်တော်တွင် Presidential Medal of Freedom ဆုကို ချီးမြှင့်မည်ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ဟော့ပါးသည် ဆော့ဖ်ဝဲကို ပထမဆုံးတီထွင်သူဖြစ်ပြီး ပရိုဂရမ်းမင်းဘာသာစကားကိုလည်း လူတိုင်းနားလည် စေရန် လုပ်ဆောင်နိုင်ခဲ့သူဖြစ်ကြောင်း၊ ဟာမီလ်တန်သည်လည်း ဆော့ဖ်ဝဲ အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး၊ ကွန်ပျူတာကို အာကာသခရီးအတွက် များစွာအထောက်အကူဖြစ်စေရန် လုပ်ဆောင်နိုင်ခဲ့သောကြောင့် ဤဆုကို ချီးမြှင့်ရခြင်းဖြစ်ကြောင်း သမ္မတရုံးကထုတ်ပြန်ခဲ့သည်။ ■

### မောင်းသူမဲ့ ဒရုန်းယာဉ်များ လယ်ယာစိုက်ပျိုးရေးလောကကို ပြုပြင်ပြောင်းလဲမည်

လာမည့် ၂၀၁၇ ခုနှစ်ကစတင်ပြီး မောင်းသူမဲ့ ဒရုန်းယာဉ်များဖြင့် တောင်သူလယ်သမားများသည် စိုက်ပျိုး ထားသော သီးနှံများကို ထိန်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းများ စတင်လုပ်ဆောင်ရန် ပြင်ဆင်နေကြကြောင်း FAA ၏ ထုတ်ပြန်ချက်ကို CNBC သတင်းတွင် ဖော်ပြထားသည်။

အမေရိကန်ဗဟိုလေကြောင်းစီမံခန့်ခွဲရေးအဖွဲ့ (FAA) က ဒရုန်းယာဉ်များကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုရန် ခွင့်ပြုလိုက်ပြီဖြစ်သောကြောင့် ဒရုန်းယာဉ်များ ထုတ်လုပ်မှုမှာ ဖွံ့ဖြိုးတိုးတက်လာ တော့မည်ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

လာမည့် ၂၀၂၀ ပြည့်နှစ်အတွင်း ဒရုန်းယာဉ်ထုတ်လုပ်မှုကို ဒေါ်လာ ၁၂၇ ဘီလီယံအထိမြင့်တက်လာမည်ဟု ခန့်မှန်းထားပြီး လယ်ယာလုပ်ငန်းများတွင် ဒရုန်းယာဉ်သုံးစွဲမှုမှာ ၃၂ ဒသမ ၄ ဘီလီယံရှိနိုင်ကြောင်း CNBC သတင်းတွင် ရေးသားထားသည်။ ■

### သေလုမြောပါးဖြစ်နေသူ ကလေးမအား ဗြိတိန်တရားရုံးက အေးခဲခွင့်ပြု

ကင်ဆာရောဂါ ဝေဒနာဖြင့် သေဆုံးသွားသော အသက် ၁၄ နှစ်အရွယ် ဗြိတိန်သူကလေးမလေးအား ဗြိတိန်တရားရုံးက မိခင်၏တောင်းဆိုမှုကြောင့် အမေရိကန်ပြည်ထောင်စုတွင် အေးခဲပြီး အလောင်းကို သိမ်းဆည်းထားခွင့် ထုတ်ပေးလိုက်ကြောင်း The Washington Post သတင်းတွင်ဖော်ပြထားသည်။

အလောင်းကို အေးခဲထားခွင့်ကို ဗြိတိန်တွင် ခွင့်မပြုသောကြောင့် ဖခင်ဖြစ်သူက တားမြစ်နေသည့်ကြားမှ မိမိသမီးကို တစ်ချိန်တွင် အသက်ရှင်ရန် ပြန်ကုသနိုင်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် မိခင်က အမေရိကန်ပြည်ထောင်စုတွင် အလောင်းကို သိမ်းဆည်းထားခွင့်တောင်းဆိုချက်အား ခွင့်ပြုပေးလိုက်ခြင်းဖြစ်သည်။

အသက် ၁၄ နှစ်သမီးလေးသည် သေလုမြောပါး ဖြစ်နေစဉ်ကတည်းက မိမိကွယ်လွန်ချိန်တွင် အေးခဲထား ပေးပြီး ကင်ဆာရောဂါများကို ပျောက်ကင်းအောင်ကုသနိုင်ချိန်တွင် အသက်ပြန်ရှင်လိုကြောင်း တရားရုံးကို ဦးတိုက်လျှောက်ထားခဲ့ကြောင်း The Washington Post တွင် ရေးသားထားသည်။ ■

### ဂျီဟာတ်အကြမ်းဖက်သမားများကိုတိုက်ခိုက်ရန် Facebook မှကြော်ငြာများကိုဝယ်ယူ

ဆိုရှယ်မီဒီယာကြီးတစ်ခုဖြစ်သည့် Facebook ပေါ်တွင် အစ္စလာမ္မစ် အစွန်းရောက်သမားများကို ပြန်လည် တိုက်ခိုက်နိုင်ရန် ဝါဒဖြန့်ချိနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုအစိုးရက အွန်လိုင်းကြော်ငြာ နေရာများကိုဝယ်ယူခဲ့ကြောင်း AFP သတင်းတွင်ဖော်ပြထားသည်။

အစိုးရဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် မိုက်ကယ်လမ့်ကင်းက အစ္စလာမ္မစ်အစွန်းရောက်များကို ဆော့ဖ်ပါဝါဖြင့် ပြန်လည်တိုက်ခိုက်နိုင်ရေးအတွက် Facebook ကို ပြန်လည်အသုံးချမည်ဟု ပြောကြားသည်။

Facebook ကို အသုံးပြုပြီး လူငယ်များ၏ ထောက်ခံမှုများကို အရယူကာ စာများဖြင့် အစွန်းရောက်များကို တိုက်ခိုက်ချေမှုန်းရန် ပြင်ဆင်ထားကြောင်း ယင်းကဆိုသည်။ ■

### ငွေထုတ်စက်များတွင် ငွေသာမက ရောဂါပိုးများကိုပါ ထုတ်ပေးဟုဆို

နယူးယောက်စီတီးရှိ ATM ငွေထုတ်စက်များကို လေ့လာဆန်းစစ်ရာတွင် ငွေသာမက အိမ်များတွင် ကြွက်များ၊ ငါးများနှင့် ခရုများကတစ်ဆင့် ကူးစက်နိုင်သည့် ရောဂါပိုးမွှားများ လူများကို ထပ်ဆင့်ဖြန့်ချိပေးနေသည့် နေရာဖြစ်နေကြောင်း Reuters သတင်းတွင်ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုတွင် ATM ငွေထုတ်စက်များဖြင့် ငွေထုတ် နေကြသူပေါင်း ၇၅ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ အင်တာနက်မိုဘိုင်းလ်ဖြင့် ငွေထုတ်မှုများလာသလို ငွေထုတ်စက် ကီးဘုတ်နှင့် ပိုက်ဆံများကတစ်ဆင့် ကူးစက်နိုင်သည့် ရောဂါပိုးများကိုလည်း သတိထားသင့်ကြောင်း ယင်းသတင်းကဆိုသည်။

နယူးယောက်တက္ကသိုလ်မှ ဒေါက်တာ ဂျိမ်းကာလ်တန်က ငွေထုတ်စက်များကို လိုက်လံစစ်ဆေးပြီးနောက် ရောဂါပိုးများကို အဓိကဖြန့်ဖြူးပေးနိုင်သည့် နေရာတစ်နေရာအဖြစ် သတိပြုကြရန်သတိပေးထားကြောင်း Reuters တွင် ရေးသားထားသည်။ ■



# မင်းလည်းဘိုကေ ငါလည်းဘိုကေ ဟာသရုပ်ရှင် နိုဝင်ဘာလ ၂၅ ရက်နေ့ ရုံတင်ပြမယ်

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

အောင်တိုင်းကျော်ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ပြည်ဟိန်းသီဟ ရိုက်ကူးတဲ့ မင်းလည်း ဘိုကေ ငါလည်းဘိုကေ ဟာသရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလ ၂၅ ရက်နေ့မှာ ရုံတင်ပြသသွားတော့မှာဖြစ်ကြောင်း ယင်းဇာတ်ကားမှာ အဓိကသရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်ထားတဲ့ မြင့်မြတ်က The Voice ကို ပြောကြားပါတယ်။

"ဒီကားက ရုပ်ရှင်မှာ ကိုကျော်ကျော်ဗိုနဲ့ ကျွန်တော် စပြီးဆုံတဲ့ ဇာတ်ကားပါ။ ကာရိုက်တာပိုင်းအရတော့ အဝတ်အစားလေးတွေ ပုံစံမတူအောင် ညှိရတာပေါ့။ ကျွန်တော့်ရဲ့ ကာရိုက်တာကတော့ ရွာမြောက်ပိုင်းက သူဌေးသားပေါ့နော်။ ဒီကားက ဟာသဦးစားပေး ဇာတ်လမ်းပါပဲ။ ပရိသတ်ကြိုက်မယ်လို့လည်း ယုံကြည်ပါတယ်" လို့ ယင်းဇာတ်ကားနဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ဒါရိုက်တာပြည်ဟိန်းသီဟ ကိုယ်တိုင်ဇာတ်လမ်းရေးသားရိုက်ကူးတဲ့ မင်းလည်းဘိုကေ ငါလည်းဘိုကေ ဟာသရုပ်ရှင်ဇာတ်ကားမှာတော့ သရုပ်ဆောင် မြင့်မြတ်၊ ကျော်ကျော်ဗို၊ သင်ဇာဝင့်ကျော်၊ ခင်လှိုင်၊ ဒိန်းဒေါင်၊ ကျော်ထူး၊ ငြိမ်းချမ်း၊ အုန်းသီးနဲ့ တက္ကသိုလ်ဂွမ်းပုံတို့ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

"ဒီကားမှာ သင်ဇာက ကိုယ့်မိဘတွေရဲ့ဇာတိရွာလေးကို ပြန်လာပြီး လုပ်အားပေး ဆရာမအနေနဲ့ ကလေးတွေကို စာလာသင်ပေးတာပေါ့။ အဲ့ဒီရွာမှာ ကိုမြင့်မြတ်နဲ့ ကိုကျော်ကျော်ဗိုက နှစ်ဖက်မိဘတွေရဲ့ လက်ထက်ကတည်းက ပဋိပက္ခတွေကြောင့် မတည့်ကြဘူး။ သူတို့ကြောင့် ရွာကလည်း နှစ်ခြမ်းကွဲနေသလို ဖြစ်နေတယ်။ သင်ဇာ ရောက်သွားတဲ့ အချိန်မှာ သူတို့တွေကိုပြန်ပြေလည်အောင် ကြိုးစားပေးတာပေါ့" လို့ သရုပ်ဆောင် သင်ဇာဝင့်ကျော်က ပြောကြားပါတယ်။

# သက်ငယ်မုဒိမ်းမှု ပပျောက်ရေး ပညာပေးဇာတ်လမ်းတို ရိုက်ကူးမယ့် ဒါရိုက်တာ သည်ခေတ်နေ

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**


ဓာတ်ပုံ- သည်ခေတ်နေ Facebook Page

ဘိုဘို ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ စီစဉ်မှုနဲ့ အနာဂတ်ကို သတ်ပုံမဖျက်နဲ့လို့ အမည်ရတဲ့ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး ပညာပေးဇာတ်လမ်းတိုကို ယခုလအတွင်းရိုက်ကူးသွားမှာ ဖြစ်ကြောင်း ဒါရိုက်တာ သည်ခေတ်နေက The Voice ကို ပြောကြားပါတယ်။

"ဘိုဘို ထုတ်လုပ်ရေးကနေပြီး စည်းကမ်းအကြောင်းလေးတွေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ ပတ်သက်တဲ့ ဇာတ်လမ်းတိုလေးတွေ ရိုက်ဖို့ စီစဉ်ထားတယ်။ ကျွန်တော့်ကိုလည်း ဇာတ်လမ်းတိုတစ်ခုလောက် ရိုက်ပေးဖို့ကမ်းလှမ်းလာတော့ Facebook မှာရော အပြင်မှာပါ လူပြောများနေတဲ့ သက်ငယ်မုဒိမ်းမှုကိစ္စကို ရိုက်ဖို့ ရွေးချယ်လိုက်တာပါ" လို့ ယင်းဇာတ်လမ်းတိုနဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

မြန်မာနိုင်ငံမှာ လက်ရှိအဖြစ်များနေတဲ့ သက်ငယ်မုဒိမ်းမှုကိစ္စတွေနဲ့ ပတ်သက်ပြီး လူသားတစ်ယောက်အနေနဲ့ စိတ်မကောင်းကြီးစွာဖြစ်ရပြီး၊ ယင်းအမှုတွေ ပပျောက်စေဖို့အတွက် အသိပညာပေးမယ့် အကြောင်းအရာလေးတွေကို ဇာတ်လမ်းတိုမှာ ထည့်သွင်းရိုက်ကူးသွားမှာဖြစ်ကြောင်း ဒါရိုက်တာ သည်ခေတ်နေက ပြောကြားပါတယ်။

"ဇာတ်လမ်းတိုမှာတော့ သက်ငယ်မုဒိမ်းမှုကို ကျူးလွန်တာက အင်မတန်မှ ရှက်စရာကောင်းတယ်ဆိုတဲ့ အကြောင်းလေးတွေ၊ ပြစ်မှုနဲ့ ပြစ်ဒဏ်တွေကိုလည်း ထိထိရောက်ရောက် ချမှတ်ပေးဖို့ လိုတယ်ဆိုတဲ့အကြောင်းလေးတွေကို ထည့်သွင်းရိုက်ကူးသွားမှာပါ။ ဒီလထဲမှာပဲ ကျွန်တော်တို့ စရိုက်ပါမယ်။ သရုပ်ဆောင်တွေကတော့ ရွေးချယ်နေဆဲပါပဲ" လို့ ၎င်းက ဆိုပါတယ်။

## Recap

❍ ရန်ကုန်ရုပ်ရှင် သင်တန်းကျောင်းရဲ့ နှစ်ပတ်လည် ရုပ်ရှင်ပြပွဲကို နိုဝင်ဘာလ ၂၅ ရက်နေ့၊ ညနေ ၆ နာရီမှာ အမှတ် ၂၀ ပုလဲလမ်း၊ ဗဟန်းမြို့နယ်မှာရှိတဲ့ မြရိပ်ညို ရှိုင်ရယ်ဟိုတယ် မှာ ပြုလုပ်သွားမှာဖြစ်ပြီး ရုပ်ရှင်ချစ်သူ ဝါသနာရှင်တိုင်း အခမဲ့ သွားရောက်ကြည့်ရှုနိုင်ပါတယ်။

❍ ပြည်တွင်းမီဒီယာလုပ်ငန်းစုတစ်ခုဖြစ်တဲ့ Myanmar Media 7 ကနေပြီး ၂၀၁၇ ခုနှစ်အတွင်းမှာ ရုပ်ရှင်ဇာတ်ကားတွေ ဆက်တိုက်ရိုက်ကူးသွားဖို့ရှိပါတယ်လို့ ယင်းမီဒီယာရဲ့ဥက္ကဋ္ဌဖြစ်သူ ဦးဝေမင်းမောင်က The Voice ကို ပြောကြားပါတယ်။

"ကျွန်တော်တို့ မီဒီယာက အနုပညာဖန်တီးမှုတွေကိုပဲ တောက်လျှောက်လုပ်လာခဲ့တယ်။ ရုပ်ရှင်လောကက ရုံတင်ရက် အခက်အခဲကြောင့် သိပ်ပြီး အဆင်မပြေ နိုင်သေးဘူးဆိုပေမယ့် ကျွန်တော်တို့ မီဒီယာရဲ့ ရပ်တည်မှုတစ်ခုအနေနဲ့ ရုပ်ရှင်ဇာတ်ကားတွေကို ဆက်ရိုက်သွားမှာပါ။ ဖြစ်လာတဲ့ အခြေအနေတွေပေါ်မှာ အကောင်းဆုံး ရပ်တည်နိုင်အောင် ကြိုးစားမှာပါ" လို့ ၎င်းက ဆိုပါတယ်။

❍ ၂၀၁၇ ခုနှစ်အတွင်းမှာ ကျင်းပဖွယ်ရှိတဲ့ ရုပ်ရှင်အစည်းအရုံး ရွေးကောက်ပွဲသစ်မှာ အရွေးချယ်ခံဖို့ စိတ်ကူးမရှိဘဲ ရှင်ရှင်လောကရဲ့ တိုးတက်မှုအတွက်ကိုပဲ ကိုယ်နိုင်သလောက် ကြိုးစားပေးသွားမှာပါလို့ ဝါရင့်သရုပ်ဆောင်ဆွေဇင်ထိုက်က The Voice ကို ပြောကြားပါတယ်။

"ကျွန်မကလေ ရုပ်ရှင်လောကကို Freelance အနေနဲ့ပဲ ကြည့်ချင်တယ်။ သင်္ဘောကြီးတစ်ခုအပေါ် ကို ကိုယ်လိုက်သွားရင် ဒီ သင်္ဘောသွားတဲ့ဆီကို ကိုယ်ပါသွားမှာလေ။ ကမ်းပေါ်က ကြည့်ရင်တော့ ဒီသင်္ဘော ဘယ်သွား တယ်ဆိုတာ မြင်ရတယ်ပေါ့နော်။ ကျွန်မတို့လိုလူမျိုးက ရာထူးလည်း မလိုဘူး။ လခလည်း မလိုဘူး။ နာမည်ကျော်ကြားဖို့လည်း မလိုပါဘူး။ ရုပ်ရှင်လောက တိုးတက်ဖို့အတွက် တာဝန်သိတဲ့ လောကသားတစ်ယောက်အနေနဲ့ ကိုယ်သိသလောက် ပြောပြပေးမှာပါ" လို့ ၎င်းကဆိုပါတယ်။

# ကိုယ်လေးလက်ဝန် ဂျနက်ဂျက်ဆင် ကျန်းမာရေးကောင်းသည်ဟု ပရိသတ်များကို အသိပေး

ပရိသတ်တွေကို ကျန်းမာပကတိ ချမ်းသာစွာ ရှိပါကြောင်း ကိုယ်ဝန်ဆောင် အဆိုတော် ဂျနက်ဂျက်ဆင်က Twitter ပေါ်ကနေ အသိပေးလိုက်ပါတယ်။

အသက် ၅၀ ရှိနေပြီဖြစ်တဲ့ ဂျက်ဆင်ဟာ People မဂ္ဂဇင်းကို ကိုယ်ဝန်ရှိနေပြီလို့ အတည်ပြုပေးပြီးနောက် အများမြင်ကွင်းကနေ ပျောက်ကွယ်နေတာ ကြာပါပြီ။

သူမနဲ့ ခင်ပွန်းသည် ဝစ်ဆမ် အယ်မာနာတို့က သူတို့စုံတွဲရဲ့ ပထမဆုံး ရင်သွေးကို ရတော့မှာ ဖြစ်ပါတယ်။

အတန်ကြာ အသံတိတ်နေတဲ့ ဂျနက်ဂျက်ဆင်ဟာ ပရိသတ်တွေရဲ့ချစ်ခင်မှုနဲ့ ကူညီဖေးမမှုကို ကျေးဇူးတင်ပါကြောင်း Twitter ပေါ်ကနေ ပြောကြားခဲ့ပါတယ်။

"ကိုယ့်လူတို့ရေ၊ မတွေ့တာလည်း ကြာပြီ။ ဒါပေမဲ့ ကျွန်မ နားစွင့်နေပါတယ်။ ရှင်တို့ရဲ့ ချစ်ခြင်းနဲ့ ဆုတောင်းပေးမှုတွေကို ခံစားရပါတယ်။ ကျေးဇူးတင်ပါတယ်။ နေလည်းကောင်းပါတယ်" လို့ သူက ပြောကြားခဲ့ပါတယ်။

အာရဗီဘာသာနဲ့ ဘုရားရှင်သင့်ကို ချီးမွမ်းပါစေလို့လည်း ပြောထားပါသေးတယ်။

ဂျနက်ဂျက်ဆင်ရဲ့ မောင်နှမတော်စပ်သူ ဂျာမိန်း ဂျက်ဆင်ကလည်း "ဦးလေးတစ်ယောက်ဖြစ်ရမှာမို့ ပျော်ရွှင်မိပါတယ်။ ကလေးက ဘယ်လိုလေး ဖြစ်မလဲဆိုတာကို ကြည့်ဖို့ မစောင့်နိုင်တော့ပါဘူး" လို့ သူက US Weekly ကို ပြောကြားခဲ့ပါတယ်။


contactmusic.com

# “ဘေဘ ဝတ္ထုက ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်က လယ်သမားတွေရဲ့ခံစားချက်ကို ကိုယ်စားပြုတာပေါ့။ ဒီဘက်ခေတ်မှာလည်း လယ်သမားတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေက အရင်ခေတ်နဲ့ သိပ်မကွာပါဘူး”

## ကျော်သူနဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး



ဓာတ်ပုံ- ကျော်သူ Facebook Page

**စာရေးဆရာကြီးမောင်ထင်ရဲ့ဂန္ထဝင် ဝတ္ထုကို အခြေခံပြီး ရိုက်ထားတဲ့ ဘေဘ ရုပ်ရှင်ဇာတ်ကားနဲ့ ပတ်သက်ပြီး ဝါရင့်သရုပ်ဆောင် ကျော်သူနဲ့ တွေ့ဆုံ၍ ဇာတ်ကောင် စရိုက်အတွက် ပြင်ဆင်ခဲ့ရမှု အပိုင်းများ၊ ရိုက်ကူးရေး အတွေ့အကြုံများနဲ့ သူ့ရဲ့ ပုံတူ ရုပ်တုအကြောင်းတို့ကို The Voice က မေးမြန်း ဖော်ပြထားပါတယ်။**

**Voice: ဘေဘ ရုပ်ရှင် ဇာတ်ကားကို ဒီဇင်ဘာလထဲ ရုံတင်တော့မယ်လို့ သိရပါတယ်။ ဦးကျော်သူ ကိုယ်တိုင်လည်း အားရတဲ့ ဇာတ်ကားတစ်ကားလို့ Facebook Page မှာ ရေးထားတာ ဖတ်ရတယ်နော်။**

**KT:** ကျွန်တော် ဇာတ်ကားတွေ ပြန်ရိုက်ဖြစ်တဲ့အချိန်မှာ ရိုက်ထားတဲ့ ဇာတ်ကားတွေထဲမှာ ဘေဘ ဇာတ်ကား ကို အားရတယ်လို့ ပြောတာပါ။ ဝတ္ထုရဲ့ဆိုလိုရင်းနဲ့ အနှစ်သာရကို ပေါ်လွင်အောင် ရိုက်ထားတဲ့ ဇာတ် ကားဆိုတော့လေ။ ဒါရိုက်တာဖြစ်တဲ့ ကိုခင်စောမျိုးကလည်း သေချာလေး ရိုက်ပေးထားတယ်။ သရုပ်ဆောင်ပိုင်းမှာဆိုလည်း ပါဝင်တဲ့သူတွေအကုန်လုံးက ကြိုးစားထားကြတာကိုတွေ့ရတယ်။ အဲ့ဒါကြောင့် အားရတဲ့ ဇာတ်ကားတစ်ကားလို့ ပြောတာပါ။

**Voice: ကိုယ်တိုင်ရော ဘေဘ ဇာတ်ကောင်နေရာမှာ ဘယ်လိုခံစားချက်တွေသွင်းပြီး သရုပ်ဆောင် ဖြစ်ခဲ့လဲ။**

**KT:** ဘေဘဝတ္ထုမှာဆို အရင်ခေတ်က လယ်သမားတွေရဲ့ ဖိနှိပ်ခံရမှုကို ပြထားတာပေါ့။ လယ်သိမ်း၊ ယာသိမ်းခံခဲ့ရတယ်။ အခုခေတ်မှာ ဆိုလည်း စစ်အစိုးရ လက်ထက်တုန်းက ဒါမျိုးတွေ ရှိခဲ့တယ်။ အဲ့ဒီအတွက် ဇာတ်ကောင်ရဲ့ Mood ကတော့ သွင်းလို့ရတယ်။ အဓိကကတော့ လယ်သမားအသုံးအဆောင်ဖြစ်တဲ့ တံစဉ်တို့၊ ဘာတို့ကတော့ ရှာရတာပေါ့လေ။ နှစ်တစ်ရာသက်တမ်းလောက်ရှိတဲ့ တံစဉ်တွေ ဘာတွေ ကျွန်တော်ရထားတယ်။ ဒီအသုံးအဆောင်ပစ္စည်းတွေကို ဇာတ်ကားရိုက်တဲ့အခါမှာ ထည့်သုံးဖြစ်ပါတယ်။

**Voice: ဘေဘ ဝတ္ထုထဲက အကြောင်းအရာတွေက ဒီဘက်ခေတ်နဲ့ရော ဘယ်လိုကိုက်ညီမှုတွေ ရှိနေလဲ။**

**KT:** ဘေဘ ဝတ္ထုမှာတော့ အဓိကဇာတ်ကောင်ဖြစ်တဲ့ ဘေဘက အဖိနှိပ်ခံရတယ်။ အဖမ်းအဆီးခံရတယ်။ စစ်သုံ့ပန်းအဖြစ် ခေါ်ဆောင်သွားခံရတယ်။ သူ့သမီးလေးကလည်း အဖျက်အဆီးခံရတယ်။ အမှန်တော့ ဘေဘ ဝတ္ထုက ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်က လယ်သမားတွေရဲ့ခံစားချက်ကို ကိုယ်စားပြုတာပေါ့။ ဒီဘက်ခေတ်မှာလည်း လယ်သမားတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေက အရင်ခေတ်နဲ့ သိပ်မကွာပါဘူး။ အဲ့ဒီအတွက် ကြည့်ရတဲ့ ပရိသတ်တွေအားလုံးလည်း ခံစားလို့ရမှာပါ။

**Voice: ဘေဘ ဇာတ်ကားမှာပါဝင်တဲ့ အခြားသရုပ်ဆောင်တွေအပေါ်ကိုရော ဘယ်လိုမှတ်ချက်ပြုချင်လဲ။**

**KT:** ဒီကားမှာဆို စိုးစိုးတို့၊ အေးမြတ်သူတို့ ဆိုရင် တော်တော်လေး ကြိုးစားထားကြတယ်။ အေးမြတ်သူဆိုရင် အခုခေတ်စားနေတဲ့ မအေးပွင့်၊ မြင့်မြင့်စန်း ဇာတ်ကားက သရုပ်ဆောင်မှုတွေနဲ့ လုံးဝဆန့်ကျင်ဘက် ဖြစ်နေတာကို တွေ့ရမယ်။ ဘေဘရဲ့ သမီး ဇာတ်ရုပ်အတွက် ဆံပင်တွေ ဘာတွေကအစ သူ့ပုံစံပြောင်းလိုက်တယ်။ ဝတ်စားဆင်ယင်မှုရော၊ အက်တင်ပိုင်းတွေရော တော်တော်ကြိုးကြိုးစားစား လုပ်ကြတယ်။ မင်းဦးတို့၊ ကျော်ရဲအောင်တို့ဆိုလည်း သရုပ်ဆောင်တာ အရမ်းကောင်းနေတယ်။ နေမျိုးအောင်ဆိုလည်း သူပါရတဲ့ အခန်းနည်းပေမယ့် ဘေဘရဲ့မိတ်ဆွေ သူငယ်ချင်းအဖြစ် ပီပြင်အောင် သရုပ်ဆောင်ထားတယ်။

**Voice: ဘေဘ ဝတ္ထုက ထွက်ထားတာလည်း ကြာပြီဆိုတော့ ရုပ်ရှင်အနေနဲ့ ပြန်ရိုက်တဲ့အခါမှာ ဒီဘက်ခေတ် လူငယ် ပရိသတ်တွေကိုရော ဆွဲဆောင်နိုင်ပါ့မလား။**

**KT:** ဘေဘ ဝတ္ထုက အရင်ခေတ်ကဆိုပေမယ့် ဒီဘက်ခေတ်အထိ အကျုံးဝင်နေတယ်။ ဆရာကြီး မင်းသိခ်ရဲ့ဝတ္ထုတွေမှာဆိုလည်း သူရေးထားတဲ့ ဒဿနတွေက ဒီဘက်ခေတ်အထိ အကျုံးဝင်နေတယ်။ ဘေဘကလည်း တောင်သူလယ်သမားတွေရဲ့ခံစားချက်ကို သရုပ်ဖော်ရတာ ဖြစ်တယ်။ ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်က ဇာတ်လမ်းဆိုတော့ ကျွန်တော်တို့တောင် မမီပါဘူး။ ကိုယ့်နိုင်ငံမှာ ဒီလိုဖြစ်ရပ်တွေရှိတယ်ဆိုတာကို လာကြည့်တဲ့ လူငယ်တွေ သိသွားမယ်။ ဗဟုသုတလည်း ရသွားမယ်။

**Voice: ဘေဘ ဇာတ်ကား ရိုက်ကူးရေးပိုင်းမှာရော ဘယ်လိုအမှတ်တရ ဖြစ်ရပ်တွေ ရှိခဲ့လဲ။**

**KT:** ဘေဘ ဇာတ်ကားမှာ မှတ်မှတ်ရရ ဖြစ်ခဲ့တာမျိုးတော့ မရှိပါဘူး။ ကျွန်တော်ကတော့ ကိုယ်လုပ်နေကျ ပုံစံအတိုင်းအကောင်းဆုံး သရုပ်ဆောင်ခဲ့တာပါပဲ။ ဇာတ်ကောင်စရိုက်ဝင်အောင် အတတ်နိုင်ဆုံး ကြိုးစားခဲ့တယ်။ ရှားပါးတဲ့ တံစဉ်တို့၊ ဘာတို့ကို ရပြီး ဇာတ်ကားမှာ ထည့်သုံးနိုင်ခဲ့တဲ့အ တွက် ကျွန်တော် တော်တော်ဝမ်းသာပါတယ်။ ပရိသတ်တွေအားလုံးကိုလည်း ဒီဇာတ်ကားကို လာကြည့်စေချင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်တောင် အားရတဲ့ ဇာတ်ကားလို့ ပြောထားတော့ ပရိသတ်တွေလည်း နားလည်မှာပါ။

**Voice: ဒီကားက ၂၀၁၆ ခုနှစ် အကယ်ဒမီဆန်ခါတင်စာရင်းဝင် ဇာတ်ကားအနေနဲ့ ပါဝင်မှာဆိုတော့ အနုပညာပိုင်းဆိုင်ရာ အောင်မြင်မှုတွေရော ရမယ်လို့ မျှော်လင့်ထားလား။**

**KT:** အကယ်ဒမီကတော့ ကျွန်တော်မှန်းလည်း မမှန်းပါဘူး။ မှန်းတိုင်းလည်းရတာ မဟုတ်ဘူးလေ။ ဒီနှစ် အကယ်ဒမီ ဆန်ခါတင်စာရင်းဝင်အောင် ပြတယ်ဆိုတာကလည်း ကျွန်တော်တို့ရဲ့ အနုပညာတွေကို မှီအတက် မခံချင်ဘူးဗျာ။ မနှစ်က ရိုက်တဲ့ကားက ဒီနှစ်တော့ ရုံတင်သင့်တယ်။ ရုံအခြေအနေကြောင့်သာ ရုံရက်တွေ ကျပ်နေတာလေ။ ထုတ်လုပ်သူကိုလည်း ကျွန်တော်တို့ ကိုယ်တိုင်တွန်းအားပေးလိုက်တော့ သူလည်း ပြည်မှာ အရင်ရုံ တင်လိုက်တာပါ။ မြန်မာတစ်နိုင်ငံလုံးမှာတော့ ဒီဇင်ဘာလထဲ ရုံတင်ပါလိမ့်မယ်။

**Voice:ပန်းပုပညာရှင် ကိုအောင်ကျော်ထွန်း လုပ်ထားတဲ့ ဦးကျော်သူရဲ့ ပုံတူရုပ်တုကရော ပြီးသွားပြီလား။ ရုပ်တုကိုရော ဘယ်မှာထားဖို့ စဉ်းစားထားလဲ။**

**KT:** ကျွန်တော့်ပုံတူ ရုပ်တုကတော့ လောလောဆယ် နာရေးအသင်းမှာ ထားထားတယ်။ ကိုအောင်ကျော်ထွန်းက ပြည်က ကျွန်တော့်ရဲ့ ပရဟိတစေတီမှာ ထားဖို့အတွက် လှူထားတာပါ။ လောလောဆယ်တော့ နာရေးအသင်းအတွက် အရုပ်တစ်ရုပ် ထပ်အပ်ထားတယ်။ အဲ့ဒါရပြီဆိုရင် ပထမလုပ်ထားတဲ့ အရုပ်ကို ပြည်ကို သယ်သွားမယ်။ ကိုအောင်ကျော်ထွန်းက ဒီရုပ်တု လုပ်တုန်းက Scan ဖတ်ပြီး လုပ်ရတာကိုး။ ဒါပေမဲ့ Scan ဖတ်တဲ့အချိန်က ပြီးခဲ့တဲ့ လေးငါးလလောက်က လုပ်ထားတာဆိုတော့ သွေးနည်းနည်းတိုးတော့ မျက်နှာကပြည့်သလို ဖြစ်နေတယ်။ အသားမည်းနေတယ်။ အခုအချိန်နဲ့ ယှဉ်ကြည့်ရင်တော့ မျက်နှာက အသားမည်းတဲ့ပုံစံမျိုးတော့ ဖြစ်နေတာပေါ့။ ကျန်တာကတော့ အားလုံး အဆင်ပြေပါတယ်။

# Bad Boys 2 ရုပ်ရှင်မှာ မိန်းမလျာပုံစံ သရုပ်ဆောင်ရဦးမယ့် ခင်လှိုင်



ဓာတ်ပုံ- ခင်လှိုင် Facebook Page

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

အနုပညာလောကမှာ မိန်းမလျာဇာတ်ရုပ်ကို ပီပြင်စွာ သရုပ်ဆောင်နိုင်မှုကြောင့် ပရိသတ်အားပေးမှု ရနေတဲ့ ဟာသသရုပ်ဆောင် ခင်လှိုင် က ဒီဇင်ဘာလ အတွင်း ဒါရိုက်တာဂျိုး ရိုက်ကူးမယ့် Bad Boys 2 ရုပ်ရှင်မှာလည်း မိန်းမလျာပုံစံ သရုပ်ဆောင်ရပါဦးမယ်လို့ The Voice ကို ပြောကြားပါတယ်။

“အဲဒီကားမှာ ကျွန်တော်နဲ့ ဒိန်းဒေါင်က စိုးမြတ်သူဇာရဲ့ဘယ်လက်ရုံး၊ ညာလက်ရုံး လူမိုက်တွေပေါ့။ ဒါပေမဲ့ ကျွန်တော်တို့က မူးယစ်ဆေးရောင်းတဲ့အခါမှာ မိန်းမလျာပုံစံမျိုး ပြင်ဆင်ပြီး ရောင်းတယ်။ ဇေရဲထက်တို့က ကျတော့ နေ့ဘက်မှာဆိုတကယ့် လူမိုက်တွေ၊ ညကျရင်တော့ အခြောက်အစစ်တွေ ဖြစ်နေတယ်။ သူတို့ဆီကို ကျွန်တော်တို့ ပစ္စည်းတွေပါသွားလို့ လိုက်ယူကြတာပေါ့” လို့ ယင်းဇာတ်ကားအကြောင်းကို ၎င်းက ရှင်းပြပါတယ်။

စာရေးဆရာ အကြည်တော်ရဲ့ ဇာတ်ညွှန်းကို အခြေခံပြီး ဒါရိုက်တာဂျိုး ရိုက်ကူးမယ့် Bad Boys 2 ရုပ်ရှင်ဇာတ်ကားမှာတော့ သရုပ်ဆောင် ဇေရဲထက်၊ အောင်လေး၊ သုတ ၊ မင်းဇေ၊ လင်းအောင်ခေတ်၊ ခင်လှိုင်၊ ဒိန်းဒေါင်၊ စိုးမြတ်သူဇာနဲ့ ပက်ထရစ်ရှာတို့က ပါဝင်သရုပ်ဆောင်ကြမှာဖြစ်ပြီး ဒီဇင်ဘာလ ၁ ရက်နေ့ကနေ စပြီး ရိုက်ကူးသွားမှာ ဖြစ်ပါတယ်။

“ဒါရိုက်တာ ပြည်ဟိန်းသီဟ ရိုက်မယ့် ရုပ်ရှင်ကားမှာလည်း အခြောက်ပုံစံ သရုပ်ဆောင်ရဦးမယ်။ သူကတော့ ဖက်ရှင်ဒီဇိုင်နာ အခြောက်ပေါ့။ ကိုရန်အောင်ကလည်း အခြောက်ပဲ။ သူကကျတော့ မိတ်ကပ်ပညာရှင်ပေါ့။ အခြောက်ဇာတ်ရုပ်တွေက တော်တော်များများလည်း ရိုက်ရပါတယ်။ ကျွန်တော်ကလည်း အဝတ်အစားပိုင်းနဲ့ မိတ်ကပ်ကအစ သေချာပြင်ဆင်ပြီး ရိုက်ပေးတော့ ဒါရိုက်တာတွေကလည်း သဘောကျကြတယ်” လို့ ဟာသသရုပ်ဆောင်ခင်လှိုင်က ပြောကြားပါတယ်။



soompi.com

# The K2 ဇာတ်လမ်းတွဲမှာ ပါဝင်တဲ့ အက်ရှင်ဇာတ်ဝင်ခန်း တစ်ခန်းအတွက် စိုးရိမ်နေတဲ့ ဂျီချန်ဝူး

**ဆိုးလ်၊ နိုဝင်ဘာ ၂၀**

နာမည်ကျော် ကိုရီးယားသရုပ်ဆောင် ဂျီချန်ဝူးဟာ သူရိုက်ကူးထားတဲ့ The K2 ဇာတ်လမ်းတွဲမှာ ပါဝင်တဲ့ အက်ရှင် ဇာတ်ဝင်ခန်းတစ်ခန်းအတွက် စိုးရိမ်နေကြောင်း soompi.com မှာ ဖော်ပြထားပါတယ်။

ဒီဇာတ်ဝင်ခန်းမှာတော့ ဂျီချန်ဝူးရဲ့ဇာတ်ကောင် ကင်ဂျီဟာက လူအများရေချိုးတဲ့ ရေချိုးခန်းတစ်ခုမှာ သက်တော်စောင့်တွေနဲ့ ရင်ဆိုင်တိုက်ခိုက်ရပုံကို ပုံဖော်ရိုက်ကူးထားတာ ဖြစ်ပါတယ်။ ဂျီချန်ဝူးနဲ့ အတူပါဝင်တဲ့ သရုပ်ဆောင်တွေ အားလုံးက အဝတ်ဗလာနဲ့ ဖြစ်နေပြီး ခါးအောက်ပိုင်းတစ်ဝိုက်ကိုတော့ မှုန်ဝါးထားပါတယ်။

“ကျွန်တော့်ရဲ့ခန္ဓာကိုယ်အချိုးအစားကို ထိန်းသိမ်းဖို့က အတော် လေး ခက်ခဲပါတယ်။ လေ့ကျင့်ခန်းတွေ နေ့တိုင်းလုပ်ရတယ်။ အစားအသောက်ကို လည်း ဆင်ခြင်ရတယ်။ ဇာတ်လမ်းတွဲ ရိုက်ကူးတာကြာလာတာနဲ့ အမျှ ဒီနှစ်ခုလုံးကို ထိန်းသိမ်းဖို့က ပိုခက်ခဲလာပါတယ်” လို့ ဂျီချန်ဝူးက ပြောကြားပါတယ်။

ဒီအကြောင်းပြချက်တွေကြောင့် ဂျီချန်ဝူးက ဒီအက်ရှင်ဇာတ်ဝင်ခန်းကို အစောဆုံး ရိုက်ကူးဖို့ တောင်းဆိုခဲ့ပြီး ဇာတ် လမ်းတွဲ တစ်ခုလုံးမှာ သူ ပထမဆုံး ရိုက်ကူးခဲ့ရတဲ့ဇာတ်ဝင်ခန်းလည်း ဖြစ်ပါတယ်။

အဝတ်ဗလာနဲ့ ရှိနေတဲ့ယောကျ်ား ၁၀ ယောက်လောက်နဲ့ အက်ရှင်ဇာတ်ဝင်ခန်း ရိုက်ရတာက သူ့အတွက် အထူးအဆန်းဖြစ်နေပြီး၊ သေချာရိုက်မပြတတ်ရင် ကြည့်ရှုတဲ့ ပရိသတ်တွေအတွက် ရွံရှာစရာဖြစ်သွားနိုင်တဲ့ ဇာတ်ဝင်ခန်းကို ထည့်ဖို့ အဆင်ပြေပါ့မလားလို့ စိုးရိမ်ခဲ့ရကြောင်း ဂျီချန်ဝူးက ပြောကြားခဲ့ပါတယ်။

# အိန္ဒိယတွင် အမြန်ရထား လမ်းချော်တိမ်းမှောက်၊ လူ ၉၀ ကျော်သေဆုံး

**ဒေလီ၊ နိုဝင်ဘာ ၂၀**

အိန္ဒိယနိုင်ငံမြောက်ပိုင်း အူတာပရာဒတ်ရှ်ပြည်နယ် တွဲပေါင်း ၁၄ တွဲပါရှိသည့် ခရီးသည်တင် အမြန်ရထားတစ်စီး လမ်းချော်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၉၁ ဦးခန့်သေဆုံးခဲ့ရကြောင်း အိန္ဒိယ အာဏာပိုင်များ၏ အတည်ပြုပြောဆိုမှုကို BBCသတင်းဌာနက ရေးသားဖော်ပြသည်။

အိန္ဒိယရဲတပ်ဖွဲ့၏ပြောကြားချက်အရ Indore-Patna အမည်ရ အမြန်ရထားသည် တနင်္ဂနွေနေ့ နံနက် ၃ နာရီခန့်က ကန်ပူမြို့အနီးတွင် လမ်းချော်တိမ်းမှောက်သွားခြင်းဖြစ်သည်။

ရထားလမ်းချော်တိမ်းမှောက်မှုကြောင့် ပျက်စီးသွားသော ရထားတွဲများထဲမှ သေဆုံးသူများနှင့် ဒဏ်ရာရရှိသွားသူများကို ကယ်ဆယ်ရေးအဖွဲ့က ကယ်ထုတ်ခဲ့ရသည်။

ကယ်ဆယ်ရေးအဖွဲ့၏အဆို အရ ဒဏ်ရာရရှိသွားသူ စုစုပေါင်း ၁၀၀ ကျော်ခန့်ရှိသည်။

မည်သည့်အကြောင်းအရင်းကြောင့် အဆိုပါခရီးသည်တင် အမြန်ရထား လမ်းချော်တိမ်းမှောက်ခဲ့ရသည် ဆိုသောအချက်ကို သက်ဆိုင်ရာအာဏာပိုင်များ ရှင်းရှင်းလင်းလင်းမသိရှိသေးပေ။

“ဝိုင်းဒိုင်းဆိုတဲ့ အသံကြီးကြားပြီး ဆောင့်တွန်းလိုက်သလိုဖြစ်တာနဲ့ နံနက် ၃ နာရီလောက်မှာ ကျွန်တော်တို့ လန့်နိုးခဲ့တာ။ ရထားတွေတချို့ လမ်းချော်တိမ်းမှောက်တယ်။ ခရီးသည်တွေ ထိတ်လန့်တုန်လှုပ်ကုန်တယ်။ သေသွားတဲ့သူတွေရဲ့ ရုပ်အလောင်းတွေနဲ့ ဒဏ်ရာရတဲ့သူတွေကို တွေ့လိုက်ရတယ်” ဟု အဆိုပါရထားဖြင့် လိုက်ပါစီးနင်းလာသော ခရီးသည်တစ်ဦးဖြစ်သည့် ခရစ်ရှ်နာကီရှက်ဗ်က ပြောကြားသည်။

သေဆုံး ဒဏ်ရာရရှိခဲ့သူအများစုမှာ ရထားစက်ခေါင်းနှင့် နီးကပ်သည့် တွဲ ၁ နှင့် တွဲ ၂ တို့တွင်လိုက်ပါလာသူများဖြစ်ကြပြီး ရထားစက်ခေါင်းမှာမူ ဆိုးဆိုးရွားရွား ပျက်စီးသွားသည်ဟု အိန္ဒိယမီဒီယာများက ဖော်ပြသည်။

ရထားလမ်းချော်တိမ်းမှောက်ရာတွင် ပိတ်မိနေသည့် ခရီးသည်များရှိနေသေးရာ ကယ်ဆယ်ရေးအဖွဲ့က အကြီးစားစက်ယန္တရားများကို အသုံးပြုပြီး တွဲများကိုပုံမှန်အနေအထားဖြစ်အောင် လုပ်ဆောင်ခဲ့ရသည်ဟု ၎င်းတို့ကဆိုသည်။

“ခရီးသည်အတော်များများ ပိတ်မိနေခဲ့တာ။ ခဲရာခဲဆစ်ကြိုးစားပြီး ဆွဲထုတ်ရတယ်” ဟု အိန္ဒိယမီးရထားအရာရှိတစ်ဦးက ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့ဝင် ၂၅၀ ခန့်ကို တပ်ဖြန့်ထားရှိသည်ဟုလည်း ၎င်းကဆိုသည်။

လမ်းချော် တိမ်းမှောက်ခြင်းမရှိသော ရထားတွဲတွင်လိုက်ပါလာသည့် ခရီးသည်တစ်ဦးကမူ အဆိုပါရထားသည် ပုံမှန်အရှိန်ဖြင့်သာ မောင်းနှင်နေခြင်းဖြစ်ကြောင်း၊ ရုတ်တရက်ရပ်တန့်သွားပြီးနောက် တိမ်းမှောက်မှုမဖြစ်ခင် ပြန်လည်ခုတ်မောင်းခဲ့ကြောင်း ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီကမူ ရထားတိမ်းမှောက်မှုတွင် သေဆုံးသွားသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် အထူးပင် ဝမ်းနည်းကြေကွဲရကြောင်း ထုတ်ဖော်ပြောဆိုပြီး ဒဏ်ရာရရှိသွားသူများနှင့် သေဆုံးသူများအတွက် လျော်ကြေးပေးသွားမည်ဖြစ်သည်ဟု ဆိုသည်။ ■



BBC

အိန္ဒိယတွင် ရထားမတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်

## CARTOON




Cagle.com

ကလင်တန်မောင်နှံရဲ့ နေဝင်ချိန်ဆည်းဆာ . . .။



BBC

မြို့တော် ဘာလင်တွင် မာကယ်လ်နှင့် အိုဘားမားတို့ နောက်ဆုံးအကြိမ်အဖြစ် နိုဝင်ဘာ ၁၈ ရက်နေ့က တွေ့ဆုံခဲ့ကြစဉ်

# ဂျာမနီခေါင်းဆောင် မာကယ်လ် စတုတ္ထမြောက် ရာထူးသက်တမ်း ကြိုးစားဖွယ်ရှိ

**ဘာလင်၊ နိုဝင်ဘာ ၂၀**

ဂျာမန်အဓိပတိအင်ဂလာမာကယ်လ်သည် သူမ၏ခရစ်ယာန်ဒီမိုကရက်ပါတီ (CDU) မှ အခြားခေါင်းဆောင်များနှင့် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် ပြုလုပ်မည့် အစည်းအဝေးတွင် စတုတ္ထမြောက် ရာထူးသက်တမ်းအတွက် သူမယှဉ်ပြိုင်မည့်ကိစ္စကို ကြေညာမည်ဟု မျှော်လင့်ရကြောင်း VOA သတင်းတွင် ဖော်ပြထားသည်။

အင်ဂလာမာကယ်လ်သည် နေ့လယ်တစ်နာရီတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရန် စီစဉ်ထားရာ သူမ၏စိတ်ကို ဆုံးဖြတ်ပြီးသည့်လက္ခဏာဖြစ်သည်ဟု ဂျာမန်နိုင်ငံရေးသမားများနှင့် မီဒီယာများက ယူဆကြသည်။

စတုတ္ထသက်တမ်းအတွက်မာကယ်လ် ဆက်လက်ယှဉ်ပြိုင်လိမ့်မည်ဟု သူမ၏ CDU ပါတီမှ လုပ်ဖော်ကိုင်ဖက်များက ယခင်ကပင် ပြောဆိုထားပြီးဖြစ်သည်။

အီးယူမှ ဗြိတိန်နုတ်ထွက်ခြင်းနှင့် အမေရိကန်တွင် ဒေါ်နယ်ထရမ့် ရွေးချယ်ခံရခြင်းဖြစ်ရပ်များအပြီး မရေမရာအချိန်မျိုးတွင် အသက် ၆၂ နှစ်အရွယ် မာကယ်လ်သည် ဥရောပတွင် တည်ငြိမ်စေသော အင်အားစုအဖြစ် ဝိုင်းဝန်းယူဆခြင်းခံနေရသည်။

၂၀၀၅ခုနှစ်မှစ၍ ခေါင်းဆောင်ဖြစ်လာသော မာကယ်လ်သည် ငွေကြေးနှင့် ယူရိုဇုန် ကြွေးမြီပြဿနာများကြားမှ ဥရောပ၏အကြီးဆုံးစီးပွားရေး အင်အားကြီးနိုင်ငံ ဂျာမနီကို ဦးဆောင်ခဲ့ပြီး နိုင်ငံတကာ၏လေးစားမှုကို ရရှိနေသည်။

လောလောဆယ်တွင်ဥရောပတစ်လွှားမှ ရွှေ့ပြောင်းဒုက္ခသည်အရေးကိုလည်း ခက်ခက်ခဲခဲ ကိုင်တွယ်လျက်ရှိသည်။ သမ္မတအိုဘားမားက နောက်ဆုံး ဥရောပနှုတ်ဆက်ခရီးစဉ်တွင် မာကယ်လ်ကို အတော်ဆုံးမဟာမိတ်ဟု ထောမနာပြုခဲ့သည်။

စက်တင်ဘာလက မာကယ်သည် ဘာလင်ခရိုင်တွင် သူမ၏ CDU ပါတီ ရှုံးနိမ့်သွားပြီးနောက် သူမအနေနှင့် ရွှေ့ပြောင်းဒုက္ခသည်အရေးကို ကွဲပြားခြားနားစွာ ကိုင်တွယ်ရန် ဆန္ဒရှိကြောင်း ပြောဆိုလိုက်သောအခါ ဂျာမနီနိုင်ငံကို အံ့အားသင့်သွားစေခဲ့သည်။

သူမသည် နိုင်ငံတွင်းသို့ ရွှေ့ပြောင်းဒုက္ခသည် တစ်သန်းခန့် အခြေချရန် ခွင့်ပြုခဲ့သောကြောင့် သူမ၏ကိုင်တွယ်ပုံကို ဂျာမန်ပြည်သူများက အမျက်ထွက်ခဲ့ကြပြီးနောက် သူမ၏ရေပန်းစားမှု ကျဆင်းလာကာ ဒေသန္တရရွေးကောက်ပွဲများတွင် အခြားပါတီများထဲမှ အထူးသဖြင့် AFD ပါတီ အသာစီးရရှိလာခဲ့သည်။

မာကယ်လ်ကဲ့သို့ပင် ကွန်မြူနစ်ဝါဒလွှမ်းမိုးသော အရှေ့ဂျာမနီတွင် ကြီးပြင်းခဲ့သူ AFD ပါတီခေါင်းဆောင် အသက် ၄၁ အရွယ် ဖရော့ခ်ပက်ထရီသည် ၂၀၁၇ ရွေးကောက်ပွဲတွင် အဓိပတိနေရာအတွက် သူမနှင့်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယူရိုဇုန်ဆန့်ကျင်ရေးအဖြစ် ဖွဲ့စည်းခဲ့သော AFD ပါတီသည် ၂၀၁၃ ဖက်ဒရယ်ရွေးကောက်ပွဲများတွင် ၄ ဒသမ ၇ ရာခိုင်နှုန်း အနိုင်ရရှိကာ ဘွန်ဒါစတက်ပါလီမန်တွင် ကိုယ်စားပြုခွင့်အတွက် အနည်းဆုံးလိုအပ်ချက် ၅ ရာခိုင်နှုန်းပြည့်ရန် အနည်းငယ်လိုခဲ့သော်လည်း ၂၀၁၄ တွင် လူဝင်မှုဆန့်ကျင်ရေးမူဝါဒများ ချမှတ်ခဲ့ပြီးနောက် ဒေသန္တရရွေးကောက်ပွဲတိုင်း၌ အနိုင်ရရှိနေသည်။

လက်ရှိစစ်တမ်းများအရ ၂၀၁၇ စက်တင်ဘာ ရွေးကောက်ပွဲအပြီးတွင် နောက်ထပ် ညွန့်ပေါင်းမဟာမိတ် ဖွဲ့စည်းမှုတစ်ခု ပုံပေါ်လာမည်ဟု ရှုမြင်နေကြသည်။ CDU ပါတီ၏မဟာမိတ်ဖြစ်သော ခရစ်ယာန်ဆိုရှယ်ယူနီယံပါတီ CSU သည် ဆိုရှယ်ဒီမိုကရက်ပါတီ SPD ထက် ၁၀ ရာခိုင်နှုန်း သာလွန်နေသည်။ ဘွန်ဒါစတက်ပါလီမန်တွင် ၎င်းသုံးပါတီသည် လက်ရှိ ၈၀ ရာခိုင်နှုန်းနီးပါး နေရာယူထားသည်။

မာကယ်လ်သည် ၂၀၁၇ တွင် အနိုင်ရရှိရန်အတွက် မဲဆန္ဒရှင်များကို AFD ပါတီထံမှ ဆွဲဆောင်ယူရမည်ဖြစ်သည်။ ■




မစ်ရွမ်မနီနှင့်တွေ့ဆုံမှုသည် အံ့အားသင့်လောက်အောင် အဆင်ချောခဲ့သည်ဟု ထရမ့်ကဆိုသည်

# ဒေါ်နယ်ထရမ့်က ၎င်းကိုပြင်းပြင်းထန်ထန်ဝေဖန်သူ မစ်ရွမ်မနီအား နိုင်ငံခြားရေးဝန်ကြီး ခန့်အပ်ရန် လျာထားဟု သတင်းထွက်

**နယူးယောက်၊ နိုဝင်ဘာ ၂၀**

သမ္မတအဖြစ် ရွေးချယ်ခံရသူ ထရမ့်နှင့် ၎င်းကိုပြင်းထန်စွာဝေဖန်သူမစ်ရွမ်မနီတို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ရွမ်မနီသည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် လျာထားခံရသည်ဟုသတင်းထွက်နေကြောင်း BBC သတင်းတွင်ဖော်ပြထားသည်။

စနေနေ့က မိနစ် ၈၀ ကြာ တွေ့ဆုံမှု၏အသေးစိတ်အချက်များကို ပြောဆိုနိုင်သူမရှိသော်လည်း မစ္စတာရွမ်မနီက တွေ့ဆုံမှုသည် များစွာထိရောက်မှုရှိသည်ဟု ပြောကြားခဲ့သည်။

မဲဆွယ်ပွဲကာလတွင် ရွမ်မနီက ထရမ့်ကို လူလိမ်ဟုခေါ်ဝေါ်ခဲ့ဘူးပြီး ထရမ့်ကလည်း ၂၀၁၂ သမ္မတရွေးကောက်ပွဲတွင် ရွမ်မနီ ရှုံးနိမ့်မှုသည် အဆိုးဝါးဆုံးဟု ရှုတ်ချခဲ့သည်။

ထရမ့်သည် ရာထူးမြောက်မြားစွာကို လျာထားသတ်မှတ်မှု ပြုလုပ်နေသော်လည်း အချို့မှာ အငြင်းပွားစရာဖြစ်နေသည်။

ရှေ့နေချုပ်ရာထူးအတွက် လျာထားသူ ဂျက်ဖ်ဆက်ဆင်သည် လူမျိုးရေးခွဲခြားသောစကားများကြောင့် ၁၉၈၆ တွင် ဖက်ဒရယ်တရားသူကြီး ဖြစ်ခါနီး ပယ်ချခံခဲ့ရသူဖြစ်သည်။

အမျိုးသားလုံခြုံရေးအကြံပေးနေရာအတွက် လျာထားသူ ဒုတိယဗိုလ်ချုပ်ကြီး မိုက်ကယ်ဖလင်းသည်လည်း အစ္စလာမ်ဘာသာအပေါ် ၎င်း၏ တင်းမာသောအမြင်များကြောင့် စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်စေခဲ့သူဖြစ်သည်။

ဘက်မင်နစ်စတာရှိ ထရမ့်၏ဂေါက်ကွင်းမှ ပြန်လည်ထွက်ခွာလာသော ရွမ်မနီက ကက်ဘိနက်ရာထူးကို လက်ခံခြင်း ရှိ၊ မရှိ မေးမြန်းမှုကို ဖြေကြားခြင်းမပြုပေ။

အမေရိကန်ပြည်ထောင်စု၏ အကျိုးစီးပွားနှင့်သက်ဆိုင်သော ကမ္ဘာ့ရေးရာများနှင့်ပတ်သက်၍ ထိထိရောက်ရောက် ဆွေးနွေးပြောဆိုခဲ့ကြသည်ဟုသာ ရွမ်မနီကပြောကြားသည်။

ဒေါ်နယ်ထရမ့်သည် အလားအလာရှိသော လျာထားခံရသူများနှင့် နောက်ထပ်တွေ့ဆုံဆွေးနွေးမှုများကို သီတင်းပတ်ကုန်ရက်အတွင်း ၎င်း၏ဂေါက်ကွင်းတွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

ရွမ်မနီက ဒေါ်နယ်ထရမ့်သည် ရန်လိုသူ၊ မြာပွေသူ၊ မရိုးဖြောင့်သူဟု စွပ်စွဲခဲ့ပြီး သမ္မတနေရာနှင့် ထိုက်တန်မှု၊ လိုက်ဖက်မှု မရှိသူဟု မတ်လအတွင်းက ပြောကြားခဲ့ ဖူးသည်။

"မစ္စတာထရမ့်သာ သမ္မတလောင်းဖြစ်လာခဲ့ရင် အနာဂတ်သာယာဝပြောရေး၊ ဘေးကင်းလုံခြုံရေး အလားအလာတွေဟာ အလွန်အမင်းမှေးမှိန်သွားလိမ့်မယ်" ဟု ၎င်းကပြောကြားခဲ့သည်။

ထရမ့်ကလည်း ရွမ်မနီသည် ဆိုးဆိုးဝါးဝါး ရှုံးနိမ့်ခဲ့သူ၊ တံတွေးနင်နေသောဝေဖန်လေကန်သူ စသည်ဖြင့် လှောင်ပြောင်ရှုတ်ချခဲ့သည်။

သို့ရာတွင် နိုင်ငံခြားရေးဝန်ကြီးရာထူးကို စိတ်ဝင်စားသူတိုင်း မျှော်မှန်းနိုင်သည်ဟု အမေရိကန်မီဒီယာများက ရေးသားကြသည်။ ယခင်က ရွမ်မနီသည် ရုရှားအပေါ် ထရမ့်ထက်ပြင်းထန်စွာ ဝေဖန်ခဲ့သူဖြစ်သည်။

အခြား အရေးကြီးသော လျာထားခံရသူများမှာ စီအိုင်အေ ညွှန်ကြားရေးမှူးရာထူးအတွက် မိုက်ပွန်ပီယိုနှင့် မဟာဗျူဟာရေးရာ အကြီးအကဲအဖြစ် စတီဖင်ဘင်နန်တို့ဖြစ်သည်။

ဒေါ်နယ်ထရမ့်သည် ၎င်း၏ ထရမ့်ယူနီဗာစီတီ တက္ကသိုလ်နှင့်ပတ်သက်၍ လိမ်ညာမှုဖြင့် ၎င်းအပေါ်စွဲချက်တင်ထားသော အမှုသုံးခုကိုလည်း သောကြာနေ့က ရင်ဆိုင်ဖြေရှင်းခဲ့သည်ဟု သိရှိရသည်။

"မစ္စတာထရမ့်ဟာ သူ့ရဲ့ကိုယ်ကျိုးစီးပွားတွေကို စွန့်လွှတ်တော့မှာ ဖြစ်ပါတယ်။ ဒီကိစ္စတွေကို ထားခဲ့ပြီး ရှေ့ကိုဆက်သွားမှာ ဖြစ်ပါတယ်" ဟု ၎င်း၏ရှေ့နေက ပြောကြားသည်။ ■

# ဘရာဇီးရဲဘက်သုံး ရဟတ်ယာဉ်တစ်စင်း လူဆိုးဂိုဏ်း၏ပစ်ခတ်မှုကြောင့် ပျက်ကျ၊ ရဲအရာရှိများသေဆုံး

**ရီယိုဒီဂျနေးရိုး၊ နိုဝင်ဘာ ၂၀**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့အနီးနာမည်ဆိုးဖြင့် ကျော်ကြားသည့် ဂေါ့ဖာဗယ်လာစီးတီးတွင် လူဆိုးဂိုဏ်းအဖွဲ့၏ပစ်ခတ်မှုကြောင့် ရဲဘက်သုံးရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသော ရဲအရာရှိလေးဦးစလုံး သေဆုံးသွားကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြသည်။

အဆိုပါရဟတ်ယာဉ် ပျက်ကျမှုကို ရိုက်ကူးထားသော ဗီဒီယိုဖိုင်တစ်ခုတွင် သေနတ်သံများ ဆက်တိုက်ကြားရပြီး ရဟတ်ယာဉ် မြေပြင်သို့ ပျက်မကျမချင်း လူဆိုးဂိုဏ်းက ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရဟတ်ယာဉ်သည် ကောင်းကင်မှ မြေပြင်သို့ ကျောက်တုံးကြီးတစ်တုံးသဖွယ် ပြုတ်ကျလာကြောင်း ရဲတပ်ဖွဲ့ကဆိုသည်။

ယင်းရဟတ်ယာဉ်သည် ဂေါ့ဖာဗယ်လာစီတီရှိ လူဆိုးဂိုဏ်းများကို နှိမ်နင်းလျက်ရှိသော ရဲတပ်ဖွဲ့ဝင်များအား အကူအညီပေးနေစဉ် ပစ်ချခံရခြင်းဖြစ်သည်ဟု ဘရာဇီးရဲများကဆိုသည်။

ထိုနေ့က ဂေါ့ဖာဗယ်လာစီတီတွင် ရာဇဝတ်ဂိုဏ်းများနှင့် ရဲတပ်ဖွဲ့အကြား ထိပ်တိုက်ပစ်ခတ်မှုများလည်း ဖြစ်ပေါ်ခဲ့သည်။

ပျက်ကျသွားသည့် ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူ ရဲအရာရှိလေးဦးစလုံး သေဆုံးသွားခဲ့ကြောင်း၊ ၎င်းတို့၏ ရုပ်အလောင်းများကို မီးသတ်တပ်ဖွဲ့ဝင်များက အပျက်အစီးများကြားထဲမှ ဆွဲထုတ်ခဲ့ရကြောင်း မီးသတ်အရာရှိများက ပြောကြားသည်။

လူဆိုးဂိုဏ်းများ၏ပစ်ခတ်မှုကြောင့် ပျက်ကျသွားသော ရဟတ်ယာဉ်မှာ ဆိုးဆိုးရွားရွားပင် မီးလောင်ပျက်စီးသွားသည်။

ဘရာဇီးရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရဟတ်ယာဉ်ပျက်ကျရသည့် အကြောင်းအရင်းအသေးစိတ်ကို စုံစမ်းစစ်ဆေးသွားမည်ဟု ပြောကြားသည်။

အကယ်၍ ယခုရဟတ်ယာဉ်ပျက်ကျမှုသည် လူဆိုးဂိုဏ်းအဖွဲ့ပစ်ခတ်မှုကြောင့် ပျက်ကျရခြင်းမှန်ကန်သည်ဆိုပါက ယင်းဖြစ်ရပ်သည် ပထမဆုံးအကြိမ်မဟုတ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်ကလည်း မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းတစ်ဂိုဏ်း၏ ပစ်ခတ်မှုကြောင့် ရဲဘက်သုံးရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ဖူးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဂေါ့ဖာဗယ်လာစီတီးရှိ မူးယစ်ရာဇာဂိုဏ်းများကို ဘရာဇီးအစိုးရက ကောင်းစွာဖြိုခွင်းနှိမ်နင်းပေးနိုင်ခြင်း မရှိသောကြောင့် ရီယိုဒီဂျနေးရိုးမြို့တွင် ၂ နှစ်နီးပါးခန့် ဆန္ဒပြမှုများနှင့် အုံကြွမှုများ ပေါ်ပေါက်ခဲ့သည်။ ■




ပျက်ကျသွားသော ရဟတ်ယာဉ်အား မီးသတ်သမားများ မီးငြိမ်းသတ်နေစဉ်

# နတ်ဆရာမအရှုပ်တော်ပုံတွင် တောင်ကိုရီးယားသမ္မတကိုယ်တိုင် ကြံရာပါဖြစ်နေသည်ဟု အစိုးရရှေ့နေများ သုံးသပ်

**ဆိုးလ်၊ နိုဝင်ဘာ ၂၀**

နတ်ဆရာမဟု စွပ်စွဲခံရသည့် တောင်ကိုရီးယားသမ္မတ၏မိတ်ဆွေ ချွိုင်ဆွန်ဆီလ်၏ အကျင့်ပျက်ခြစားမှု အရှုပ်တော်ပုံတွင် သမ္မတပတ်ဂွမ်ဟီးကိုယ်တိုင် ကြီးကြီးမားမား ပါဝင်ပတ်သက်မှုရှိနေကြောင်း အစိုးရရှေ့နေများက ပြောကြားခဲ့သည်ဟု BBC သတင်းဌာနက ဖော်ပြသည်။

ချွိုင်ဆွန်ဆီလ်နှင့် လက်ထောက်နှစ်ဦးကို စွဲချက်တင်ပြီးနောက် အစိုးရရှေ့နေချုပ် လီယောင်ယိုးလ်က သမ္မတကိုယ်တိုင် 'ပူးပေါင်းကြံစည်သူ(ကြံရာပါ)တစ်ဦးအဖြစ် ပါဝင်နေသည်'ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

သမ္မတပတ်၏ရှေ့နေကမူ အစိုးရရှေ့နေများသည် စိတ်ကူးယဉ်ဇာတ်လမ်းတစ်ခုကို တည်ဆောက်နေသည်ဟု တုံ့ပြန်ခဲ့သည်။

သမ္မတသည် စွဲချက်တင်ခြင်းမှ ကင်းလွတ်ခွင့်ရနေသော်လည်း ရာထူးမှ နုတ်ထွက်ပေးရန် ဆန္ဒပြတောင်းဆိုမှုများနှင့် ရင်ဆိုင်နေရသည်။

အစိုးရရှေ့နေချုပ် လီက သမ္မတကိုပါ မကြာမီ စစ်ဆေးမေးမြန်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတပတ်က စုံစမ်းစစ်ဆေးမှုတွင် ပူးပေါင်းပါဝင်မည်ဟု မူလက ပြောကြားထားသော်လည်း နိုဝင်ဘာလ ၂၀ ရက်နေ့တွင်မူ သမ္မတ၏ရှေ့နေဖြစ်သူ ယူယောင်ဟက သမ္မတသည် အစိုးရရှေ့နေများနှင့် တွေ့ဆုံမည်မဟုတ်ဘဲ ယခုစုံစမ်းစစ်ဆေးမှုကို မကြာမီလက်လွှဲတာဝန်ယူမည့် လွတ်လပ်သော စုံစမ်းရေးအဖွဲ့နှင့်သာ ရင်ဆိုင်သွားမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

သမ္မတပတ်၏ပြောခွင့်ရပုဂ္ဂိုလ် ဂျွန်ယောင်ကုကလည်း အစိုးရရှေ့နေများ၏ စွဲချက်များသည် မမျှတသော နိုင်ငံရေးတိုက်ခိုက်မှုများသာဖြစ်သည်ဟု တုံ့ပြန်ခဲ့သည်။

ယခုစွပ်စွဲချက်သည် ဓမ္မဓိဋ္ဌာန်ကျသည့် သက်သေအထောက်အထားများကို လုံးဝမျက်ကွယ်ပြုပြီး စိတ်ကူးပုံဖော်မှုများ၊ မှန်းဆချက်များအပေါ်သာ အခြေခံတည်ဆောက်ထားသည်ဟု ဂျွန်ယောင်ကုက ဝေဖန်ခဲ့သည်။

မိတ်ဆွေဖြစ်သူကို နိုင်ငံ့ရေးရာများတွင် တရားဝင်မဟုတ်ဘဲ ပါဝင်ပတ်သက်စေခဲ့မှုအတွက် သမ္မတပတ်သည် နှစ်ကြိမ်တိုင်တိုင်ရုပ်သံမှ တောင်းပန်ခဲ့သော်လည်း လူထုထောက်ခံမှုမှာ ၅ ရာခိုင်နှုန်းအထိ စံချိန်တင်ကျဆင်းခဲ့သည်။ သို့သော်လည်း နုတ်ထွက်ပေးရန် တောင်းဆိုမှုများကို ငြင်းဆန်နေဆဲဖြစ်သည်။

မြို့တော်ဆိုးလ်တွင် ၁၉၈၀ ပြည့်နှစ်များက ဖြစ်ပွားခဲ့သော ဒီမိုကရေစီရေး ဆန္ဒပြပွဲများနောက်ပိုင်း အကြီးဆုံးဆန္ဒပြပွဲများ စနေ၊ တနင်္ဂနွေပိတ်ရက်တိုင်း ဖြစ်ပွားနေသည်မှာ လေးပတ်မျှရှိပြီဖြစ်သည်။

ယခုတစ်ပတ် စနေ၊ တနင်္ဂနွေတွင်လည်း လူ ၅ သိန်းခန့်က ဖယောင်းတိုင်များကိုင်ဆောင်ပြီး ဆန္ဒပြခဲ့ကြသည်ဟု ဆန္ဒပြပွဲစီစဉ်သူများက ပြောကြားသည်။ ရဲများကမူ အရေအတွက် ထိုမျှမရှိနိုင်ဟု ငြင်းဆိုထားသည်။

လွတ်ငြိမ်းခွင့် ရစေရန် အတွက် သမ္မတပတ်က ရာထူးမှမဆင်းဘဲနေမည်ဆိုပါက အတိုက်အခံများက စွပ်စွဲပြစ်တင်ပြီး ဖြုတ်ချရန် ကြိုးပမ်းကြဖွယ်ရှိနေသည်။ သမ္မတရာထူးမှ ဆင်းပေးလိုက်ပါကလည်း စွဲချက်တင် ဖမ်းဆီးခံရဖွယ်ရှိနေသည်။ ■


ဓာတ်ပုံ – ငြိမ်းသူမင်း

တမူး ကလေး ကြားရှိ တံတားကို တွေ့ရစဉ်

# ကလေး၀ - တမူးလမ်းမကြီးပေါ်ရှိ တံတား ၆၉ စင်းကို သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်မည်ဟုဆို

**ကလေး၊ နို၀င်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေး၀-ကလေး-တမူး ကားလမ်းပေါ်ရှိ တံတား ၆၉ စင်းကိုအသစ် တည်ဆောက်ပေးမည်ဖြစ်ကြောင်း နို၀င်ဘာလ ၁၈ ရက်နေ့က ကျင်းပသော အမျိုးသားလွှတ်တော် ဒုတိယ အကြိမ်တတိယ ပုံမှန်အစည်းအဝေး တတိယ နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းခိုင်က ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ကလေး၀ -ကျီကုန်း - ကလေးမြို့ ကားလမ်းကိုရေရှည် တည်တံ့အသုံးပြုနိုင်ရန်အတွက် ယင်းလမ်းမကြီး မပျောက်ကွယ်ရန် နိုင်ငံတော် အစိုးရ အနေနှင့် ရေတိုရေရှည် စီမံကိန်းများ ချမှတ်ကာအဆင့်မြင့် နည်းပညာဖြင့် မြစ်သာမြစ် ရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရန်၊ တောင်ပြိုခြင်း Land slight ဖြစ်ခြင်းများကို ကာကွယ်နိုင်ရန် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်၊မည်သည့်အချိန် ဆောင်ရွက်မည်ကို သိရှိလိုကြောင်း မေးခွန်းကို ကလေးမြို့အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကမေးမြန်းမှုနှင့် စပ်လျဉ်း၍ ဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့သည်။

ကလေး၀-ကျီကုန်း-ကလေးမြို့ လမ်းမကြီးကို ရေရှည်အသုံးပြုနိုင်ရန် မဟာဗျူဟာမြောက် လမ်းမကြီးကို လာမည့် ပွင့်လင်းရာသီတွင် ပညာရှင်များနှင့် လေ့လာသုံးသပ်ပြီး ခေတ်မီ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကလေး၀ -ကလေး- တမူး လမ်းမကြီးပေါ်ရှိ တံတားပေါင်း ၆၉ စင်းကို သံကူကွန်ကရစ်တံတားကြီးများ အဖြစ် တည်ဆောက်ပေးမည် ဖြစ်ကြောင်းကို ဝန်ကြီးက ပြောကြားခဲ့ကြောင်း ကလေး၀ မြို့အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုနိုင်က ပြောကြားသည်။

ကလေး၀-ကလေး-တမူး ကားလမ်းပေါ်ရှိ အသုံးပြုနေသော တံတားများသည် ဒုတိယကမ္ဘာစစ် လက်ကျန်တံတားများဖြစ်ပြီး တံတားများ ကြံ့ခိုင်မှု နည်းသဖြင့် မြန်မာ-အိန္ဒိယ နယ်စပ် ကုန်တင်ယာဉ်များ အနေနှင့် ကွင်းလမ်းများကို အဓိကထား အသုံးပြု သွားလာနေရကြောင်း၊ မိုးရာသီကာလ ချောင်းရေများ ကျပြီး ကွင်းလမ်းများ အသုံးပြု၍ မရသည့်အခါ နယ်စပ်ကုန်စည် စီးဆင်းမှု ရပ်တန့်ရသည်အထိ ကုန်သွယ်မှု ခက်ခဲကြောင်း၊ တံတားများ အမြန်ဆုံး ပြုပြင်ပေးမည်ဆိုပါက လွန်စွာဝမ်းမြောက်မိမည်ဖြစ်ကြောင်း တမူးနယ်စပ်ကုန်သည်များနှင့် ကုန်တင်ယာဉ်မောင်းများက ပြောသည်။ ■

# ပြည်ထောင်စုလမ်းမကြီးတွင် ယာဉ်နှစ်စီးတိုက်၊ တစ်ဦးသေ၊ လေးဦး ဒဏ်ရာရ

**ကျိုင်းတုံ၊ နို၀င်ဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဖြတ်မြို့နယ် ဆိုင်းလေရွာအနီး ကျိုင်းတုံ-တာချီလိတ်ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၇၀၇ ကီလိုမီတာအနီးတွင် နို၀င်ဘာလ ၁၈ ရက် ညနေပိုင်းက ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ် တိုက်မိရာမှ တစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း မိုင်းဖြတ်မြို့မှ ရဲခန်းထံမှ သိရသည်။

ကျိုင်းတုံမြို့မှ တာချီလိတ်မြို့သို့ မောင်းနှင်လာသော ခရီးသည် ၁၄ ဦး တင်ဆောင်လာသော ချမ်းသာအောင် ယာဉ်လိုင်းမှ Hiace ယာဉ်မှာ မျက်နှာချင်းဆိုင် မောင်းနှင်လာသော ခြောက်ဘီးကုန်တင်ယာဉ်ကိုဝင်တိုက်ခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ခရီးသည်ယာဉ် ခေါင်းခန်းတွင် လိုက်ပါလာသော အမျိုးသမီးကြီး တစ်ဦးသေဆုံးခဲ့ကြောင်း ကျိုင်းတုံမြို့ ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူးရုံးမှဒုရဲမှူး (ဦးစီး) မျိုးသိန်းက ပြောကြားသည်။

အသက်၅၀နှစ်ခန့်အရွယ် ဒေါ်အေးရွှေမှာ သေဆုံးခဲ့ပြီး အသက်၁၆နှစ်မှ အသက် ၅၄ နှစ်အရွယ်ရှိ အမျိုးသား လေးဦး ဒဏ်ရာရရှိခဲ့ကာ မိုင်းဖြတ်ဆေးရုံနှင့် တာချီလိတ် ပြည်သူ့ဆေးရုံတွင် ကုသနေကြောင်း၊ ၎င်းတို့အနက် ခြေသလုံးရိုးကျိုးသွားသော လူငယ်ကို ထိုင်းနိုင်ငံ ချင်းမိုင်ဆေးရုံတွင် ဆေးကုသနိုင်ရန်အတွက် ပို့ဆောင်ပေးခဲ့ကြောင်း တာချီလိတ်မြို့နယ် ရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးလှမိုးက ပြောကြားသည်။ ■

# စည်ပင်သာယာ ဆောက်လုပ်ရေးလုပ်ငန်းများ ခရိုင်အလိုက် သတ်မှတ်ဈေးနှုန်းကို သုံးသပ်တွက်ချက်ရန် တိုက်တွန်း

**ပုသိမ်၊ နို၀င်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ခရိုင်အလိုက် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း ပုံသေသတ်မှတ်ဈေးနှုန်းများကို ဆောက်လုပ်ရေးလုပ်ငန်းခွင်အလိုက် ဒေသန္တရဈေးနှုန်းများဖြင့် ပြန်လည် သုံးသပ် တွက်ချက်ရန် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ နို၀င်ဘာလ ၁၈ ရက်နေ့က ကျင်းပသော ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်တတိယပုံမှန် အစည်းအဝေးတွင် မြန်အောင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးလှမိုးအောင်က တိုက်တွန်းခဲ့သည်။

စည်ပင်သာယာရေးအဖွဲ့၏ ခရိုင်အလိုက်ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း ပုံသေသတ်မှတ်ဈေးနှုန်းများမှာ ဆောက်လုပ်ရေး လုပ်ငန်းခွင်အလိုက် ဒေသန္တရ ဈေးနှုန်းများထက် ၃၀ ရာခိုင်နှုန်းပိုများနေကြောင်း၊ စည်ပင်သာယာရေးအဖွဲ့၏ အားနည်းနေသောပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရရှိသော အခွန်ငွေများမှာ အဟောသိကံ မဖြစ်ရေးအတွက် တိုက်တွန်းသည့် အဆိုတင်သွင်းရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

“စည်ပင်သာယာရေးဝန်ကြီး ဌာနက ကောက်ခံထားတဲ့ အခွန်ငွေတွေကို စနစ်တကျ မသုံးစွဲရင် မတိုးတက်နိုင်ဘူး၊ တွက်ချက်မှုတွေကို ပြန်လည် မသုံးသပ်ရင် လေလွင့်မှုတွေကို မသိနိုင်ဘူး၊ ယိုပေါက်ထွက်ပေါက်ဖြစ်တဲ့ ခရိုင်အလိုက် ဈေးနှုန်းသတ်မှတ်မှုကို ပြန်လည်သုံးသပ်သင့်တယ်၊ ပြည်သူတွေကိုလည်း စည်ပင်သာယာလုပ်ငန်းများနဲ့ ပတ်သက်ပြီး အသိပညာပေးဖို့လိုအပ်ပါတယ်” ဟု ၎င်းက ပြောဆိုသည်။

စည်ပင်သာယာရေး လုပ်ငန်းများ ထိရောက် အောင်မြင်နိုင်ရေးအတွက် ပြည်သူများအတွင်း စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများ အသိပညာပေးနိုင်ရေးအတွက် တင်ပြလာသည့် အဆိုကို လွှတ်တော်တွင် ဆွေးနွေးသင့်ကြောင်း တိုင်းဒေသကြီး စည်ပင်ဝန်ကြီး နှင့် လေးမျက်နှာမြို့နယ် မဲဆန္ဒနယ် ၂ မှ တိုင်းလွှတ်တော် ကိုယ်စားလှယ်တို့က ထောက်ခံသည်။

“တိုင်းဒေသကြီး စာရင်းချုပ်ရဲ့ စိစစ်တွေ့ရှိချက်တွေအရ အခြေခံ စံနှုန်း ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ် ဒေသ ဈေးနှုန်းကို တင်ပြပြီး လုပ်ငန်းမဆောင်ရွက်ရသေးဘဲ သံသယအဖြစ်နဲ့ တိုင်ကြားခြင်းဖြစ်တယ်၊ လိုအပ်ပါက အိတ်ဖွင့်တင်ဒါစနစ်နဲ့လုပ်ငန်းဆောင်ရွက်သင့်တယ်၊ လုပ်ဆောင်ချိန်မှာ အမှန်တကယ်ပေးချေရမယ့် ဈေးနှုန်းနဲ့ ဒေသဈေးနှုန်း အနီးကပ်ဆုံး တွက်ချက်ခန့်မှန်းပေးချေတဲ့ စနစ်ကို ပြန်လည်ပြင်ဆင်ရေးဆွဲ ဆောင်ရွက်စေသင့်ကြောင်း တင်ပြထားတာကိုအကောင်ထည်ဖော်သွားမယ်”ဟု တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးကျော်မြင့်က ပြောကြားသည်။ ■

## တရားမဝင် ကျွဲ ရောင်းသူများကို ဖမ်းမိ

**တောင်ကြီး၊ နို၀င်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး မြို့နယ် မိုင်းသော်အရှေ့ကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာမြောက်ဘက်ရေချောင်းအနီးတွင် တရားမဝင် ကျွဲရောင်းဝယ်သူများကို ဖမ်းဆီးရမိခဲ့ကြောင်း ပြည်နယ်ရဲရုံးထံမှ စုံစမ်းသိရှိရသည်။

ယင်းနေရာ၌ ကောလ (၃၉ နှစ်)နှင့် ကျော်သူ (၂၀ နှစ်)တို့သည် ကျွဲများကိုဆွဲလာစဉ် တာဝန်ရှိသူများစစ်ဆေးရာ အထောက်အထားခိုင်လုံသည့် သက်သေတစ်စုံတစ်ရာပြသနိုင်ခြင်း မရှိသည့်အတွက် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ကျွဲ စုစုပေါင်း ၁၂ ကောင်ရှိပြီး ကာလတန်ဖိုး ကျပ် ၈၅ သိန်းခန့် တန်ဖိုးရှိကြောင်း အဆိုပါ ရုံးတာဝန်ရှိသူတစ်ဦးက ဆိုသည်။

ကျွဲသယ်ဆောင်လာသူ နှစ်ဦးကို ညောင်ရွှေမြို့နယ်ရဲစခန်းက(ပ)၁၀၅/၁၆ အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၅ အရစစ်ဆေးလျက်ရှိကြောင်း ပြည်နယ်ရဲရုံးထံမှ သိရသည်။ ■

# တမူး မြို့ရှောင်လမ်းကြောင့် ဆုံးရှုံးခဲ့သော တောင်သူများကို လျော်ကြေးပေးမည်

**ကလေး၊ နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် မြို့ရှောင်လမ်းဖောက်လုပ်မှုကြောင့် လယ်ယာမြေဆုံးရှုံးခဲ့သော တောင်သူများကို လျော်ကြေးပေးနိုင်ရန် စီစဉ်နေကြောင်း တမူးမြို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်က ပြောကြားသည်။

၄မိုင်ကျော် ရှည်လျားသော တမူးမြို့ရှောင်လမ်းကို ၂၀၁၅ခုနှစ် နိုဝင်ဘာလက ဖောက်လုပ်ပြီးစီးခဲ့ပြီး လယ်ယာမြေဆုံးရှုံးခဲ့သော တောင်သူများ နစ်နာကြေးမရရှိမှုနှင့် ပတ်သက်၍ နိုဝင်ဘာလ ၁၈ ရက်နေ့က အမျိုးသားလွှတ်တော်တွင် မေးမြန်းမှုအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လျော်ကြေးပေးနိုင်ရန် စီစဉ်နေကြောင်း ဖြေကြားခဲ့သည်။

လယ်ယာမြေဆုံးရှုံးမှုအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျော်ကြေးပေးရမည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနှင့် ယခုနှစ်ဘဏ္ဍာရေးနှစ် ဖြည့်စွက် ရန်ပုံငွေတွင် ထည့်သွင်း ရေးဆွဲထားသည် ဆိုပါက ယခုနှစ်အတွင်းပေးချေမည်ဖြစ်ကြောင်း၊ မရေးဆွဲထားပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်ရေးဆွဲစေကာ ပေးအပ်မည်ဖြစ်ကြောင်း ၎င်းက ဖြေကြားခဲ့သည်။

"ပိုင်ဆိုင်မှုအထောက်အထား ခိုင်ခိုင်မာမာမရှိဘူး ဆိုရင်တော့ ပေးမှာမဟုတ်ဘူးလို့ပြောတယ်၊ ပိုင်ဆိုင်မှုအထောက်အထားခိုင်မာတဲ့သူ ၁၀ယောက်လောက်ပဲ စာရင်းဖော်ပြထားတယ်၊ ကိုယ့်ရဲ့လယ်တွေ ယာတွေပါသွားတယ်၊ ခိုင်မာမှုလည်း ရှိတယ်၊ ပိုင်ဆိုင်မှုအထောက်အထားလည်း ရှိတယ်ဆိုရင်တော့ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီမှာ သွားပြီး ထပ်တင်ပြတောင်းဆိုလို့ ရပါတယ်"ဟု တမူးမြို့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် က ပြောကြားသည်။

လတ်တလော ရရှိထားသောစာရင်းများအရ လယ်ယာမြေနှင့် ငါးကန်ပိုင်ဆိုင်သူ ၁၀ ဦးခန့်ရှိပြီး မြေဧက ၁၃ ဧက ဆုံးရှုံးခဲ့ကြောင်း၊ ယင်းလယ်မြေနှင့် ငါးကန်များအတွက် လယ်တစ်ဧကလျှင် ကျပ် ၂၅သိန်း၊ ယာတစ်ဧကလျှင် ကျပ် ၁၀ သိန်း၊ ငါးကန်တစ်ဧကလျှင် ကျပ် ၂၅ သိန်းအဖြစ် လျော်ကြေးပေးချေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ■

The VOICE Daily

CARTOON



# ကုန်တင်ယာဉ်ငါးစီးပေါ်မှ တရားမဝင် ကုန်ပစ္စည်းများတွေ့ရှိမှု ပြစ်ဒဏ်ချမှတ်မည်

**ကျိုင်းတုံ၊ နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အဝင် နောင်ဖာရဲကင်းရှေ့တွင် တရုတ်နိုင်ငံမှ တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ယာဉ်ငါးစီးကို ရှာဖွေစစ်ဆေးပြီးဖြစ်ရာ ယင်းတရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်လာသူများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆုံးဖြတ်၍ ပြစ်ဒဏ်ချမှတ်မည်ဖြစ်ကြောင်း ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဆွေဦးက ပြောကြားသည်။

ကျိုင်းတုံမြို့ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် နိုဝင်ဘာလ ၁၈ ရက် နံနက် ၁၁ နာရီခန့်က သတင်းမီဒီယာများကို ဖိတ်ကြားကာ အဆိုပါတရားမဝင်ကုန်ပစ္စည်းများ တွေ့ရှိမှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ၎င်းက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

"ယာဉ်ငါးစီးလုံးပေါ်ကနေ မူးယစ်ဆေးဝါးနဲ့ လက်နက်ခဲယမ်းတွေ မတွေ့ရှိရပေမယ့် ဂျုတီဆောင်ထားတယ်ဆိုတဲ့ပစ္စည်းတွေအပြင် တရားမဝင်သယ်ဆောင်လာတဲ့ အဝတ်အထည်တွေ၊ တားမြစ်အဆီကျဆေးတွေအပြင် အခြားကုန်ပစ္စည်းမျိုးစုံကိုတွေ့ရှိခဲ့တယ်။ ဒါတွေနဲ့ပတ်သက်ပြီး ဘယ်လိုအရေးယူမယ်ဆိုတာကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေ ဆုံးဖြတ်ပေးမှာပါ" ဟု ၎င်းကဆိုသည်။

အဆိုပါယာဉ်များပေါ်ရှိ ကုန်ပစ္စည်းများသည် အကောက်ခွန်ဦးစီးဌာနထံ၌ တရားဝင်အခွန်ပေးဆောင်ထားသည်ဟု ဆို၍ တိုက်ဆိုင်စစ်ဆေးရန်အတွက် မြို့နယ်အကောက်ခွန်တာဝန်ရှိသူများကို ရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများက ခေါ်ယူခဲ့သော်လည်း လုပ်ထုံးလုပ်နည်းဖြင့် မညီညွတ်ဟုဆိုကာ နိုဝင်ဘာလ ၁၅ ရက်နေ့အထိ လာရောက်ခြင်းမရှိ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြခဲ့ရကြောင်း ယင်းကုန်ပစ္စည်းများ စစ်ဆေးသည့်အဖွဲ့ဝင်များက ပြောကြားသည်။

မူးယစ်ဆေးဝါးနှင့် တရားမဝင်ကုန်ပစ္စည်း သယ်ဆောင်လာသူများကို မကြာခဏဖမ်းဆီးရမိနေသည့် ကျိုင်းတုံမြို့အဝင် ကျိုင်းတုံ - မိုင်းယန်းလမ်း နောင်ဖာရဲကင်းရှေ့တွင် နိုဝင်ဘာလ ၁၄ ရက်ညက တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသည့် ခြောက်ဘီးယာဉ်ငါးစီးကိုတာဝန်သိပြည်သူတစ်ဦးက သတင်းပေးမှုဖြင့် တွေ့ရှိခဲ့ကြောင်း၊ အဆိုပါယာဉ်များကို မြို့မရဲစခန်းဝင်း၌ ပူးပေါင်းအဖွဲ့စုံဖြင့် အမြန်ဆုံးရှာဖွေစစ်ဆေးပြီးတင်ပြရန် ညွှန်ကြားခဲ့ရကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။ ■



ဓာတ်ပုံ - NW

ယာဉ်မောင်းအိပ်ငိုက်မှုကြောင့် တိမ်းမှောက်ခဲ့သော မော်တော်ယာဉ်ကိုတွေ့ရစဉ်

# အမြန်လမ်း၌ SURF မော်တော်ယာဉ် ရေမြောင်းထဲ ထိုးကျ၊ နှစ်ဦး ဒဏ်ရာရ

**တောင်ငူ၊ နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး သာဂရမြို့ ရန်ကုန် မန္တလေး အမြန်လမ်း မိုင်တိုင် ၁၇၁ အနီးတွင် နိုဝင်ဘာလ ၁၉ ရက်နေ့ ညနေ ၃ နာရီကျော်က ရန်ကုန်မှ မိတ္ထီလာမြို့နယ်သို့ပြန်လာသည့် SURF မော်တော်ယာဉ်မှာ ယာဉ်မောင်း အိပ်ငိုက်ရာမှာ လမ်းဘေးရေမြောင်းထဲ ထိုးကျတိမ်းမှောက်ခဲ့ရာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမြန်လမ်း ရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)ထံမှ သိရှိရသည်။

အဆိုပါ ယာဉ်ပေါ်တွင် အသက် ၇၄ နှစ်အရွယ် ယာဉ်မောင်းနှင့်အတူ အသက် ၃၄နှစ်အရွယ် အမျိုးသားတစ်ဦး လိုက်ပါလာပြီး မော်တော်ယာဉ်မှာ လေကာမှန်များ ကွဲအက်ကာ မော်တော်ယာဉ် ပျက်စီးခဲ့ကြောင်း လိုက်ပါလာသူ နှစ်ဦးလုံး ဒဏ်ရာရှိသဖြင့် ဆွာမြို့တိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူနေရပြီး အသက်အန္တရာယ်မစိုးရိမ်ရကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဦးစိန်သောင်းကိုရာဇသတ်ကြီးပုဒ်မ ၃၃၇ဖြင့် အမှုဖွင့်လှစ်ထားကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်) မှုခင်းဌာနမှ တာဝန်ကျ ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ■

သတင်းကိစ္စဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁




မော်တော်ယာဉ်ဖြင့် ခိုးဝင်လာသော တရုတ်နိုင်ငံသားကို တွေ့ရစဉ်

# မော်တော်ယာဉ်ဖြင့် ခိုးဝင်လာသော တရုတ်နိုင်ငံသားတစ်ဦးကို ဖမ်းမိ

**ကျိုင်းတုံ၊ နိုဝင်ဘာ ၂၀**

တရုတ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့ အမှတ်(၈)ရပ်ကွက် မြို့မဈေးအနီးတွင် နိုဝင်ဘာလ ၁၉ရက် နံနက် ၉ နာရီခွဲခန့်က မော်တော်ယာဉ်ဖြင့် ခိုးဝင်လာသည့် တရုတ်နိုင်ငံသား တစ်ဦးကို ဖမ်းမိကြောင်း မိုင်းယောင်းမြို့မရဲစခန်းထံမှသိရသည်။

မိုင်းယောင်းမြို့မဈေးကြီး အနီးတွင် တရားမဝင် ဝင်ရောက်လာသော နိုင်ငံခြားသား တစ်ဦးရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးခဲ့ရာ အသက်၄၆နှစ် အရွယ် တရုတ်နိုင်ငံသားလျှိုဟောင်ကို JMC မော်တော်ယာဉ်နှင့်အတူ ဖမ်းမိကြောင်း၊ ဖမ်းမိသူမှာ မိုင်းလားအထူးဒေသ ဝမ်ခိုရွာတွင် ငှက်ပျောစိုက်သူဖြစ်ပြီး ဒေသလုံခြုံရေးကြောင့် နယ်စပ်ဝင်ပေါက်များ ပိတ်ထားသဖြင့် တောလမ်းမှတစ်ဆင့် မော်တော်ယာဉ်ဖြင့် ခိုးဝင်လာပြီး ဈေးလာဝယ်ချိန်တွင် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ကျိုင်းတုံမြို့ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်စိုင်းဖြိုးသီဟထွန်းက ပြောကြားသည်။

ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် နယ်နိမိတ်ခြင်း ထိစပ်နေသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယောင်းမြို့ အပါအဝင် ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် တရုတ်နိုင်ငံသားများက ဒေသခံများထံမှ လယ်ယာမြေများ ငှားရမ်းကာ တစ်သျှုးငှက်ပျော၊ ဖရဲအပါအဝင် အခြားသီးနှံများ စိုက်ပျိုးပြီး တရုတ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်နေကြောင်း ဒေသခံများက ပြောကြားသည်။

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ နေထိုင်သည့် အသက်၄၆နှစ်အရွယ် လျှိုဟောင်ကို လဝကအက်ဥပဒေ-၁၃(၁)ဖြင့် အမှုဖွင့်ထားကြောင်း မိုင်းယောင်းမြို့မ ရဲစခန်းထံမှသိရသည်။ ■

# မိတ္ထီလာစီးပွားရေးတက္ကသိုလ် မေဂျာသစ်တစ်ခု တိုးချဲ့မည်

**မိတ္ထီလာ၊ နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ယခုစာသင်နှစ်တွင် B.P.A (ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ) ဘွဲ့အတွက် မေဂျာအသစ်တစ်ခု ထပ်မံတိုးချဲ့သင်ကြားမည်ဖြစ်ကြောင်း မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာတင်ဝင်းက ပြောကြားသည်။

"ကျွန်တော်တို့ကျောင်းက စုစုပေါင်းပေးခွင့်ရှိတာ ဘွဲ့ရှစ်မျိုးရှိပါတယ်။ ပေးခွင့်ရှိတဲ့အထဲက လေးခုကိုပဲ ကျွန်တော်တို့က အရင်ပေးထားတာ။ ဒီနှစ်မှာအသစ်တစ်ခုထပ်တိုးပေးတာ။ အဲဒီဘွဲ့အတွက် ပထမနှစ်စပြီး တက်ကြတော့မှာ" ဟုငင်းက ဆိုသည်။

မိတ္ထီလာ စီးပွားရေးတက္ကသိုလ်ကို ၂၀၀၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခင်နှစ်ကတက်ရောက်သည့် ကျောင်းသား၊ ကျောင်းသူအရေအတွက်မှာ ၃၀၀၀ ကျော်ရှိကြောင်း၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ပြီးခဲ့သည့်နှစ်အထိပေးအပ်ခဲ့သော ဘွဲ့အမျိုးအစားလေးမျိုးမှာ B.Econ (Economics)စီးပွားရေး ပညာဘွဲ့(ဘောဂဗေဒ)၊ B.Econ (Statistics) စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ)၊ B.com (ဝါဏိဇ္ဇဗေဒဘွဲ့)၊ B.B.A(စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့) တို့ဖြစ်ပြီး အဆိုပါဘွဲ့များအတွက် မဟာဘွဲ့များနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ မဟာဘွဲ့တို့ကိုပါ ပေးအပ်လျက်ရှိကြောင်း ဒေါက်တာတင်ဝင်းက ရှင်းပြသည်။

ယခုစာသင်နှစ်တွင် မိတ္ထီလာ စီးပွားရေးတက္ကသိုလ် တက်ရောက်ခွင့်ရသည့် ကျောင်းသားအရေအတွက်မှာ ၆၆၄ ဦး ရှိကြောင်း၊ မိတ္ထီလာ စီးပွားရေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရန် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် အနိမ့်ဆုံးအမှတ် သတ်မှတ်ချက်သည် ၄၀၂ မှတ်ဖြစ်ကြောင်း ကျောင်းသားရေးရာဌာနထံမှ စုံစမ်းသိရှိရသည်။ ■

# ကျိုင်းတုံတွင် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး အလုပ်ရုံဆွေးနွေး

**ကျိုင်းတုံ၊ နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးရုံးတွင် နိုဝင်ဘာ ၁၉ ရက်နေ့မှ နိုဝင်ဘာလ ၂၀ရက်နေ့အထိ ဒေသခံတိုင်းရင်းသား လူငယ်များစုပေါင်း၍ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး အလုပ်ရုံ ဆွေးနွေးပွဲကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ဒေသခံ တိုင်းရင်းသား လူငယ်အယောက်၃၀ တက်ရောက်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားလူငယ်များ ပိုမိုပါဝင်လာစေရန်နှင့် စွမ်းဆောင်ရည်များ ပိုမိုမြင့်မားလာစေရန် ကျင်းပရခြင်း ဖြစ်ကြောင်း၊ ယင်းဆွေးနွေးပွဲတွင် ဒီမိုကရေစီ နိုင်ငံသားတို့၏ အမျိုးသားရေးတာဝန်၊ လူ့အခွင့်အရေး၊ ကျား၊ မတန်းတူညီမျှမှု အပါအဝင် ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သောအကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးရေး စီမံချက်(ရှမ်း/ရှေ့)လက်ထောက်မန်နေဂျာ ဒေါ်အိသန္တာအောင်ကပြောကြားသည်။

"EUရဲ့ထောက်ပံ့မှုနဲ့ ရှမ်းအရှေ့ဒေသမှာ ၂၀၁၅ ခုနှစ်ကနေ စပြီး စီမံချက်အနေနဲ့လုပ်နေပါတယ်၊ တိုင်းရင်းသားလူငယ်တွေအနေနဲ့ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးပြီး ကိုယ်တိုင် ပူးပေါင်းပါဝင်လာနိုင်ပါလိမ့်မယ်" ဟုငင်းက ပြောဆိုသည်။

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများစွာ အခြေစိုက်နေထိုင်ပြီး ခံယူချက်ကိုယ်စီဖြင့် အပြန်အလှန် တိုက်ပွဲများ ဖြစ်ပွားနေသည့် ရှမ်းပြည်နယ် အပါအဝင် မြန်မာနိုင်ငံရှိ နေရာအချို့တွင် တိုက်ပွဲများ မချုပ်ငြိမ်းနိုင်သေးကြောင်း၊ တိုက်ပွဲများကြောင့် ဒေသခံတိုင်းရင်းသားများ ထိခိုက်သေကျေရသည့်အပြင် စားဝတ်နေရေး အခက်အခဲများကိုလည်း ကြုံတွေ့နေရကြောင်း အသက် ၂၀ ကျော် ရှမ်းတိုင်းရင်းသား လူငယ်တစ်ဦးက ပြောကြားသည်။

"အခုလို အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်တာကောင်းပါတယ်၊ ဌာနအနေနဲ့က ပြည်သူကို ဗဟိုပြုတဲ့လုပ်ငန်းတွေ ဖော်ဆောင်နေတဲ့အတွက် ဘယ်လိုအဖွဲ့အစည်းတွေမဆို တွေ့ဆုံဆွေးနွေးပွဲတို့ လုပ်ချင်တယ်ဆိုရင် အခမဲ့လာပြီး လုပ်ဆောင်နိုင်ပါတယ်" ဟု ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးမောင်မောင်ကြည်က ပြောဆိုသည်။ ■

# အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ် ဆင်ိုင်ပွဲတော်သို့ ချင်းပြည်နယ် အစိုးရအဖွဲ့တက်မည်

**ကလေး၊ နိုဝင်ဘာ ၂၀**

အိန္ဒိယနိုင်ငံ၊ မဏိပူရ်ပြည်နယ် အင်ဖာမြို့တွင် နိုဝင်ဘာလ ၂၁ ရက်နေ့၌ ကျင်းပမည့် ဆင်ိုင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ချင်းပြည်နယ် ဝန်ကြီးချုပ်အပါအဝင် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ တက်ရောက်မည်ဖြစ်ကြောင်း ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင် ကပြောကြားသည်။

အဆိုပါ အခမ်းအနားကို တက်ရောက်နိုင်ရေးအတွက် ချင်းပြည်နယ် ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှု (ဟိုတယ်နှင့်ခရီး) ဝန်ကြီး၊ လူမှုရေးဝန်ကြီးနှင့် အစိုးရအဖွဲ့ အတွင်းရေးမှူးက မြန်မာ - အိန္ဒိယ နယ်စပ် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့မှ တစ်ဆင့် နယ်စပ်ကားလမ်းအတိုင်း အင်ဖာမြို့သို့ သွားရောက်ရန်အတွက် နိုဝင်ဘာ ၂၀ ရက်နေ့က တမူးမြို့သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ၎င်းကပြောကြားသည်။

"မဏိပူရ်ပြည်နယ်ရဲ့ပြည်ပခရီးသွားဧည့်သည် လာရောက်မှုကို အားပေးမြှင့်တင်တဲ့ပွဲပါ၊ ချင်းပြည်နယ်နဲ့က နယ်နိမိတ်ချင်း ဆက်စပ်နေတယ်လေ၊ ဒီပွဲတော်မှာ ချစ်ကြည်ရေးအရ ပါဝင်တာပါ၊ မဏိပူရ်ဘက်မှာလည်း ချင်းမျိုး နွယ်စုတော်တော်များများလည်းရှိကြတယ်" ဟု ၎င်းက ရှင်းပြသည်။ ■

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

## ကျောင်းထိုင်ဘုန်းကြီးက ယဉ်ကျေးမှုသင်တန်းကျောင်းသူကို အဓမ္မကျူးလွန်မှု အရေးယူပေးရန် တောင်းဆို

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ သဲကုန်းကျေးရွာတွင် ယခင် သုံးနှစ်ကျော်က ယဉ်ကျေးမှုသင်တန်းဖွင့်သော ကျောင်းထိုင်ဘုန်းကြီးက ဆယ်ကျော်သက်အရွယ်ကျောင်းသူတစ်ဦးကို သားမယားအဖြစ် အကြိမ်ကြိမ်ပြုကျင့်ခဲ့သည့် အမှုကို အမှန်အတိုင်း ဖော်ထုတ်အရေးယူပေးရန် တောင်းဆိုလိုက်ကြောင်း ယင်းမိသားစုထံမှ သိရှိရသည်။

အဆိုပါနစ်နာမှုအတွက် သတင်းစာရှင်းလင်းပွဲကို ဒဂုံမြို့နယ်၊ ပြည်သူ့ဥယျာဉ်အတွင်းရှိ မိုင်းဂါးဒန်းစားသောက်ဆိုင်တွင် နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက် ၁၀နာရီခွဲခန့်က ပြုလုပ်ခဲ့ပြီး အကျူးလွန်ခံရသော အမျိုးသမီးငယ်အပါအဝင် မိသားစုတို့က မီဒီယာများကို အထက်ပါအတိုင်း ရှင်းလင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

"သမီးလေးက ခုနစ်တန်းကျောင်းသူအရွယ်နဲ့ သားမယားအဖြစ် ပြုကျင့်ခံလိုက်ရတယ်၊ အခုဆိုကလေးတောင် တစ်နှစ်ခုနစ်လရှိနေပြီ၊ အဓိကတော့ သာသနာတော်မှာ ဒါမျိုးယုံကြည်ကိုးစားမှုတွေကို အခွင့်အရေးမယူနိုင်ဖို့ပါ" ဟု အဓမ္မကျူးလွန်ခံရသော အမျိုးသမီးငယ်၏မိခင် ဒေါ်ခင်ဝိုင်းက ပြောကြားသည်။

၂၀၁၃ ခုနှစ် မတ်လက ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် သဲကုန်းကျေးရွာအုပ်စု ညောင်အိုင်ရွာရှိ ကျောင်းသစ်ကျောင်းဘုန်းကြီးကျောင်းတွင် ယဉ်ကျေးမှုသင်တန်းဖွင့်လှစ်စဉ် ကျောင်းထိုင်ဆရာတော် (၃၁) နှစ်ခန့်က ယင်းသင်တန်းလာတက်သည့် ၎င်း ညောင်ရွာနေ အသက် ၁၃ နှစ်ခန့် အမျိုးသမီးငယ်တစ်ဦး ကျောင်းတိုက်အခန်းအတွင်း သားမယားအဖြစ် အကြိမ်ကြိမ် ကျူးလွန်ခဲ့ပြီး ၎င်းက လူဝတ်ထွက်ကာ အတည်တကျ ပေါင်းသင်းမည်ဟုပြောဆိုကာ အချိန်ဆွဲခဲ့ရာမှ ၂၀၁၅ ခုနှစ် နှစ်ဆန်းတွင် အမျိုးသမီးမှ သန္ဓေသားရင့်လာခြင်းကြောင့် ကလေးမွေးဖွားခဲ့ရကြောင်း ဇလွန်မြို့နယ် ရဲတပ်ဖွဲ့ထံအမှုဖွင့် တိုင်ကြားချက်အရ သိရှိရသည်။

"ဆရာတော်ကလည်း ရပ်ရွာမှာ အလေးထားခံရတဲ့ ဘုန်းကြီးတစ်ပါးဖြစ်တယ်၊ သာသနာရေးဆိုင်ရာ ဝလေ့ထုံးတမ်းတွေလည်းရှိတော့ အမှုတွဲစစ်ဆေးမှု ရှုပ်ထွေးခဲ့ပါတယ်၊ ဒီနှစ်လယ်ထဲကျမှ တိုင်းဒေသကြီး သံဃနာယကအဖွဲ့က စုံခုံဖွဲ့ စစ်ဆေးပေါ်ပေါက်ချက်နဲ့အညီ အရပ်ဘက် ဥပဒေအရ ရင်ဆိုင်ဖြေရှင်းဖို့ စာထုတ်ပေးခဲ့လို့ မုဒိမ်းမှုပုဒ်မနဲ့ ပြီးခဲ့တဲ့ စက်တင်ဘာလက အမှုဖွင့်ပေးထားပါတယ်" ဟု ဇလွန်မြို့မရဲစခန်းမှ ဒုရဲမှူး သက်မိုးအောင်က ပြောကြားသည်။

ယင်းအပြင် ၎င်းအဓမ္မကျူးလွန်မှုကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တရားစွဲတင်နိုင်ရန် နှစ်ဖက်ပါဝင်သူတို့၏ မျိုးရိုးဗီဇဆိုင်ရာအချက်အလက်တို့ကို အင်းစိန်စီအိုင်ဒီဌာနတွင် ဓာတ်ခွဲစစ်ဆေးမှုများ ကနဦးပြုလုပ်မည်ဖြစ်ပြီး ၎င်းအမှုကို ဇလွန်မြို့မရဲစခန်းက (ပ) ၂၂၅ / ၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။ ■

## သီချင်းသံအကျယ်ကြီး မဖွင့်ရန်တားမြစ်သည့် ဦးလေးကို တူမယောကျ်ားက ဓားနှင့် ဆင့်ထိုးသတ်

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

မရမ်းကုန်းမြို့နယ်၊ အမှတ် ၅ ရပ်ကွက်၊ ရွှေနှင်းဆီကန်လမ်းရှိ နှစ်ထပ်လုံးချင်းနေအိမ်တစ်လုံးတွင် နိုဝင်ဘာလ ၂၀ ရက် နံနက် ၁၁ နာရီက သီချင်းသံအကျယ်ကြီး မဖွင့်ရန်တားမြစ်သည့် ဦးလေးကို တူတော်စပ်သူက ဓားနဲ့ဆင့်ထိုးသတ်ဖြတ်ခဲ့ကြောင်း မရမ်းကုန်းမြို့မ ရဲစခန်းထံမှ သိရှိရသည်။

"သေဆုံးသွားတဲ့သူက ညစောင့်အလုပ်သမား၊ ညမှာမအိပ်ရလို့ နေ့ခင်းဘက်အိပ်ချင်တာနဲ့ သီချင်းသံအကျယ်ကြီး ဖွင့်တဲ့တူကို တားမြစ်တာထင်တယ်၊ သီချင်းသံကလည်း အကျယ်ကြီးဖြစ်နေတော့ ရိုးရိုးသာမန် ရန်ဖြစ်တာလောက်ပဲလို့ ထင်လိုက်တာ၊ လူသတ်မှုကျူးလွန်တဲ့သူက ပုဆိုးကိုခေါင်းမြီးခြုံထွက်ပြေးသွားတာတွေ့လိုက်တယ်၊ ဒါပေမဲ့ တူဝရီးတွေဆိုတော့ ဒီလောက်အထိ ဖြစ်မယ်ထင်မထားဘူး" ဟု ယင်းရပ်ကွက်တွင် နေထိုင်သူအမျိုးသားတစ်ဦးက ပြောကြားသည်။

အဆိုပါ ဓားဖြင့်ဆင့်ထိုးအသတ်ခံရသည့်သူမှာ အသက် ၄၅ နှစ် အရွယ် ဦးမြင့်သွေး(ခ)ဒေးဗစ်ဖြစ်ပြီး အလုပ်မှ နံနက် ၇ နာရီခန့်တွင်ပြန်လာကာ နေအိမ်အပေါ်ထပ်တွင် အိပ်ပျော်နေစဉ် အိမ်အောက်ထပ်တွင် ဘီယာသောက်နေသူ (တူမဖြစ်သူ၏ ယောကျ်ား)က သီချင်းသံ ကျယ်လောင်စွာဖွင့်နေသည့်အတွက် မဖွင့်ရန် တားမြစ်ခဲ့ကြောင်း၊ ၎င်းက တားမြစ်ရာ မကျေနပ်သဖြင့် စကားများရန်ဖြစ်ပြီး အရိုးအသွား ၁၁ လက်မခန့်ရှိ နေအိမ်သုံးဓားဦးချွန် စတီးဓားဖြင့် ဆင့်ထိုးသတ် ခံရခြင်းဖြစ်ကြောင်း မရမ်းကုန်းမြို့မ ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"လူသတ်ပြီးထွက်ပြေးနေတဲ့ သူကို ဖမ်းဆီးရရှိနိုင်ဖို့ လိုက်လံရှာဖွေနေပါတယ်၊ လူလဲသိပြီဆိုတော့ မကြာခင်မိမှာပါ၊ ကတ်စက်သံအကျယ်ကြီး မဖွင့်ရန် တားမြစ်လို့ အသတ်ခံရတယ်လို့ ကနဦးစစ်ဆေးချက်အရသိရပေမယ့် ကျူးလွန်သူဖမ်းမမိသေးတော့ အတိအကျမပြောနိုင်သေးဘူး" ဟု ၎င်းကဆက်လက်ပြောကြားသည်။

ဓားဖြင့်ဆင့်ထိုးခံရမှုကြောင့် ဦးမြင့်သွေး (ခ)ဒေးဗစ်မှာ ဘယ်ဘက်ရင်အုံထိုးသွင်းဒဏ်ရာ နှစ်ချက်၊ ညာဘက်ရင်အုံထိုးသွင်းဒဏ်ရာတစ်ချက်၊ ချက်အပေါ် ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဘယ်ဘက်ညှပ်ရိုးအပေါ် ထိုးသွင်း ဒဏ်ရာတစ်ချက်၊ ညာလက်မောင်းထိုးသွင်းဒဏ်ရာတစ်ချက်တို့ရရှိပြီး နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း၊ လူသတ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူဆိုသူ အသက် ၂၅ နှစ်အရွယ် ကိုရွှေဌေးကို မရမ်းကုန်းမြို့မ ရဲစခန်းက (ပ) ၇၇၈/၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့် စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရှိရသည်။ ■

## ရန်ကုန်မြို့လယ်ကောင်တွင် ပြန်ပေးဆွဲ ခြိမ်းခြောက်ငွေတောင်းယူသည့်အဖွဲ့ကို နာရီပိုင်းအတွင်း ဖမ်းမိ

**ရန်ကုန် နိုဝင်ဘာ ၂၀**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်းမှ အမျိုးသား တစ်ဦးကို ပြန်ပေးဆွဲ ခေါ်ဆောင်ပြီး ကျပ် သိန်း ၁၇၀ ဖြင့် ပြန်ရွေးရန် ခြိမ်းခြောက်ငွေ တောင်းယူခဲ့သည့် အဖွဲ့ကို နာရီပိုင်းအတွင်းဖမ်းဆီးမိခဲ့သည်။

မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းရှိ ငါးလွှာ တိုက်ခန်းတွင် နေထိုင်သော ကိုမင်းစစ်သူရိန်ကို နိုဝင်ဘာလ ၁၈ ရက် ည ၈ နာရီခွဲက ရဲမင်းထက် (ခ) ရှုဖီးဆိုသူ အသက် ၂၀ အရွယ် အမျိုးသား တစ်ဦးက Crown အမျိုးအစား အဖြူရောင်ယာဉ်ဖြင့် လာရောက်ခေါ်ဆောင်ခဲ့ကြောင်း၊ ယင်းည ၁၀ နာရီခန့်တွင် Crown ယာဉ်ဖြင့် လိုက်ပါသွားသော ကိုမင်းစစ်သူရိန်ကို ငွေကျပ်သိန်း ၁၇၀ ဖြင့် ပြန်လာရွေးရန် ၎င်းတို့ အဖွဲ့က ဖုန်းဆက် ပြောဆိုခဲ့ရာ ကိုမင်းစစ်သူရိန်၏ မိခင်ဖြစ်သူ ဒေါ်နှင်းဆွေက ရဲတပ်ဖွဲ့ထံ တိုင်ကြားခဲ့သည်။

"ပြန်ပေးဆွဲ ခြိမ်းခြောက်ငွေတောင်းတဲ့ ရဲမင်းထက်(ခ) ရှုဖီးက သူ အကြွေးငွေသိန်း သုံးရာကျော်လောက် ပြန်ဆပ်ရမယ့် အမျိုးသားကို အကြွေးပြန်မဆပ်ဘဲ ထပ်ပြီး ခြိမ်းခြောက်ငွေတောင်းယူတာ၊ တစ်ဖက်က သူ့လူတွေကို သူ့အကြွေးမဆပ်လို့ ပြန်ပေးဆွဲ ငွေတောင်းယူမယ် ငွေရရင် အချိုးကျ ခွဲဝေပေးမယ်လို့ လိမ်လည်ပြောဆိုထားကြောင်း စစ်ဆေးချက်အရ သိရတယ်" ဟု အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ ရဲအရာရှိ တစ်ဦးက ပြောကြားသည်။

ငွေကျပ်သိန်း ၁၇၀ လာပေးရန် ချိန်းဆိုထားသည့် သာကေတမြို့နယ် သန်လျင်တံတား ချဉ်းကပ်လမ်း ၁၀၈ တောင် ဘုရားအနီး အောင်စည်သာ လက်ဖက်ရည်ဆိုင်သို့ ဒေါ်နှင်းဆွေက ငွေထုပ်ကိုင်ဆောင်ပြီး သွားရောက်ပေးစဉ် ယင်းအနီး ရဲတပ်ဖွဲ့က အသင့်ယူစောင့်ဆိုင်းနေပြီး ပြန်ပေးဆွဲအဖွဲ့ကိုပိတ်ဆို့ဖမ်းဆီးခဲ့ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ဖမ်းမိခဲ့သူ ငါးဦးမှာ မင်္ဂလာတောင်ညွန့် မြို့နယ် ၁၁၃ လမ်းတွင် နေထိုင်သူ အသက် ၂၀ အရွယ် ရဲမင်းထက်(ခ) ရှုဖီး၊ သာကေတမြို့နယ်တွင် နေထိုင်သော အသက် ၆၉ နှစ်အရွယ် ဦးတင်ဦး၊ အသက် ၄၂ နှစ်အရွယ် ဦးဇော်သိန်း၊ အသက် ၂၅ နှစ်အရွယ် ကျော်လှိုင်ဌေးနှင့် ဒဂုံတောင်မြို့နယ်တွင် နေထိုင်သော အသက် ၄၂ နှစ်အရွယ် ဦးအောင်ဇော်မင်းတို့ဖြစ်ပြီး ၎င်းတို့ကို ရာဇသတ်ကြီး ပုဒ်မ ၃၆၅ ဖြင့် အမှုဖွင့်စစ်ဆေးနေကြောင်း မင်္ဂလာတောင်ညွန့် မြို့မ ရဲစခန်းထံမှ သိရသည်။ ■

CARTOON



## ဇေယျာဝတီမြို့တွင် အသက် ၃၀ အမျိုးသား ပိုးသတ်ဆေးသောက် သေဆုံး

**တောင်ငူ၊ နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျာဝတီမြို့ မြို့မ ၄ ရပ်ကွက်ရှိ နွားတင်းကုပ်တစ်ခုတွင် နိုဝင်ဘာလ ၁၉ ရက် ညပိုင်းက အသက် ၃၀ အရွယ်အမျိုးသားတစ်ဦးမှာ ငွေကြေးသောကကြောင့်ပိုးသတ်ဆေးသောက်ကာ သေဆုံးခဲ့ကြောင်း တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရ သည်။

နေအိမ်နောက်ဖေး နွားတင်းကုပ်ကွပ်ပျစ်တွင်ဦးနေမာကူးမားမှာ လဲလျောင်းနေသဖြင့် ညီဖြစ်သူက ထမင်းစားရန်ပြောရာမှ ပါးစပ်မှအမြှုပ်များ အန်သဖြင့် ဇေယျာဝတီ တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးခဲ့ကြောင်း၊ ယင်းသေဆုံးမှုနှင့်ပတ်သက်၍သေမှုသေခင်းအမှတ်စဉ် ရေးဖွင့်ကာ စစ်ဆေးနေကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

"သူ့ညီကို မင်္ဂလာဆောင်ပေးထားတဲ့ ကုန်ကျစရိတ်ကို အကြွေးဆပ်ဖို့ရယ်၊ မိသားစု စားဝတ်နေရေးကလည်း ပြဿနာရှိတော့ ခုလိုလုပ်သွားတယ်လို့သိရတယ်၊ အရင်ရက်ကလည်း တက္ကသိုလ်ကျောင်းသူတစ်ယောက် ပိုးသတ်ဆေးသောက်သေသွားတော့ စိုက်ပျိုးရေးသုံးဆေးတွေ အလွယ်ရှိနေတာလည်း ပြန်သုံးသပ်သင့်တယ်" ဟု ဇေယျာဝတီမြို့ခံ အသက် ၄၆ နှစ်ခန့်အရွယ် အမျိုးသားတစ်ဦးက သုံးသပ်သည်။

အလားတူ ဇေယျာဝတီမြို့မ ၂ ရပ်ကွက်တွင်နိုဝင်ဘာလ ၁၈ ရက်နေ့ နံနက် ၈ နာရီခန့်က အသက် ၁၈ နှစ်အရွယ် တက္ကသိုလ်ကျောင်းသူတစ်ဦး ပိုးသတ်ဆေးသောက်ကာ အဆုံးစီရင်ခဲ့သည်။ ■

## ‘ပရိသတ်ထဲက ဈ’

# သက်ငယ်မုဒိမ်းမှုကျူးလွန်သူတွေကို ထိရောက်တဲ့ပြစ်ဒဏ်ပေးမယ့် ဥပဒေပြဋ္ဌာန်းသင့်ပြီ

ကိုရဲ (ရွှေတိဂုံ)

သတင်းစာတွေဖတ်လိုက်ရင် အမှုကြီးဆယ်မျိုးထဲက တစ်မျိုးမျိုးအကြောင်း အမြဲဖတ်နေရတော့ အစ်ကိုကြီး ကိုဇာဂနာရဲ့ပြက်လုံးကိုအစားထိုးပြောရမယ်ဆိုရင် သတင်းစာကိုင်လိုက်တာနဲ့ ခေါင်းရှုမှာစိုးရိမ်ရတယ်လို့ ပြောရမလို ဖြစ်နေပါတယ်။ လူသတ်၊ ဓားပြ၊ လုယက်၊ ပြန်ပေး၊ မုဒိမ်း၊ ဖောက်ထွင်း၊ တိရစ္ဆာန်ခိုး၊ ပုန်ကန်မှု၊ မတရားအသင်း၊ လက်နက်မှုဆိုတဲ့ အမှုကြီး ဆယ်မျိုးထဲက လူသတ်၊ မုဒိမ်းအမှုနှစ်မှုက ထိပ်ဆုံးမှာ အမြဲနေရာယူနေတာတွေ့ရပါတယ်။ ဒီလိုဖြစ်တာတွေကလည်း ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်ပေးတဲ့အခါမှာ ထိရောက်တဲ့ပြစ်ဒဏ်မချမှတ်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ပြစ်မှုထင်ရှားလို့ ပြစ်ဒဏ်ချမှတ်တဲ့အခါမှာလည်း တစ်နိုင်ငံလုံးအနေနဲ့ တစ်ပြေးညီမရှိတာကလည်း ထူးဆန်းလှပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေမှာ ပြစ်ဒဏ်အတိအကျပြဋ္ဌာန်းထားပေမယ့် အပြစ်ပေးတဲ့အခါမှာ မတူညီတာတွေလည်း မဖြစ်သင့်ဘူးလို့ထင်ပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေကို ရာဇသတ်ကြီးဥပဒေလို့ ပြောင်းလိုက်ရုံနဲ့ ပြစ်မှုတွေလျော့မသွားပါဘူး။

စက်တင်ဘာ ၂၉ ရက်နေ့ထုတ် သတင်းစာတွေမှာ ဝမ်းကွဲအစ်ကိုက ပထမတန်း ကျောင်းသူအား အဓမ္မပြုကျင့်သတ်ဖြတ်မှုကို ထိရောက်စွာ ကိုင်တွယ်စစ်ဆေးရန် လူမှုရေးအဖွဲ့များတောင်းဆို ခေါင်းစဉ်နဲ့ သတင်းတစ်ပုဒ်ဖတ်ရပါတယ်။ ရေကြည်မြို့နယ် ကုန်းပြင်ကျေးရွာအမက စက်စက်ယိုကျောင်းတွင် ပထမတန်း တက်ရောက်နေတဲ့ အသက် ၈ နှစ်အရွယ် ကလေးမလေးကို အစ်ကိုဝမ်းကွဲတော်သူဖြစ်တဲ့ မိုးဇော်ဦးက အဓမ္မပြုကျင့်ပြီး သတ်ပစ်ခဲ့တယ်လို့ဆိုပါတယ်။ ပြစ်မှုကျူးလွန်တဲ့သူကို သက်ဆိုင်ရာရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ၃၀၂၊ ၃၇၆၊ ၃၉၂၊ ၁၁၄ တို့နဲ့ အမှုဖွင့်ထားပါတယ်။

အဲဒီသတင်းစာမှာပဲ ဝက်ထီးကန်တိုက်နယ်မှာ အသက် ၁၀ နှစ်အရွယ် ပဉ္စမတန်းကျောင်းသူကို ဆွေမျိုးနီးစပ်တော်သူက အဓမ္မပြုကျင့်တဲ့သတင်းကို ဖတ်ရပြန်ပါတယ်။ အစ်ကိုဝမ်းကွဲတို့၊ ဆွေမျိုးနီးစပ်တော်သူတို့တွေက မိမိတို့အနေနဲ့ စောင့်ရှောက်ရမယ့်ဝတ္တရားတွေကို ဖောက်ဖျက်ပြီး အခုလိုတွေလုပ်တယ်ဆိုတော့ ဘယ်လောက်အထိ မိုက်တွင်းနက်လဲဆိုတာ ပြောမပြတတ်အောင်ပါပဲ၊ သူတို့တွေရဲ့လူမဆန်တဲ့ လူမှုရေးဖောက်ပြန်မှုတွေကြောင့် ရိုးရိုးသားသား ဆက်ဆံနေထိုင်ကြတဲ့ ပတ်ဝန်းကျင်ကို မယုံသင်္ကာစိတ်တွေကူးစက်သွားနိုင်တာကို သတိပြုသင့်ပါတယ်။

ကျိုက်လတ်မြို့နယ် ရွှေညောင်ကျေးရွာ အလက (ခွဲ)ကျောင်းမှာလည်း အဋ္ဌမတန်းကျောင်းသူလေးနှစ်ဦးကို ရန်နိုင်ဆိုတဲ့ ကျောင်းဆရာက အဓမ္မပြုကျင့်ခဲ့လို့ သက်ဆိုင်ရာက ဖမ်းဆီးစစ်ဆေးနေတာကိုလည်း ဖတ်ရပြန်ပါတယ်။ အဓမ္မပြုကျင့်မှုတွေများပြားလာတာနဲ့ပတ်သက်ပြီး တရားမဝင်အခွေတွေကြောင့်၊ အရက်ဆိုင်တွေကြောင့်၊ လူမှုကွန်ရက်ကြောင့်လို့ အကြောင်းပြကြပေမယ့် တကယ်တမ်းလုပ်ရမှာက ထိရောက်တဲ့ပြစ်ဒဏ်ချမှတ်ဖို့က အဓိက ဖြစ်ပါတယ်။ အခုတော့ ပြစ်မှုကျူးလွန်တဲ့သူတွေက ပြစ်ဒဏ်ကို မကြောက်ကြတော့ဘဲ ငွေများရင် တရားနိုင်ပါတယ်ဆိုတဲ့အချိုးမျိုးတွေနဲ့ ဂုဏ်ပကာသန၊ ငွေကြေးမရှိတဲ့အသိုင်းအဝိုင်း၊ ရိုးအ,တဲ့အသိုင်းအဝိုင်း၊ အောက်ခြေလူတန်းစားတွေအသိုင်းအဝိုင်းကို စော်ကားကြတာများပါတယ်။

အခုထုတ်ပြတာတွေက လက်ရှိဖြစ်ပေါ်နေတဲ့ သက်ငယ်မုဒိမ်းမှုတွေထဲက မှတ်သားထားတဲ့အကြောင်းအရာအချို့ဖြစ်ပါတယ်၊ ဒီနေ့အထိတော့ သက်ငယ်မုဒိမ်းမှုတွေဟာ လျော့ပါးမသွားဘဲ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာတာကို ထိထိရောက်ရောက်အရေးယူဖို့ဘာအသံမှမထွက်သေးတာကိုလည်း အံ့သြမိပါတယ်။

အဓမ္မပြစ်မှုကျူးလွန်တဲ့သူကိုပြစ်ဒဏ် နည်းနည်းချမှတ်မယ်ဆိုရင် အဓမ္မပြုကျင့်ခံရသူနဲ့ သူ့ရဲ့အသိုင်းအဝိုင်းကို စိတ်ဒဏ်ရာတွေရစေမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိတဲ့သူတွေအပေါ်ကိုလည်း အထင်လွဲမှုတွေ ဖြစ်စေပါတယ်။ မုဒိမ်းမှု၊ လူသတ်မှုတွေကို အမြင့်ဆုံးပြစ်ဒဏ်ချမှတ်လိုက်တဲ့အတွက် (တစ်နည်းအားဖြင့် ထိထိရောက်ရောက်ပြစ်ဒဏ်ချမှတ်တဲ့အတွက်) ပြစ်မှုကျူးလွန်တာတွေ လျော့နည်းသွားနိုင်ပါတယ်။ အမှုကြီးဆယ်မျိုးဝင် အမှုတွေကျူးလွန်တဲ့သူ၊ မူးယစ်ဆေးဝါး၊ လူမှောင်ခိုအမှုတွေ ကျူးလွန်တဲ့သူတွေကို ပြစ်မှုထင်ရှားလို့ အပြစ်ပေးတဲ့အခါ အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ရမှာဖြစ်သလို လွှတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့အခါမှာလည်း ထည့်သွင်းမစဉ်းစားသင့်ပါဘူး။ အစိုးရကို စာလေးတစ်စောင်၊ ကဗျာလေးတစ်ကြောင်းရေးမိတဲ့သူ၊ စကားလေးတစ်ခွန်းမှားတဲ့သူတွေကို ချလိုက်တဲ့ပြစ်ဒဏ်က နှစ်ပေါင်းလေးဆယ်၊ ငါးဆယ်၊ လူသတ်၊ မုဒိမ်းကောင်တွေကိုချတဲ့ ပြစ်ဒဏ်ကျတော့ နည်းနည်းဆိုတော့ ဥပဒေရဲ့အထက်မှာ ဘယ်သူတွေရှိနေတာလဲ၊ အဲဒီဥပဒေအထက်ကလူတွေ၊ ညွှန်ကြားချက်တွေကိုဖယ်မှ တရားဥပဒေစိုးမိုးရေးဆိုတာ ထိရောက်မှာဖြစ်ပါတယ်။ ဥပဒေကိုအကောင်အထည်ဖော်ရတဲ့ဝန်ထမ်းတွေ မှားရင်လည်း ထိထိရောက်ရောက်အရေးယူရမှာဖြစ်ပါတယ်။

သက်ငယ်မုဒိမ်းမှုတွေ ကျူးလွန်တဲ့သူဆိုရင် သေဒဏ်အထိ အပြစ်ပေးသင့်တဲ့ ဥပဒေပြဋ္ဌာန်းနိုင်ဖို့ ပြီးခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာ သဃ်န်းကျွန်းမြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွှန့်က အသက် ၁၆ နှစ် မပြည့်သေးတဲ့ ကလေးသူငယ်များအပေါ် လိင်မှုဆိုင်ရာ ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်းတို့ကို သေဒဏ်ချမှတ်ရန် ကလေးသူငယ်ဥပဒေပုဒ်မ ၆၆(က)တွင် ဖြည့်စွက် ပြဋ္ဌာန်းရန် အဆိုတင်သွင်းခဲ့ပေမယ့် ရှုံးနိမ့်ခဲ့ပါတယ်။

အခုတော့ဆရာလည်း လွှတ်တော်ကိုယ်စားလှယ်မဟုတ်တော့ပေမယ့် သက်ငယ်မုဒိမ်းမှုနဲ့ပတ်သက်လို့ လိုအပ်ရင် အကူအညီပေးမယ်၊ ဘယ်ပါတီနဲ့မဆို၊ ဘယ်သူနဲ့မဆို ပူးပေါင်းကူညီမယ်၊ ကိုယ်ကိုယ်တိုင်စင်ပေါ်တက်ကမှ မင်းသားလုပ်မှ မဟုတ်ဘူး၊ စင်နောက်ကနေလည်း တိုင်းပြည်ရဲ့အကျိုးအတွက် ပါဝင်ကူညီသွားမယ်လို့ နိုဝင်ဘာ ၁၇ ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်မှာ ဆရာ့ရဲ့အင်တာဗျူးကို ဖတ်လိုက်ရပါတယ်။ အဲဒီတော့ ဆရာပြောသလို သူတင်နိုးနိုး ကိုယ်တင်နိုးနိုး မလုပ်ကြဘဲ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကြိုးစားပေးကြပါဦး ခင်ဗျာ...။

မုဒိမ်းမှုနဲ့ပတ်သက်လို့ ပြစ်ဒဏ်များကို ပြင်ဆင်ရန် အငြိမ်းစားဥပဒေအရာရှိဆင့် ၂ တရားလွှတ်တော်ရှေ့နေ ဆရာဦးခင်ဇော်က “မုဒိမ်းမှုတွေ တိုးပွားလာခြင်း၊ လူသားမဆန်မှု၊ အသက်အရွယ်ငယ်လွန်းသည့် မိန်းကလေးများအား အဓမ္မပြုကျင့်ခြင်း၊ ပြုကျင့်ပြီး လူသတ်ခြင်း၊ လုယက်ခြင်းတို့အတွက် ပြစ်မှုများကို တရားရုံးက ထိရောက်စွာ ချမှတ်နိုင်ရေးအတွက် ပြစ်မှုပြစ်ဒဏ်များကို အရေးတကြီးပြင်ဆင်သင့်ကြောင်း၊ တွေ့ဝေနေကြရန်မလို”တဲ့အကြောင်း လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ထဲရှိ ဥပဒေပညာရှင်များ၊ ရှေ့နေချုပ်ရုံးရှိ ဥပဒေပညာရှင်များကို တိုက်တွန်းထားတဲ့အပြင် မုဒိမ်းမှုကျူးလွန်တဲ့ လူကြီးတရားခံများအား “မည်သူမဆိုအသက်၁၆ နှစ်အောက်မိန်းကလေးတစ်ဦးအား မုဒိမ်းမှုကျူးလွန်လျှင် ထောင်ဒဏ်နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ဖြစ်စေ (သို့မဟုတ်) သေဒဏ်ဖြစ်စေ ပြစ်ဒဏ်ချမှတ်နိုင်သည်။ မည်သူမဆို လူနှစ်ဦးမှအထက် ဝိုင်းဖွဲ့၍ အသက် ၁၆ နှစ်အောက်အရွယ်မိန်းကလေးတစ်ဦးအား မုဒိမ်းမှုကျူးလွန်လျှင် သေဒဏ်ချမှတ်ရမည်။ မည်သူမဆို အသက် ၁၆ နှစ်အောက်မိန်းမအား မုဒိမ်းမှုကျူးလွန်လျှင် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်”ဆိုပြီး အကြံပြုထားတာကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့ထုတ် မှုခင်းသတင်းဂျာနယ်မှာ ဖတ်လိုက် ရတာကို အမှတ်ရနေမိပါတယ်။ ဒါပေမဲ့ ဒီနေ့အထိ အကောင်အထည်မဖော်နိုင်သေးပါဘူး။



အဲဒီအကြံပြုချက်ကို အထက်လူကြီးတွေ မဖတ်မိတာကလည်း ကျွန်တော်တို့နိုင်ငံရဲ့ အလေ့အထတစ်ခုလို ဖြစ်နေပါတယ်။ ဌာနဆိုင်ရာတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့အဆင့်ဆင့်သော ဝန်ထမ်းတွေကလည်း လူကြီးတွေမသိစေနဲ့ဆိုတဲ့ စေတနာဆိုးတွေကြောင့် ဖြစ်ရပ်မှန်တွေကိုလျစ်လျူရှုသလို ဖြစ်သွားတတ်ပါတယ်။ အောက်ခြေကဖြစ်ရပ်မှန်တွေကို မသိတဲ့အခါ ပြည်သူတွေနဲ့ အုပ်ချုပ်သူဆိုတာ ကင်းကွာသွားပြီး အစိမ်းကြီး စိမ်းသွားတဲ့ မောင့်ကို… ဆိုသလို ဖြစ်နေပါတယ်။

မြန်မာနိုင်ငံရဲ့တရားစီရင်ရေးမှာ အထူးသဖြင့် သက်ငယ်မုဒိမ်းမှုတွေနဲ့ပတ်သက်ပြီး ထိရောက်တဲ့ပြစ်ဒဏ် ချမှတ်ဖို့အတွက် ပြည်သူရွေးချယ်ခဲ့တဲ့ ပြည်သူ့အစိုးရအနေနဲ့ အမြန်ဆုံး အကောင်အထည်ဖော်သင့်ပါပြီ၊ လူမှုကွန်ရက်စာမျက်နှာတွေမှာလည်း ဒီသက်ငယ်မုဒိမ်းမှုနဲ့ပတ်သက်ပြီး ထိရောက်တဲ့ပြစ်ဒဏ်ချမှတ်ဖို့၊ သီးခြားဥပဒေပြဋ္ဌာန်းဖို့ဆိုတာတွေ နေ့စဉ်နဲ့အမျှ ဖတ်နေရပါတယ်။

မိမိတို့ကို တစ်ချိန်က နှိပ်ကွပ်ခဲ့တဲ့ဥပဒေကို ရုပ်သိမ်းဖို့အတွက် တက်ညီလက်ညီနဲ့ ခံစားချက်ကို ရှေ့တန်းတင်ပြီး ဆောင်ရွက်သလို လက်ရှိဖြစ်ပေါ်နေတဲ့ သက်ငယ်မုဒိမ်းမှုအတွက် သီးခြားဥပဒေပြဋ္ဌာန်းဖို့၊ ထိရောက်တဲ့ ပြစ်ဒဏ်ချမှတ်ဖို့ အမြန်ဆုံးဆောင်ရွက်သင့်ပါပြီ၊ အောက်ခြေလူတန်းစားတွေအနေနဲ့လည်း ဒီလိုအမှုမျိုးတွေကြုံလာတဲ့အခါ ရဲရဲဝံ့ဝံ့နဲ့ တိုင်ကြားကြဖို့၊ အဲဒီလိုတိုင်ကြားတဲ့အခါမှာလည်း ဆက်ဆံရေးမပြေပြစ်တာ၊ ငွေကြေးတောင်းခံတာတွေ ရှိခဲ့ရင်လည်း သက်ဆိုင်ရာ တာဝန်ရှိတဲ့သူကို ထိရောက်တဲ့ပြစ်ဒဏ်ချမှတ်ဖို့လည်း ထည့်သွင်းရေးဆွဲဖို့လိုအပ်ပါတယ်။

ကလေးသူငယ်များရဲ့ အနာဂတ်ကို တန်ဖိုးထားပြီး မြန်မာ့လူမှုရေးနယ်ပယ်မှာ မနှစ်မြို့တဲ့ သက်ငယ်မုဒိမ်းမှု ကျူးလွန်သူတွေကို ထိရောက်တဲ့ပြစ်ဒဏ်ပေးမယ့် သီးသန့်ဥပဒေတစ်ခု အမြန်ဆုံးပြဋ္ဌာန်းနိုင်ဖို့ လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ■

**ကိုရဲ (ရွှေတိဂုံ)**

“

**မြန်မာနိုင်ငံရဲ့တရားစီရင်ရေးမှာ**

**အထူးသဖြင့် သက်ငယ်မုဒိမ်းမှုတွေနဲ့ပတ်သက်ပြီး**

**ထိရောက်တဲ့ ပြစ်ဒဏ်ချမှတ်ဖို့အတွက်**

**ပြည်သူရွေးချယ်ခဲ့တဲ့ ပြည်သူ့အစိုးရအနေနဲ့**

**အမြန်ဆုံး အကောင်အထည်ဖော်သင့်ပါပြီ**

”

# ပုံကြီးချဲ့ရေးသားခြင်းခံရလျက်ရှိကြောင်း ရူနီ မကျေမနပ် ပြောကြား

**မန်ချက်စတာ၊ နိုဝင်ဘာ ၂၀**

မန်ယူတိုက်စစ်မှူး ရူနီသည် ၎င်းကျူးလွန်ခဲ့မိသည့် အပြစ်တစ်ခုအတွက် မီဒီယာများက ပုံကြီးချဲ့ရေးသားမှုများ ရှိနေကြောင်း တုံ့ပြန်တိုက်ခိုက်လိုက်ပြီဖြစ်ကာ ၎င်းကို ဝေဖန်တိုက်ခိုက်သူများ မှတ်သားထားသင့်သည်မှာ မည်သို့သော ပြစ်တင်မှုမျိုးရှိနေသည်ဖြစ်စေ ၎င်း၏ အင်္ဂလန်လက်ရွေးစင်ကစားသမားဘဝ အဆုံးသတ်သွားလိမ့်ဦးမည်မဟုတ်ကြောင်း သာဖြစ်သည်ဟု ရူနီက အသိပေးသွားခဲ့ကြောင်း The Mirror က ဖော်ပြထားသည်။

မန်ယူသည် လွန်ခဲ့သည့်သီတင်းပတ်၌ အင်္ဂလန်လက်ရွေးစင်အသင်းအတွက် နိုင်ငံတကာပွဲစဉ်များ ပါဝင်ပေးခဲ့ရာတွင် ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများနှင့် နည်းပြအဖွဲ့ဝင်များကို အကြောင်းကြား အသိပေးခြင်းမရှိဘဲနှင့် ညမထွက်ရစည်းမျဉ်းကို ချိုးဖောက်ခဲ့ကာ လက်ရှိတွင် ယင်းကိစ္စအတွက် တာဝန်ရှိသူများအားလုံးကို ဝန်ချတောင်းပန်လိုက်ပြီဖြစ်ကြောင်းလည်း ရူနီက ရှင်းပြထားသည်။

အသက် ၃၁ နှစ်အရွယ်ရှိ ရူနီသည် ၎င်းအနေနှင့် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ကစားပေးခွင့်ရနေသည်ကို ယခုအချိန်တိုင်သည်အထိ ဂုဏ်ယူမှုအပြည့်ရှိနေဆဲဖြစ်ကြောင်း ပြောကြားထားကာ အင်္ဂလန်လက်ရွေးစင် တိုက်စစ်မှူးဟောင်း အလန်ရှီးယား၊ မန်ယူနည်းပြ မော်ရင်ညို၊ မန်စီးတီးနည်းပြ ဂွါဒီယိုလာနှင့် လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်တို့ကမူ ရူနီကျူးလွန်ခဲ့မိသည့်ပြစ်မှုမှာ သာမန်သာဖြစ်ကြောင်း အသီးသီး ကာကွယ်ပြောကြားထားကြသည်။

ရူနီသည် လက်ရှိတွင် အင်္ဂလန်လက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ နိုင်ငံတကာပွဲစဉ်ပေါင်း ၁၁၉ ပွဲ ပါဝင်ကစားခွင့် ရရှိခဲ့ပြီးဖြစ်ကာ လာမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်တွင်မူ လက်ရွေးစင်ကစားသမားဘဝကို ကျောခိုင်းတော့မည်ဖြစ်ကြောင်းလည်း ရူနီက အသိပေးထားပြီးဖြစ်သည်။

ရူနီသည်အင်္ဂလန်လက်ရွေးစင်အသင်းသမိုင်းကြောင်းတစ်လျှောက် နောက်တန်း၊ အလယ်တန်းနှင့် ရှေ့တန်းတို့၌ ပါဝင်ကစားခဲ့သည့် ကစားသမားများအနက်တွင် ပွဲအများဆုံးကစားခွင့်ရသူအဖြစ် စံချိန်တင်ထားပြီဖြစ်ကာ ဂိုးသမားနေရာကိုပါ ထည့်သွင်းစာရင်းပြုစုမည်ဆိုပါကမူ ရူနီ၏ အထက်၌ ဂန္ထဝင်ဂိုးသမားကြီး ပီတာရှီလ်တန် ကျန်ရှိနေသေးသည်။ ရူနီသည် ပီတာရှီလ်တန်၏လက်ရွေးစင်အသင်းကိုယ်စားပြုခွင့်ရ ပွဲစဉ်အရေအတွက်ကို အမီလိုက်နိုင်ရန် ပွဲစဉ်ခြောက်ပွဲသာ လိုအပ်တော့သည်။ ■


AP

# မြန်မာနိုင်ငံတွင် ကျင်းပမည့် အာရှအလွတ်တန်းချန်ပီယံရှစ် ပီတန်းပြိုင်ပွဲ ခုနစ်နိုင်ငံယှဉ်ပြိုင်မည်

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံက ပထမဦးဆုံးအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှအလွတ်တန်းချန်ပီယံရှစ် ပီတန်းပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ရန်အတွက် ခုနစ်နိုင်ငံ စာရင်းပေးထားကြောင်း မြန်မာနိုင်ငံပီတန်းအဖွဲ့ချုပ်ထံမှ သိရသည်။

ယင်းပြိုင်ပွဲကို ဒီဇင်ဘာလ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အထိ နေပြည်တော်ရှိ ပီတန်း(ကျောက်ဒိုးပစ်) အားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ အာရှနိုင်ငံများကို ဖိတ်ကြားထားသော်လည်း ၎င်းတို့အနက်မှ ခုနစ်နိုင်ငံကသာ အကြောင်းပြန်ထားသည်ဟု ယင်းအဖွဲ့ချုပ်က ပြောရေးဆိုခွင့်ရှိသူ ဦးငြိမ်းချမ်းဖြိုးက ပြောကြားသည်။

"လက်ရှိတော့ ပြိုင်ပွဲဝင်ဖို့ ခုနစ်နိုင်ငံက အီးမေးလ်နဲ့ အကြောင်းပြန်ကြားထားပါတယ်။ ကျန်တဲ့နိုင်ငံတွေလည်း အခုရက်ပိုင်းမှာ အကြောင်းပြန်လာနိုင်ပါသေးတယ်။ အားကစားနဲ့ ကာယပညာဦးစီးဌာနနဲ့လည်း ပြိုင်ပွဲကျင်းပနိုင်ဖို့ ညှိနှိုင်းထားတယ်"ဟု ၎င်းကရှင်းပြသည်။

အဆိုပါပြိုင်ပွဲကို ဂျပန်၊ တရုတ်၊ လာအို၊ ထိုင်း၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှားနိုင်ငံတို့က စာရင်းပေးသွင်းထားပြီး လက်ရှိအချိန်တွင် အခြားနိုင်ငံများက တရားဝင် အကြောင်းကြားမှုမရရှိသေးကြောင်း ယင်းအဖွဲ့ချုပ်ထံမှ သိရသည်။ ယခုကျင်းပမည့်ပြိုင်ပွဲတွင် အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ စီနီယာနှင့်ဂျူနီယာ ပြိုင်ပွဲ နှစ်မျိုးခွဲခြားကျင်းပမည်ဖြစ်ပြီး ပါဝင်မည့် Event အမျိုးအစားများကိုမူ အသေးစိတ် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ယင်းအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံအနေနှင့် ပီတန်းအားကစားပြိုင်ပွဲကို ၂၀၁၃ ခုနှစ်က အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့် ၂၇ ကြိမ်မြောက် SEA Games ပြိုင်ပွဲတွင်သာ လက်ခံကျင်းပခဲ့ဖူးပြီး ယခု ၂၀၁၆ ခုနှစ်တွင်မူ အာရှအဆင့်ပြိုင်ပွဲကို ပထမဦးဆုံးအကြိမ် လက်ခံကျင်းပခြင်းဖြစ်သည်။ ■


Daily Mail

# မော်ရင်ညိုကို အာဆင်နယ်ပရိသတ်များ လှောင်ပြောင်၊ လက်ဆွဲနှုတ်ဆက်ချိန်တွင် မော်ရင်ညိုနှင့် အာစင်ဝင်းဂါးတို့ မျက်နှာချင်းမဆိုင်

**မန်ချက်စတာ၊ နိုဝင်ဘာ ၂၀**

အာဆင်နယ်အသင်း ပရိသတ်များသည် မန်ယူနှင့် အာဆင်နယ်တို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် မန်ယူနည်းပြ မော်ရင်ညိုကို "အခုထက်ပိုပြီး စပါယ်ရှယ်ဖြစ်ဖို့ မရှိတော့ဘူး" ဟု ဟစ်အော် လှောင်ပြောင်သွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

နည်းပြမော်ရင်ညိုသည် အာဆင်နယ်ပရိသတ်များအတွက် သရေရလဒ်ဟူသည်မှာ အောင်ပွဲရသကဲ့သို့ ပျော်ရွှင်ဖွယ်ရာ လွန်စွာကောင်းနေလိမ့်မည်ဖြစ်ကြောင်း ပွဲအပြီးတွင် မှတ်ချက်ပြုပြောဆိုသွားခဲ့ပြီး မန်ယူအသင်းအနေနှင့် ရသင့်ရထိုက်သည့် ပင်နယ်တီအခွင့်အရေး ငြင်းပယ်ခံလိုက်ရသည့်အတွက်လည်း ကံဆိုးခဲ့ရကြောင်း မော်ရင်ညို က အသိပေးသွားခဲ့သေးသည်။

မော်ရင်ညိုသည် ပထမပိုင်းပွဲကစားချိန် ၃၅ မိနစ်၌ အာဆင်နယ်အသင်း ပင်နယ်တီဧရိယာအတွင်းသို့ မန်ယူ ညာနောက်ခံကစားသမား ဗလင်စီယာ ဘောလုံးဆွဲယူသွားသည်ကို အာဆင်နယ်ခံစစ်မှူး မွန်ရီရယ်လ်က နောက်မှနေ၍ ဟန်ချက်ပျက်သွားစေရန် လုပ်ဆောင်ခဲ့မှုသည် ပင်နယ်တီပေးရမည့်အခြေအနေဖြစ်ကြောင်း ထောက်ပြသွားခဲ့ပြီး ယင်းပင်နယ်တီ မရရှိခဲ့မှုမှာ အသင်းအတွက် လွန်စွာနစ်နာခဲ့ရသည်ဟုလည်း မော်ရင်ညိုက ညည်းတွားသွားခဲ့သည်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် ပွဲကြိုသတင်းစာရှင်းလင်းပွဲအခမ်းအနားတွင် ကတိပြုခဲ့သည့်အတိုင်း မော်ရင်ညိုကို လက်ဆွဲနှုတ်ဆက်ခဲ့သော်လည်း လက်ဆွဲနှုတ်ဆက်စဉ်တွင် ၎င်းတို့နှစ်ဦး တစ်ဦးမျက်နှာတစ်ဦး မကြည့်ခဲ့သည်မှာ ၎င်းတို့နှစ်ဦးအကြားရှိ အာဃာတများကို လှစ်ဟပြသနေသကဲ့သို့ရှိကြောင်း သတင်းမီဒီယာများက ဝေဖန်ထောက်ပြထားသည်။

မော်ရင်ညိုနှင့် အာစင်ဝင်းဂါးတို့၏ လက်ဆွဲနှုတ်ဆက်မှုသည် အများအမြင်လှစေရန် ဝတ်ကျေတမ်းကျေသဘောသာ ဆောင်ခဲ့ကာ အာစင်ဝင်းဂါးကမူ မော်ရင်ညိုနှင့် ၎င်းအကြားရှိ ဆက်ဆံရေးမှာ သာမန်ဆက်ဆံရေးမျိုးထက် မပိုဟု ဖွင့်ဟပြောကြားထားပြီးဖြစ်သည်။

မော်ရင်ညို၏မိတ်ဆွေဖြစ်သည့် အာဂျင်တီးနား ဂန္ထဝင်ဘောလုံးကစားသမားကြီး မာရာဒိုနာသည် မန်ယူနှင့် အာဆင်နယ်တို့ တစ်ဖက်တစ်ဂိုးစီ သရေကျသွားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် မော်ရင်ညိုထံသို့ ဖုန်းခေါ်ဆိုခဲ့ကာ အာဆင်နယ်နှင့်ပွဲစဉ်တွင် အသင်းကစားပုံမှာ များစွာတိုးတက်လာသည်ဟု မာရာဒိုနာက ချီးကျူးစကားပြောကြားသွားခဲ့ကြောင်းလည်း မော်ရင်ညိုက အသိပေးသွားခဲ့သည်။ ■

## ဗာဒီအောင်ပွဲခံချိန်တွင် ရုပ်သံမီဒီယာများ စက်ချို့ယွင်းသွားသည်ဟု ထင်မှတ်ကာ အလုပ်များခဲ့

**လန်ဒန်၊ နိုဝင်ဘာ ၂၀**

အင်္ဂလန်နှင့် စပိန်တို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့် နိုင်ငံတကာခြေစမ်းပွဲကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည့် ကမ္ဘာတစ်လွှားရှိ သတင်းမီဒီယာများသည် တိုက်စစ်မှူးဗာဒီက အင်္ဂလန်အတွက် ဒုတိယမြောက်ဂိုးကို သွင်းယူပေးအပြီး အောင်ပွဲခံချိန်တွင် စက်ချို့ယွင်းမှုဖြစ်ပွားသည်ဟု ထင်မှတ်ကာ အလုပ်များသွားခဲ့ကြောင်း Daily Star က ဖော်ပြထားသည်။

ဗာဒီသည် အင်္ဂလန်အသင်းအတွက် ဒုတိယမြောက်ဂိုးကို ရယူပေးအပြီးတွင် Mannequin Challenge ဟန်ဖြင့် အောင်ပွဲခံခဲ့ခြင်းဖြစ်ကာ Mannequin Challenge ဟူသည်မှာ အေးခဲသွားသည့် ဟန်ပန် တုပလုပ်ယူခြင်းပင်ဖြစ်သည်။

ဗာဒီသည် ဂိုးသွင်းယူလိုက်အပြီးတွင် အေးခဲသွားသည့်ဟန်ဖြင့် စက္ကန့်အနည်းငယ်ကြာ မလှုပ်မယှက် ရပ်တန့်ပစ်လိုက်ပြီး ကျန်အင်္ဂလန်ကစားသမားများကလည်း ဗာဒီကို ဂုဏ်ပြုသည့်သဘောဖြင့် တစ်ပြိုင်နက်တည်း ရပ်တန့်ပစ်လိုက်ကြသည့်အတွက် ယင်းပွဲစဉ်ကို တိုက်ရိုက်ထုတ်လွှင့်ပြသနေသော သတင်းမီဒီယာများက စက်ချို့ယွင်းသွားသည်ဟု မှတ်ထင်ကာ အလုပ်ရှုပ်သွားခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်နှင့် စပိန်တို့ယှဉ်ပြိုင်ကစားခဲ့သည့် ခြေစမ်းပွဲကို ဝင်ဘလေဘောလုံးကွင်းအတွင်းသို့လာရောက်၍ ရုပ်သံရိုက်ကူးထုတ်လွှင့်ခဲ့သော သတင်းမီဒီယာတစ်ခုက ၎င်းတို့အနေနှင့် ဗာဒီ၏အရူးလုပ်ခြင်းကို ခံလိုက်ကြရသည်ဟု မှတ်ချက်ပြုပြောကြားသွားခဲ့ပြီး Mannequin Challenge ဖြင့် ၎င်းအောင်ပွဲခံလိုက်ချိန်တွင် အရန်ခုံတန်းလျားတွင် ရှိနေသူများကလည်း ယင်းသို့ လိုက်လုပ်ခဲ့ကြောင်း ဗာဒီက ရှင်းပြသွားခဲ့သည်။



Mannequin Challenge သည် တေးသံရှင် ရေးဆရင်းမ်မန်း၏ Black Beatles သီချင်း MTV တွင် ပါဝင်သည့် အကဟန်သစ်တစ်ခုဖြစ်ကာ အမေရိကန်ပြည်ထောင်စု ရွေးကောက်ပွဲကာလအတွင်း မဲဆွယ်စည်းရုံးရာတွင် တေးသံရှင် ဘွန်ဂျိုဗီနှင့် အတူ ဒီမိုကရက် သမ္မတလောင်း ဟီလာရီကလင်တန်နှင့် ၎င်း၏ခင်ပွန်းသည် ဘီလ်ကလင်တန်တို့က ယင်းသို့အေးခဲသွားဟန်ဖြင့် မဲဆန္ဒရှင်များကို ဖမ်းစားခဲ့ကြသေးသည်။

၂၀၁၆ ခုနှစ် ဆူဇူကီးဖလားပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်အဖြစ် ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရသွားခဲ့ရာတွင်လည်း Mannequin Challenge ဟန်ဖြင့် အောင်ပွဲခံမှုများ ရှိခဲ့ကာ အင်ဒိုနီးရှားအသင်းက ဒုတိယဂိုးသွင်းယူလိုက်ချိန်နှင့် ထိုင်းအသင်းက တတိယဂိုး သွင်းယူလိုက်ချိန်တို့တွင် နှစ်ဖက်ကစားသမားများက ယင်းအေးခဲဟန်ဖြင့် အောင်ပွဲခံသွားခဲ့ကြသည်။ ■



BBC

# ပရီးမီးယားလိဂ်တွင် ကံဆိုးမှုများဖြင့် ရင်ဆိုင်ရလျက်ရှိကြောင်း မော်ရင်ညို ညည်းတွား

**မန်ချက်စတာ၊ နိုဝင်ဘာ ၂၀**

မန်ယူနည်းပြ မော်ရင်ညိုသည် မန်ယူနှင့် အာဆင်နယ်တို့ တစ်ဂိုးစီသရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်အပြီး သတင်းစာရှင်းလင်းပွဲအခမ်းအနားတွင် အသင်းအနေနှင့် လက်ရှိဘောလုံးရာသီအတွင်း ကံဆိုးမှုများဖြင့် ရင်ဆိုင်နေရသည့်အတွက် အမှတ်ပေးဇယားထိပ်ဘက်သို့ တက်လှမ်းရပ်တည်နေနိုင်မည့် အခွင့်အရေးများကို လက်လွှတ်ဆုံးရှုံးရလျက်ရှိကြောင်း ညည်းတွားပြောဆိုသွားခဲ့သည်ဟု BBC က ဖော်ပြထားသည်။

မန်ယူသည် အာဆင်နယ်နှင့်ယှဉ်ပြိုင်ကစားသည့်ပွဲစဉ်တွင် ကွင်းလယ်လူ မာတာ၏သွင်းဂိုးဖြင့် ပွဲကို စတင်ဦးဆောင်နိုင်ခဲ့ကာ ယင်းဂိုးကို ပွဲချိန် ၈၉ မိနစ်တွင် အာဆင်နယ်အသင်း လူစားဝင်တိုက်စစ်မှူး ဂျီရုဒ်က ပြန်လည်ချေပသွားခဲ့သည့်အတွက် မန်ယူမှာ အိမ်ကွင်းပရိသတ်ရှေ့မှောက်၌ အနိုင်ရနိုင်မည့်အခွင့်အရေးကို လက်လွှတ်လိုက်ရခြင်းဖြစ်သည်။

မန်ယူသည် လက်ရှိတွင် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်ခြောက်ပွဲ၌ နိုင်ပွဲတစ်ပွဲတည်းသာ ရှာဖွေရရှိခဲ့ကာ အမှတ်ပေးဇယား၏ထိပ်ဆုံးလေးနေရာတွင် ရပ်တည်လျက်ရှိသည့် လီဗာပူး၊ မန်စီးတီး၊ ချယ်လ်ဆီး၊ အာဆင်နယ်တို့နှင့်ယှဉ်ပြိုင်ခဲ့ရာတွင် နိုင်ပွဲရယူနိုင်ခြင်း မရှိခဲ့သည့်အချက်မှာလည်း မန်ယူအတွက် ထိုးနှက်ချက်တစ်ရပ်သဖွယ်ဖြစ်လျက်ရှိသည်။

မန်ယူသည် အမှတ်ပေးဇယား၏ အဆင့်လေးနေရာတွင် ရပ်တည်နေသည့် အာဆင်နယ်နှင့် ရမှတ်ခြောက်မှတ်ကွာဟနေပြီး ရှေ့လာမည့်ပွဲစဉ်များတွင် အမှတ်ဆုံးရှုံးမှု နည်းပါးခဲ့မည်ဆိုပါက အမှတ်ဇယားထိပ်ဘက်သို့ တက်လှမ်းနိုင်ရန် ၎င်းတို့တွင် အခွင့်အရေးရှိနေဆဲဖြစ်ကြောင်း မော်ရင်ညိုက ပြောကြားသွားခဲ့သည်။

သတင်းထောက်များနှင့်တွေ့ဆုံခဲ့ရာတွင် မော်ရင်ညိုက "ကျွန်တော့်ကစားသမားတွေရဲ့စွမ်းဆောင်ရည်က ဒီပွဲမှာ အပြစ်ဆိုစရာ ဘာတစ်ခုမှရှိမနေခဲ့ပါဘူး။ သူတို့အတွက် ကျွန်တော် စိတ်မကောင်းဖြစ်ရပါတယ်။ ပြောရရင် သရေရလဒ်ဆိုတာ ကျွန်တော်တို့အတွက်တော့ ရှုံးတဲ့အတိုင်းပါပဲ။ အာဆင်နယ်ကတော့ နိုင်ပွဲရသွားတယ်လို့တောင် ပြောနိုင်ပါတယ်။ ဘန်လေ၊ စတုတ်စီးတီး၊ အာဆင်နယ်တို့နဲ့ပွဲတွေဟာ ကျွန်တော်တို့အတွက် အမှတ်ပြည့်ရခဲ့သင့်တဲ့ပွဲတွေပါ။ ကျွန်တော်တို့အတွက် စိတ်ပျက်စရာကောင်းလောက်အောင်ကို ကံဆိုးလွန်းနေပါတယ်။ အဲဒီပွဲတွေမှာသာ အမှတ်မဆုံးရှုံးခဲ့ဘူးဆိုရင် အခုအချိန်မှာ ထိပ်ဆုံးလေးသင်းစာရင်းထဲကို ကျွန်တော်တို့ရောက်နေပါပြီ"ဟု မှတ်ချက်ပေးသွားခဲ့သည်။ ■

# ပရီးမီးယားလိဂ်တွင် နည်းပြတာဝန်ထမ်းဆောင်ခွင့်ရနိုင်ရန် ဇက်ချီရိုနီ ဆန္ဒရှိ

**တူရင်၊ နိုဝင်ဘာ ၂၀**



AP

၃-၄-၃ ကစားကွက်၏ခေါင်းကိုင်ဖခင်ကြီးဟု တင်စားခေါ်ဝေါ်ခံရသည့် ဝါရင့်နည်းပြ ဇက်ချီရိုနီသည် ပရီးမီးယားလိဂ်တွင် နည်းပြတာဝန်ထမ်းဆောင်ခွင့်ရနိုင်ရန် အလွန်အမင်း စိတ်ဆန္ဒပြင်းပြနေကြောင်း Tutto Sport က ဖော်ပြထားသည်။

ဇက်ချီရိုနီသည် အင်္ဂလိပ်ဘောလုံးလောက၌ အီတလီလူမျိုးနည်းပြများ နေရာပေးခြင်းခံလာရသည်ကို လွန်စွာနှစ်ထောင်းအားရဖြစ်လျက်ရှိပြီး ချယ်လ်ဆီးနည်းပြကွန်တီမှာ အီတလီဘောလုံးကစားဟန် ၃-၄-၃ နည်းဗျူဟာကို ပရီးမီးယားလိဂ်တွင် အောင်မြင်စွာ မျိုးစေ့ချနိုင်ခဲ့ပြီဟုလည်း ဇက်ချီရိုနီက မှတ်ချက်ပြုပြောကြားထားသည်။

အသက် ၆၃ နှစ်အရွယ်ရှိ ဇက်ချီရိုနီသည် ပရီးမီးယားလိဂ်ကို ဥရောပထိပ်တန်းလိဂ်ပြိုင်ပွဲများအားလုံးအနက်တွင် ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးလိဂ်ဟု သတ်မှတ်ထားပြီး ၎င်းအနေနှင့် အခွင့်အရေးရရှိမည်ဆိုပါက ပရီးမီးယားလိဂ်သို့ လာရောက်၍ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ခွင့်ရလိုသည်ဟု ဇက်ချီရိုနီက အသိပေးထားသည်။

ဇက်ချီရိုနီသည် ၎င်း၏နည်းပြဘဝဖြတ်သန်းမှုအတွင်း အူဒီးနီးစ်၊ လာဇီယို၊ အင်တာမီလန်၊ အေစီလန်နှင့် ဂျူဗင်တပ်အစရှိသည့် စီးရီးအေ အသင်းများကို တာဝန်ယူကိုင်တွယ်ခဲ့ဖူးကာ ၃-၄-၃ နည်းဗျူဟာကို အူဒီးနီးစ်နည်းပြဘဝတွင် ဇက်ချီရိုနီက စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။

ဇက်ချီရိုနီသည် ၁၉၉၉ ခုနှစ်တွင် အေစီမီလန်အသင်းကို ၃-၄-၃ ကစားကွက်နှင့်အတူ စီးရီးအေချန်ပီယံဖြစ်စေရန် ဦးဆောင်ပေးနိုင်ခဲ့ပြီး မာလ်ဒီနီ၊ ကော်စတာကာတာ၊ အေယာလာတို့နှင့် အထိုင်ချခဲ့သည့် ယင်းအေစီမီလန် သုံးယောက်တန်းခံစစ်မှာ ၎င်းတာဝန်ယူခဲ့ဖူးသမျှ အသင်းများအားလုံးအနက်တွင် အကောင်းဆုံးသော ခံစစ်စုဖွဲ့မှုဖြစ်ခဲ့ကြောင်း ဇက်ချီရိုနီက ဖွင့်ဟပြောကြားသွားခဲ့သည်။

ဇက်ချီရိုနီသည် ၃-၄-၃ ကစားကွက်ကို ၎င်းစတင်အသုံးပြုချိန်၌ ယင်းနည်းဗျူဟာကို ကျွမ်းကျင်ပိုင်နိုင်စွာ ကစားတတ်သည့်အသင်းဟူ၍ ဥရောပဘောလုံးလောက၌ တစ်သင်းမျှပင် မရှိသေးကြောင်း အသိပေးသွားခဲ့ကာ လက်ရှိ ချယ်လ်ဆီးနည်းပြကွန်တီမှာလည်း ဇက်ချီရိုနီထံတွင် နည်းပြပညာများ ဆည်းပူးလေ့လာကာ အောင်မြင်ကျော်ကြားလာခဲ့သူ ဖြစ်သည်။

ဇက်ချီရိုနီသည် ပရီးမီးယားလိဂ်၌ ၃-၄-၃ ကစားကွက်ကို ပိုင်နိုင်စွာကစားနိုင်မည့် အသင်းကောင်းပေါင်းများစွာ ကျန်ရှိနေသေးကြောင်း သုံးသပ်ထားကာ အနာဂတ်ကာလတွင် ပရီးမီးယားလိဂ်၌ အီတလီလူမျိုးနည်းပြများ ယခုထက်ပို၍ နေရာရလာနိုင်သည်ဟုလည်း ဇက်ချီရိုနီက ဟောကိန်းထုတ်ထားသေးသည်။ ■

# မက်ဒရစ်ဒါဘီတွင် စီရော်နယ်ဒို စံချိန်သစ်များတင်၊ ဘာလွန်းဒီအော်ဆုကို စီရော်နယ်ဒို ရသွားပြီဟု ဇီဒန်းချီးကျူး

**မက်ဒရစ်၊ နိုဝင်ဘာ ၂၀**

ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုသည် ရီးရဲလ်မက်ဒရစ်က အက်သလက်တီကိုကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် မက်ဒရစ်ဒါဘီပွဲစဉ်တွင် ၎င်း၏ကစားသမားဘဝဖြတ်သန်းမှုအတွင်း သမိုင်းဝင်စံချိန်သစ်များ ထပ်မံတင်ရှိသွားခဲ့ကြောင်း Marca က ဖော်ပြထားသည်။

စီရော်နယ်ဒိုသည် အဆိုပါမက်ဒရစ်ဒါဘီ လာလီဂါပွဲစဉ်တွင် အသင်းအတွက် အနိုင်ဂိုး သုံးဂိုးလုံးကို တစ်ကိုယ်တော် သွင်းယူပေးသွားခဲ့ကာ ယင်းဟက်ထရစ်မှာ ၎င်း၏ကစားသမားဘဝဖြတ်သန်းမှုအတွင်း ၃၉ ကြိမ်မြောက် ဟက်ထရစ်အဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်သည်။

အက်သလက်တီကိုသည် လာမည့်ဘောလုံးရာသီတွင် ဘောလုံးကွင်းသစ်သို့ ပြောင်းရွှေ့၍ အသင်းကိုအခြေစိုက်တော့မည်ဖြစ်ကာ ဗင်းဆင့်ကယ်လ်ဒါရွန်တွင် နောက်ဆုံးယှဉ်ပြိုင်ကစားသည့် မက်ဒရစ်ဒါဘီပွဲစဉ်၌ ဂိုးပြတ်ရလဒ်ဖြင့် အရေးနိမ့်ခဲ့ရသည့်အတွက် လွန်စွာစိတ်မကောင်းဖြစ်ရပါကြောင်း အက်သလက်တီကိုအသင်းခေါင်းဆောင် ဂါဘီက ဖွင့်ဟ ပြောကြားသွားခဲ့သည်။

စီရော်နယ်ဒိုသည် အက်သလက်တီကိုဘက်သို့ ဟက်ထရစ်သွင်းယူလိုက်နိုင်သည့်အတွက် မက်ဒရစ်ဒါဘီသမိုင်းတစ်လျှောက် ဂိုးအများဆုံးသွင်းယူရရှိသူကစားသမားအဖြစ် စံချိန်တင်သွားနိုင်ခဲ့ပြီဖြစ်ကာ လက်ရှိတွင် ရီးရဲလ်မက်ဒရစ်နှင့် အက်သလက်တီကိုတို့ယှဉ်ပြိုင်ကစားသည့် မက်ဒရစ်ဒါဘီပွဲစဉ်များ၌ စီရော်နယ်ဒိုသွင်းယူခဲ့သည့် သွင်းဂိုးအရေအတွက်မှာ ၁၈ ဂိုးရှိသွားခဲ့ပြီဖြစ်သည်။

စီရော်နယ်ဒိုမတိုင်မီတွင် မက်ဒရစ်ဒါဘီ အားပြိုင်မှုသမိုင်းတစ်လျှောက် ဂိုးအများဆုံးသွင်းယူရရှိသူအဖြစ် စံချိန်စိုက်ထူထားခဲ့သူမှာ ရီးရဲလ်မက်ဒရစ်ဂန္ထဝင်တိုက်စစ်မှူးကြီး ဒီစတီဖာနိုဖြစ်ပြီး မက်ဒရစ်ဒါဘီပွဲစဉ်များတွင် ရီးရဲလ်မက်ဒရစ်အတွက် ဒီစတီဖာနို သွင်းယူပေးခဲ့သည့် သွင်းဂိုးအရေအတွက်မှာ ၁၇ ဂိုးဖြစ်သည်။

ရီးရဲလ်မက်ဒရစ်နည်းပြ ဇီဒန်းသည် မက်ဒရစ်ဒါဘီပွဲစဉ်အပြီးတွင် လာမည့် ဒီဇင်ဘာလ၌ ပေးအပ်ချီးမြှင့်မည့် ဘာလွန်းဒီအော်ဆုကို စီရော်နယ်ဒိုရရှိရန် သေချာသွားပြီဟု ချီးကျူးပြောကြားသွားခဲ့ကာ အဆိုပါဆု ဆန်ခါတင်စာရင်းတွင် ဘာစီလိုနာကစားသမားများဖြစ်ကြသည့် မက်ဆီ၊ ဆွာရက်ဇ်နှင့် နေမာတို့ ပါရှိနေသော်လည်း လက်ရှိဘောလုံးရာသီ စွမ်းဆောင်ရည်များအရ စီရော်နယ်ဒိုကို ယင်းပြိုင်ဘက်များက ယှဉ်နိုင်ရန် လွယ်ကူမည်မဟုတ်ဟု ဇီဒန်းက သုံးသပ်ထားသည်။

စီရော်နယ်ဒိုသည် ၎င်း၏ကစားသမားဘဝဖြတ်သန်းမှုအတွင်း ဘာလွန်းဒီအော်ဆုကို ၂၀၀၈၊ ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်တို့၌ ဆွတ်ခူးရရှိခဲ့ဖူးပြီးဖြစ်ကာ လက်ရှိ ၂၀၁၆ ခုနှစ်တွင် France Football မဂ္ဂဇင်းက ဘာလွန်းဒီအော်ဆုကို ၎င်းတို့၏တစ်ကိုယ်တော်အစီအစဉ်ဖြင့် သီးသန့်ပေးအပ်ချီးမြှင့်သွားတော့မည်လည်း ဖြစ်သည်။ ■



AP

## TODAY UPDATE NEWS

IBF၊ WBA နှင့် WBO လိုက်ဟဲဗီးဝိတ်တန်း ရွှေခါးပတ်များကို ဆွတ်ခူးရရှိထားသည့် အမေရိကန်လက်ဝှေ့ကစားသမား အန်ဒရေးဝါးဒ်သည် ချန်ပီယံရွှေခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် ရုရှားလက်ဝှေ့ကစားသမား ဆာဂေးကို ဗာလက်ဗ်နှင့်ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာတွင် အမှတ်ဖြင့် အနိုင်ရရှိသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။ အန်ဒရေးဝါးဒ်သည် ၎င်း၏လက်ဝှေ့ကစားသမားဘဝ ဖြတ်သန်းမှုအတွင်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ပွဲစဉ် ၃၁ ပွဲလုံးကို အနိုင်ရရှိထားသူဖြစ်ကာ ရှုံးပွဲမရှိစံချိန်ကို ၎င်းထိန်းသိမ်းထားသည်မှာ နှစ် ၂၀ ရှိလာခဲ့ပြီလည်းဖြစ်သည်။

ဒေါ့မွန်သည် ဘိုင်ယန်မြူးနစ်နှင့်ယှဉ်ပြိုင်ကစားခဲ့သည့် ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် ဘိုင်ယန်မြူးနစ်ကို အိမ်ကွင်းပရိသတ်ရှေ့မှောက်၌ ပထမဆုံးအကြိမ်ပြန်လည်အနိုင်ရရှိသည့် မှတ်တမ်းတစ်ခုကို ပိုင်ဆိုင်ရရှိသွားခဲ့ကြောင်း Sky Sports က ဖော်ပြထားသည်။ ဒေါ့မွန်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို အော်ဘာမီယန်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်က ပက်စ်ကာရာကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် စီးရီးအေပွဲစဉ်တွင် ဂျူဗင်တပ်အတွက် လူစားဝင်ကစားသမားအဖြစ် ပါဝင်ကစားပေးခွင့်ရခဲ့သည့် အသက် ၁၆ နှစ်အရွယ် လူငယ်တိုက်စစ်မှူး မွိုက်စ်ကိန်းသည် ဥရောပထိပ်တန်းလိဂ်ကြီးလေးခု (ပရီးမီးယားလိဂ်၊ စီးရီးအေ၊ လာလီဂါ၊ ဘွန်ဒက်စ်လီဂါ)တွင် ၂၀၀၀ ပြည့်နှစ်ဖွားများအနက်မှနေ၍ ပထမဆုံးပွဲထွက်ခွင့်ရရှိသူအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်ကြောင်း Tutto Sport က ဖော်ပြထားသည်။

ဆန်းဒါးလန်းက ဟားလ်စီးတီးကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ဆန်းဒါးလန်းအတွက် အဖွင့်ဂိုးကို ပွဲကစားချိန် ၃၄ မိနစ်၌ သွင်းယူပေးခဲ့သည့် တိုက်စစ်မှူးဒီဖိုးသည် ၎င်း၏ကစားသမားဘဝဖြတ်သန်းမှုအတွင်း ပရီးမီးယားလိဂ်သွင်းဂိုးအရေအတွက် ၁၅၀ ပြည့်သွားခဲ့ပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။ ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် သွင်းဂိုး ၁၅၀ နှင့်အထက် ရယူနိုင်ခဲ့သော ကစားသမားဟူ၍ ဒီဖိုးအပါအဝင် ရှစ်ဦးတည်းသာရှိသေးသည်။

# ပရိသတ်ရှိရာ သွားရောက်အောင်ပွဲခံခဲ့သည့် မာတာ အဝါကတ်ပြခံရ

**မန်ချက်စတာ၊ နိုဝင်ဘာ ၂၀**

မန်ယူအသင်း ကွင်းလယ်ကစားသမား မာတာသည် မန်ယူနှင့် အာဆင်နယ်တို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပရိသတ်လူအုပ်စုရှိရာသို့ သွားရောက်အောင်ပွဲခံခဲ့သည့်အတွက် အဝါကတ်ပြသခြင်း ခံခဲ့ရကာ ၎င်းကို အဝါကတ်ပြသချိန်တွင် ဒိုင်လူကြီး အန်ဒရေးမာရီနာက “မင်းအနေနဲ့ လူအုပ်စုရှိတဲ့နေရာဆီကို မသွားသင့်ဘူး”ဟု သတိပေးစကားပြောခဲ့သေးကြောင်း Sky Sports က ဖော်ပြထားသည်။

မာတာသည် မန်ယူနှင့် အာဆင်နယ်တို့ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါပွဲစဉ်တွင် ပွဲကစားချိန် ၆၈ မိနစ်၌ ၎င်း၏ ပြေးလမ်းအတွင်းသို့ ဟာရီရာအလိုက်သင့်ခင်းပေးလိုက်သည့် ဘောလုံးကတစ်ဆင့် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးသွားနိုင်ခဲ့ကာ ဂိုးသွင်းယူလိုက်ပြီးချိန်တွင် ကွင်းအစပ်ရှိ ပရိသတ်များရှိရာ ပွဲကြည့်စင်ရှေ့သို့သွားရောက်၍ မာတာက အောင်ပွဲခံလိုက်ခြင်းဖြစ်သည်။

မန်ယူအသင်းအားပေးသူများသည် ၎င်းတို့အနီးသို့ရောက်ရှိလာသည့် မာတာကို အလုအယက် ပွေ့ဖက်ဂုဏ်ပြုခဲ့ကြကာ ရုပ်သံအစီအစဉ်တင်ဆက်သူတစ်ဦးဖြစ်သည့် ဂျက်ကွိအုတ်တလေကမူ မာတာမှာ ဥပဒေကို ဖောက်ဖျက်ခြင်းမဟုတ်သည့်အတွက် ယင်းသို့ အရေးမယူသင့်ကြောင်း ထောက်ပြသွားခဲ့သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)သည် ကစားသမားများကို ပရိသတ်များရှိရာ ပွဲကြည့်စင်အတွင်းသို့ ဝင်ရောက်၍ အောင်ပွဲခံခြင်းမပြုလုပ်ရဟု ကန့်သတ်ထားပြီး မာတာမှာ အောင်ပွဲခံချိန်တွင် ပွဲကြည့်စင်အပြင်ဘက်၌ ရှိနေခဲ့သည့်အတွက် စည်းကမ်းဖောက်ဖျက်ခြင်းမဟုတ်ဟု အုတ်တလေက ပြောကြားသွားခဲ့သည်။

မာတာသည် အာဆင်နယ်နှင့်ပွဲစဉ်တွင် ပွဲကစားချိန် ၈၉ မိနစ်၌ ချေပဂိုးပြန်ပေးလိုက်ရခြင်းကို အလွန်အမင်း စိတ်ပျက်လျက်ရှိပြီး အနိုင်သုံးမှတ် အပြည့်အဝရရှိသင့်သည့်ပွဲစဉ်တစ်ပွဲကို ၎င်းတို့အနေနှင့် လက်လွှတ်လိုက်ရခြင်းဖြစ်သည်ဟု မာတာက မှတ်ချက်ပြုသွားခဲ့သည်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် နည်းပြမော်ရင်ညိုနှင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ထိပ်တိုက်တွေ့ဆုံမှုများတွင် အနိုင်မရသေးသည့် မှတ်တမ်းဆိုးနှင့်အတူ နိုဝင်ဘာလ၌ အမှတ်ရယူနိုင်မှု နည်းပါးတတ်သည့် စံချိန်ဆိုးကို ဆက်လက်ပိုင်ဆိုင်သွားခဲ့ကာ လက်ရှိနိုဝင်ဘာလအတွင်း ယှဉ်ပြိုင်ကစားခဲ့ပြီးသည့် ပွဲစဉ်နှစ်ပွဲလုံးတွင် အာဆင်နယ်က သရေရလဒ်များဖြင့်သာ ကျေနပ်ခဲ့ရသည်။ ■


AP

# ဂျော်ဒန်အိုင်ဘီ ဓားပြတိုက်ခံရ

**လန်ဒန်၊ နိုဝင်ဘာ ၂၀**

ဘုန်းမောက်အသင်း တိုက်စစ်တောင်ပံကစားသမား ဂျော်ဒန်အိုင်ဘီသည် လန်ဒန်မြို့အရှေ့တောင်အရပ်ရှိ ဆာရေးကွေးစ်အရပ်တွင် ဓားပြတိုက်ခံခဲ့ရကာ ဓားပြများက ၎င်း၏ပေါင်နှစ်သောင်းခွဲ တန်ကြေးရှိသည့် ရိုးလက်စ်နာရီကို ယူဆောင်သွားခဲ့ကြောင်း ဂျော်ဒန်အိုင်ဘီက ရဲတပ်ဖွဲ့ကို တိုင်ကြားထားသည်ဟု Daily Star က ဖော်ပြထားသည်။

စကော့တလန်ယာ့ဒ်စုံထောက်အဖွဲ့သည် လက်ရှိတွင် ဂျော်ဒန်အိုင်ဘီ ဓားပြတိုက်ခံရမှုကို စုံစမ်းရန်အတွက် တပ်ဖွဲ့ဝင်အချို့ကို တာဝန်ပေးအပ်လိုက်ပြီဖြစ်ကာ လန်ဒန်မြို့တွင် နေထိုင်သော ဘောလုံးသမားများအနေနှင့် အသွားအလာ သတိပြုကြရန်လည်း စကော့တလန်ယာ့ဒ်စုံထောက်အဖွဲ့က သတိပေးချက် ထုတ်ပြန်ထားသည်။

ဂျော်ဒန်အိုင်ဘီသည် ဝက်စ်ဟမ်းတိုက်စစ်မှူး အန်ဒီကာရိုးလ်ကို သေနတ်ကိုင် လူနှစ်ဦးက မော်တော်ဆိုင်ကယ်ဖြင့် နောက်ယောင်ခံလိုက်ခဲ့သည့်ဖြစ်စဉ် ပေါ်ပေါက်အပြီး လေးရက်အကြာတွင် ဓားပြတိုက်ခံလိုက်ရခြင်းဖြစ်ကာ ၎င်းကို ဓားပြတိုက်ခဲ့သူများကမူ လက်နက်အဖြစ်ဓားများကို ကိုင်ဆောင်ထားခဲ့ကြောင်း ဂျော်ဒန်အိုင်ဘီက ဖွင့်ဟပြောကြားထားသည်။

အန်ဒီကာရိုးလ်သည် ဝက်စ်ဟမ်းအသင်းနှင့်အတူ လေ့ကျင့်ရေးဆင်းအပြီး အိမ်အပြန်တွင် ၎င်း၏ Mercedes-Benz G-Wagon ကားနောက်သို့ သေနတ်ကိုင်ထားသည့်လူနှစ်ဦးက မော်တော်ဆိုင်ကယ်ဖြင့် လိုက်လာခဲ့ကြခြင်းဖြစ်ကာ လက်ရှိတွင် သံသယဖြစ်ဖွယ် တရားခံတစ်ဦးကို လန်ဒန်ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းစစ်ဆေးနေပြီဖြစ်သည်။

အသက် ၂၀ အရွယ်ရှိဂျော်ဒန်အိုင်ဘီသည် လွန်ခဲ့သည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် လီဗာပူးမှနေ၍ ဘုန်းမောက်ထံသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့ကာ လက်ရှိဘောလုံးရာသီတွင် ဘုန်းမောက်အတွက် အိုင်ဘီက ပွဲစဉ် ၁၁ ပွဲ ပါဝင်ကစားပေးခွင့်ရခဲ့ပြီးလည်းဖြစ်သည်။ ■



# ဂွါဒီယိုလာ ၎င်းကို လိုအပ်မည်ဆိုခြင်းကို သိရှိထားပြီးဖြစ်ကြောင်း ယာယာတိုရေး ပြောကြား

**မန်ချက်စတာ၊ နိုဝင်ဘာ ၂၀**

မန်စီးတီးက ခရစ္စတယ်လ်ပဲလေ့စ်ကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် အသင်းအတွက် ဂိုးနှစ်ဂိုးလုံး သွင်းယူပေးခဲ့သည့် ကွင်းလယ်ကစားသမား ယာယာတိုရေးသည် ၎င်းအနေနှင့် အသင်းပွဲထွက် လူစာရင်းတွင် ပြန်လည်ထည့်သွင်း နေရာပေးခံရသည်ကို မအံ့သြမိကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်ဟု BBC က ဖော်ပြထားသည်။

ယာယာတိုရေးသည် နည်းပြဂွါဒီယိုလာအနေနှင့် အချိန်ကာလတစ်ခုတွင် ၎င်းကို လိုအပ်လာလိမ့်မည်ဆိုခြင်းကို သိရှိနားလည်ထားပြီးဖြစ်ကြောင်းလည်း အသိပေးသွားခဲ့ကာ နည်းပြဂွါဒီယိုလာလက်အောက်တွင် ပထမဆုံး ပွဲထွက်ခွင့်ရရှိသည့် ပရီးမီးယားလိဂ်ပွဲစဉ်၌ အသင်းအတွက် ဂိုးများသွင်းယူကာ အနိုင်ရလဒ်ကို ရယူပေးနိုင်ခဲ့သည့်အတွက် လွန်စွာ ဝမ်းသာမိပါကြောင်းလည်း ယာယာတိုရေးက ထပ်လောင်းပြောဆိုသွားခဲ့သေးသည်။

ယာယာတိုရေးသည် နည်းပြဂွါဒီယိုလာလက်အောက်တွင် ပရီးမီးယားလိဂ်ပွဲစဉ်တစ်ပွဲ ပါဝင်ကစားခွင့်ရရှိရန် သုံးလကြာ စောင့်ဆိုင်းခဲ့ရခြင်းဖြစ်ပြီး အစောပိုင်း၌ ယာယာတိုရေး၏အေးဂျင့်ဖြစ်သူ ဒီမီထရီ ဆီလပ်ခ်နှင့် နည်းပြဂွါဒီယိုလာတို့ ပုဂ္ဂိုလ်ရေးအရ အပြန်အလှန် ထိုးနှက်တိုက်ခိုက်ကြခြင်းမှာလည်း ယာယာတိုရေး၏ မန်စီးတီးကစားသမားဘဝအနာဂတ်ကို ဝေဝါးသွားစေခဲ့သေးသည်။

ဂွါဒီယိုလာသည် အစောပိုင်း၌ အေးဂျင့်ဆီလပ်ခ်က ၎င်းကို ပြန်လည်ဝန်ချတောင်းပန်ခြင်း မရှိပါက ယာယာတိုရေးကို အသင်းလူစာရင်းတွင် ထည့်သွင်းနေရာပေးတော့မည်မဟုတ်ဟု ခြိမ်းခြောက်ခဲ့သေးကာ နောက်ပိုင်းတွင်မူ ဆီလပ်ခ်ကိုယ်စား ယာယာတိုရေးက တောင်းပန်လိုက်သည့်အတွက် ၎င်းတို့နှစ်ဦးအကြား နားလည်မှု ပြန်လည်ရရှိသွားခဲ့ခြင်း ဖြစ်သည်။

မန်စီးတီးအသင်းပရိသတ်အချို့သည် ခရစ္စတယ်လ်ပဲလေ့စ်ဘက်သို့ ယာယာတိုရေးက ဒုတိယမြောက်အနိုင်ဂိုး သွင်းယူပေးလိုက်ချိန်တွင် လုံခြုံရေးဝန်ထမ်းများ တားဆီးနေသည့်ကြားကပင် ကွင်းအတွင်းသို့ မရအရ ကျော်ဖြတ်ဝင်ရောက်ကာ ယာယာတိုရေးကို ဂုဏ်ပြုခဲ့ကြပြီး ပွဲကစားနေချိန်တစ်လျှောက်လုံးတွင်လည်း ယာယာတိုရေး၏အမည်ကို သံပြိုင်အော်ဟစ်ကာ ၎င်းကို ထောက်ခံကြောင်း မန်စီးတီးပရိသတ်များက ပြသခဲ့ကြသေးသည်။

မန်စီးတီးအသင်း ကစားသမားများသည် ပွဲပြီးဆုံးချိန်တွင် ယာယာတိုရေးကို လက်ခုပ်တီးဂုဏ်ပြုခဲ့ကြပြီး ပရိသတ်များကလည်း မန်စီးတီးအသင်းသားများနှင့်အတူ အဝတ်လဲခန်းသို့သွားရာ ဥမင်လိုဏ်ခေါင်းထိပ်သို့ ယာယာတိုရေးရောက်ရှိသွားချိန်ထိတိုင် လက်ခုပ်တီးအားပေးခဲ့ကြသည်။

သတင်းထောက်များနှင့်တွေ့ဆုံခဲ့ရာတွင် ယာယာတိုရေးက “ကျွန်တော်ရဲ့စိတ်ပိုင်းဆိုင်ရာကို ပြိုင်ပွဲဝင်စိတ်မျိုး အမြဲမွေးထားခဲ့ပါတယ်။ နည်းပြဘက်က ကျွန်တော်တို့ကို လိုအပ်လာချိန်မှာ အဆင်သင့်ဖြစ်နေအောင်လို့ပါ။ တစ်နေ့နေ့မှာ ကျွန်တော့်ကို လုံးဝ လိုအပ်လာလိမ့်မယ်လို့လည်း ကျွန်တော့်ဘက်က အပြည့်အဝ ယုံကြည်ထားခဲ့ပါတယ်။ ကျွန်တော့်အပေါ်မှာ ယုံကြည်မှု အပြည့်ထားရှိပေးကြဆဲဖြစ်တဲ့ ပရိသတ်တွေနဲ့ အသင်းဖော်တွေကို အရမ်းကျေးဇူးတင်ကြောင်းလည်း ပြောပါရစေ။ သူတို့ကြောင့်သာ ဒီနေ့ ဒီနေရာမှာ ဒီလိုရပ်တည်ဖို့အတွက် ကျွန်တော်ခွန်အားတွေ ရရှိနေတာပါ”ဟု ပြောကြားသွားသည်။ ■

# အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲကို ပြည်တွင်းနည်းပြဖြင့်သာ ယှဉ်ပြိုင်မည်

**ရန်ကုန်၊ နိုဝင်ဘာ ၂၀**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၇ ခုနှစ် အာဆီယံချန်ပီယံရှစ်ဖူဆယ်ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းအနေနှင့် နိုင်ငံခြားသားနည်းပြ ခေါ်ယူမည်မဟုတ်ဘဲ ပြည်တွင်းနည်းပြဖြင့်သာ ယှဉ်ပြိုင်တော့မည်ဖြစ်ကြောင်း ဖူဆယ်နှင့် သဲသောင်ပြင် ဆပ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက ပြောကြားသည်။

မြန်မာအသင်းအနေနှင့် နိုင်ငံခြားသားနည်းပြသစ်ခေါ်ယူရန် စီစဉ်နေသော်လည်း အဆင်မပြေသေးသည့်အတွက် အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲကို ပြည်တွင်းနည်းပြဖြစ်သူ ဦးဌေးမြင့်ကိုသာ တာဝန်ပေးမည်ဟု ၎င်းကဆိုသည်။

“ထိုင်းမှာလုပ်မယ့်ပွဲကိုတော့ နိုင်ငံခြားသားနည်းပြ မခေါ်ဖြစ်တော့လို့ ပြည်တွင်းနည်းပြနဲ့ပဲ သွားပြိုင်မယ်။ အဓိကပစ်မှတ်ထားတာက SEA Games ပြိုင်ပွဲဖြစ်တဲ့အတွက် ထိုင်းပွဲပြီးတာနဲ့ နည်းပြငှားနိုင်ဖို့ ရည်ရွယ်ထားတယ်”ဟု ဦးကြည်မင်းသိန်းက ရှင်းပြသည်။

မြန်မာ့လက်ရွေးစင်အသင်းအတွက် လစ်လပ်နေသည့် နည်းပြရာထူးအတွက် နိုင်ငံခြားသားနည်းပြကို စက်တင်ဘာလကတည်းက ခေါ်ယူရန် စီစဉ်ထားသော်လည်း အဆင်မပြေခဲ့သည့်အတွက် ဇန်နဝါရီလအတွင်း ကျင်းပမည့် အာဆီယံ ချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲပြီးမှသာ ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လက်ရှိအချိန်တွင် ပဏာမလက်ရွေးစင်ကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေပြီး မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းနည်းပြ ဦးဌေးမြင့်က ယာယီနည်းပြအဖြစ် ပူးတွဲတာဝန်ယူထားသည်။ ထိုင်းနိုင်ငံ၌ ဇန်နဝါရီလအတွင်းကျင်းပမည့် အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် အောက်တိုဘာလကတည်းက ကျင်းပရမည်ဖြစ်သော်လည်း ထိုင်းဘုရင် နတ်ရွာစံသွားသည့်အတွက်အဆိုပါပြိုင်ပွဲကို ၂၀၁၇ ခုနှစ်သို့ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

ဦးဌေးမြင့်လက်ထက်တွင် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် တရုတ်ဖိတ်ခေါ်ဖလား ဖူဆယ်ပြိုင်ပွဲကို ယှဉ်ပြိုင်ထားခဲ့ပြီး အီဂျစ်၊ တရုတ်၊ အင်ဒိုနီးရှားတို့နှင့် ယှဉ်ပြိုင်ခဲ့ရာတွင် အုပ်စုတွင်း သုံးပွဲစလုံး ရှုံးနိမ့်ခဲ့ပြီး အုပ်စုနောက်ဆုံးသာ ရရှိခဲ့သည်။ ■

# FOREIGN AFFAIRS

# ထရမ့်နှင့်ပတ်သက်ပြီး အဆိုးဆုံးချည်း တွေးမထားကြရန် အိုဘားမားတိုက်တွန်း

**လီမာ၊ နိုဝင်ဘာ ၁၉**

အမေရိကန်သမ္မတ ဘားရက် အိုဘားမားက သမ္မတသစ်အဖြစ် တင်မြှောက်ခံထားရသူ ဒေါ်နယ်ထရမ့်နှင့် ပတ်သက်ပြီး "အဆိုးဆုံးချည်း တွေးမထားကြပါနဲ့" ဟု လက်တင်အမေရိကနှင့် ကာရေဘီယံဒေသမှ လူငယ်ခေါင်းဆောင် ၁၀၀၀ နှင့် နိုဝင်ဘာလ ၁၉ ရက်နေ့က တွေ့ဆုံရာတွင် ပြောကြားခဲ့ကြောင်း VOA သတင်းကဖော်ပြသည်။

ပီရူးနိုင်ငံမြို့တော် လီမာတွင် ပြုလုပ်သော တွေ့ဆုံပွဲတွင် အမေရိကန်သမ္မတ အပြောင်းအလဲကြောင့် ဖြစ်လာနိုင်သည်များအပေါ် စိုးရိမ်နေကြသည့် လူငယ်ပရိသတ်၏မေးခွန်းများကို အိုဘားမားက ဖြေကြားခဲ့ရသည်။

အကောင်းမြင်ကြရန် အိုဘားမားက တိုက်တွန်းခဲ့ပြီး မည်သူမျှ မျှော်လင့်ချက်မရှိဘဲ ပိုကောင်းအောင်လုပ်နိုင်စွမ်းမရှိဟု အကြံပေးခဲ့သည်။

"ကမ္ဘာတစ်လွှားက ဘယ်သူမဆို ချက်ချင်းလက်ငင်း ဆုံးဖြတ်ချက်ချတာမျိုး မလုပ်ဖို့အရေးကြီးပါတယ်။ သမ္မတသစ်အဖြစ် ရွေးကောက်ခံထားရသူက သူ့အဖွဲ့သူဖွဲ့ပြီး ကိစ္စတွေကို ဆန်းစစ်ပါစေဦး၊ မူဝါဒတွေ ချပါစေဦး။ ဘယ်လိုပုံစံနဲ့ မဲဆွယ်လှုပ်ရှားတယ်ဆိုတာနဲ့ ဘယ်လိုအုပ်ချုပ်တယ်ဆိုတာ အမြဲတစ်ထပ်တည်းကျတာ မဟုတ်ပါဘူး"ဟု အိုဘားမားက ပြောကြားခဲ့သည်။

အိုဘားမားနှင့် အခြားကမ္ဘာ့ခေါင်းဆောင်များသည် လီမာမြို့တွင် အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးဆွေးနွေးပွဲတက်ရောက်နေကြခြင်းဖြစ်သည်။




**လူငယ်ခေါင်းဆောင်များနှင့် အိုဘားမားတွေ့ဆုံခဲ့စဉ်**

အိုဘားမား၏အိမ်ဖြူတော် ၈ နှစ်တာ သက်တမ်းအတွင်း ၅၂ ကြိမ်မြောက်နှင့် နောက်ဆုံးပြည်ပခရီးစဉ်တွင် ထရမ့်နှင့် ပတ်သက်၍ ပူပန်နေမှုများဖြေလျှော့နိုင်ရန် အိုဘားမားက ကြိုးစားသွားခဲ့သည်။

အာရှ၊ ဥရောပနှင့် အာဖရိကတစ်လွှား အိုဘားမား၏ခရီးစဉ်များတွင် လုပ်လေ့လုပ်ထရှိသည့်အတိုင်းပီရူးတွင်လည်း လူငယ်များနှင့် တွေ့ဆုံပွဲတစ်ရပ်ကျင်းပခဲ့ခြင်းဖြစ်သည်။

လူငယ်များနှင့် တွေ့ဆုံပွဲအပြီးတွင် အိုဘားမားသည် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် သီးခြားတွေ့ဆုံခဲ့သည်။

"တရုတ်-အမေရိကန် ဆက်ဆံရေးရဲ့ လမ်းဆုံလမ်းခွကို ရောက်နေပါတယ်။ နှစ်ဖက်စလုံးက ပူးပေါင်းဆောင်ရွက်ဖို့၊ မတူကွဲပြားမှုတွေကို စီမံဖို့၊ ဆက်ဆံရေး ချောချောမွေ့မွေ့ရှေ့ဆက်နိုင်ဖို့၊ ရှေ့ဆက်ဖွံ့ဖြိုးနိုင်ဖို့ နှစ်ဖက်စလုံးက လက်တွဲလုပ်ကြဖို့မျှော်လင့်ပါတယ်" ဟု ရှီက အိုဘားမားနှင့်မတွေ့ဆုံမီ သတင်းထောက်များကို ပြောကြားခဲ့သည်။

အိုဘားမားနှင့် ရှီကျင့်ဖျင်တို့သည် မြောက်ကိုရီးယား၏နျူကလီးယားလက်နက်နှင့် ပဲ့ထိန်းဒုံးကျည်စနစ်အဆင့်မြှင့်ရန် အားထုတ်မှုများ၏ အန္တရာယ်အလားအလာကို ဆွေးနွေးခဲ့ကြသလို ကိုရီးယားကျွန်းဆွယ် နျူဖျက်သိမ်းရေး အောင်မြင်စေရန်လည်း သန္နိဋ္ဌာန်ချထားဆဲဖြစ်ကြောင်း နှစ်ဖက်အပြန်အလှန် အာမခံခဲ့ကြသည်ဟု အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မကြာသေးမီက ရာသီဥတုပြောင်းလဲလာမှုကို ကိုင်တွယ်ဖြေရှင်းရန် ပါရီသဘောတူစာချုပ် လက်မှတ်ထိုးနိုင်ခဲ့ခြင်းမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးတက်လာခြင်းကို ဖော်ပြနေကြောင်း နှစ်ဖက်ခေါင်းဆောင်များက ထောက်ပြခဲ့ကြသည်ဟု ဆိုသည်။

သမ္မတအဖြစ် ရွေးကောက်ခံထားရသူ ထရမ့်က ရာသီဥတုပြောင်းလဲလာမှုကိုင်တွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာ ကုန်သွယ်ရေးစာချုပ်များနှင့် နိုင်ငံတကာလုံခြုံရေးမဟာမိတ်ဖွဲ့မှုများအပေါ် လိုလားနှစ်သက်ခြင်းမရှိသည့်သဘောမျိုး ပြောထားခဲ့ရာ ဥရောပနှင့် အာရှခေါင်းဆောင်များက စိုးရိမ်မိကြောင်း ထုတ်ဖော်ပြောကြားထားကြသည်။

အိမ်ရှင် ပီရူးသမ္မတ ပက်ဒရိုပက်ဘလို ကက်ဇင်းစကီးအပါအဝင် လက်တင်အမေရိက ခေါင်းဆောင်များကလည်း ထရမ့်၏အမေရိကန်နယ်စပ်များကိုပိတ်ပစ်ပြီး အထောက်အထားမရှိ ဝင်ရောက်လာသော လက်တင်အမေရိကမှ ရွှေ့ပြောင်းအခြေချသူများကို နှင်ထုတ်မည်ဆိုသော သဘောထားအပေါ် ပူပန်မိကြောင်း ပြောကြားခဲ့ကြသည်။

အမေရိကန်သည် ဒီမိုကရေစီမူဝါဒများနှင့် မဟာမိတ်ဖွဲ့မှုများကို ဆက်လက်ခိုင်မာစွာ ကိုင်စွဲထားမည်ဖြစ်ကြောင်း အိုဘားမားက ပြည်ပခေါင်းဆောင်များကို အာမခံခဲ့သည်။ ပီရူးသို့မသွားမီ ဂရိနှင့် ဂျာမနီခရီးစဉ်အတွင်းတွင်လည်း ယင်းအချက်ကို အိုဘားမားက အဓိကထားပြောသွားခဲ့သည်။

ထရမ့်နှင့် နယူးယောက်တွင်တွေ့ဆုံခဲ့သော ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကလည်း ထရမ့်သည် ယုံကြည်စိတ်ချရသည့် ခေါင်းဆောင်တစ်ဦးဟု ယူဆကြောင်း မှတ်ချက်ပေးခဲ့သည်။ ■

## IS ခေါင်းဆောင်တွေ အိပ်ရင်တောင် အသေခံအင်္ကျီမချွတ်

အမေရိကန်စစ်တပ်က ကျောထောက်နောက်ခံ ပြုထားပေးတဲ့ အီရတ်စစ်တပ်က ISIS ခံတပ်မြို့ မိုဆူးလ်ကို တိုက်ခိုက်သိမ်းပိုက်ဖို့ စစ်ဆင်ရေးကြီး စနေပါတယ်။ ဒီအခါ ISIS ခေါင်းဆောင်တွေဟာ အလွန်ကိုစိုးရိမ်နေကြပြီလို့ မိုဆူးလ်မြို့ထဲကရတဲ့ သတင်း တွေအရ အီရတ်စစ်တပ်က ဖော်ပြပါတယ်။ ISခေါင်းဆောင်ဟာ မြေအောက်ပုန်းခိုကျင်းထဲကမထွက်ဘဲ ဗုံးတွေတပ်ဆင်ထားတဲ့အသေခံအင်္ကျီကို ညအိပ်ရင်တောင်မချွတ်တဲ့အကြောင်း၊ ခေါင်းဆောင် အဘူဘေကာအယ်ဘဂ္ဂဒါဒီဟာ မိမိကိုယ်ကိုယ် မထိန်းနိုင်တော့ပါလို့ အတွင်းသတင်းတွေက ဖော်ပြကြောင်း Reuters သတင်းဌာနမှ ဗုဒ္ဓဟူးနေ့က ရေးသားထားပါတယ်။ မိုဆူးလ်မြို့အရှေ့ပိုင်းကို အီရတ်စစ်တပ်များက အတွင်းကျကျ ထိုးဖောက်လာပြီဖြစ်ကာ အမေရိကန်ဦးဆောင်တဲ့ အပြည်ပြည်ဆိုင်ရာ လေကြောင်းညွှန့်ပေါင်းအဖွဲ့က စစ်ကူပေးပါတယ်။

ဒါပေမဲ့ IS ရဲ့ကြံ့ကြံ့ခံ ခံစစ်နဲ့လည်း ကြုံနေရပါတယ်လို့ အီရတ်စစ်ပိုလ်ချုပ်ကြီး ဆာမီအယ်အရီဒီ က ပြောကြားခဲ့ပါတယ်။

Ref: Reuters ■



## ALSO IN NEWS

### အမေရိကန်ပြည်နယ်သုံးခု ကနေဒါနိုင်ငံနဲ့ လာရောက်ပူးပေါင်းဖို့ ကနေဒီယန်တွေ နောက်ပြောင်ဖိတ်ခေါ်

ဒေါ်နယ်ထရမ့် အပြတ်အသတ်ရှုံးခဲ့တဲ့ ပစိဖိတ်ကမ်းခြေ ပြည်နယ်တွေအနေနဲ့ အမေရိကန်ပြည်ထောင်စုက ခွဲထွက်ပြီး ကနေဒါနိုင်ငံနဲ့ လာရောက်ပူးပေါင်းနိုင်ပါကြောင်း ကနေဒါပြည်သူအချို့က လူမှုကွန်ရက်မီဒီယာတွေကနေ နောက်ပြောင်ကမ်းလှမ်းနေကြပါတယ်။ အဲဒီပြည်နယ်တွေက ကယ်လီဖိုးနီးယား၊ အော်ရီဂွန် နဲ့ ဝါရှင်တန်ပြည်နယ်တို့ပါပဲ။

"ချစ်ခင်လှစွာသော ကယ်လီဖိုးနီးယား၊ အော်ရီဂွန်နဲ့ ဝါရှင်တန်တို့ ခင်ဗျား၊ ကနေဒါပြည်ထောင်စုထဲ ပါဝင်ချင်တယ်ဆိုရင်တော့ ကျွန်တော်တို့ တစ်ခုခုလုပ်နိုင်လောက်ပါမယ်" လို့ ကနေဒါက သတင်းထောက်တစ်ဦးဖြစ်သူ ချက်ဒ်ဟားရစ်စ်က Twitter မှာ ရေးသားထားပါတယ်။

ကနေဒါနိုင်ငံ ဂယ်ဂါရီမြို့က အဲလက်စ်မစ်ဒယ်တန်ကလည်း "ကျွန်တော်တစ်ဦးတစ်ယောက်တည်း အနေနဲ့ ကယ်လီဖိုးနီးယား၊ အော်ရီဂွန်၊ ဝါရှင်တန်တို့ကို ကနေဒါရဲ့လစ်ဘရယ်ရင်ခွင်ထဲမှာ ထွေးပိုက်ဖို့အတွက် လက်ကမ်းကြိုနေပါတယ်" လို့ ဆိုထားပါသေးတယ်။

အမေရိကန်ပြည်နယ်သုံးခု ဝင်လာတော့မှာမို့ ကြိုဆိုပြင်ဆင်ထားရတော့မယ်လို့လည်း ဘရစ်တစ်ရှ်ကိုလံဘီယာ ပြည်နယ်သား ခရစ်ဟီဘာ က ဆိုပါသေးတယ်။

ရွေးကောက်ပွဲမတိုင်ခင်ကလည်း ဒေါ်နယ်ထရမ့်နိုင်သွားမယ်ဆိုရင် ပြည်တွင်းက ထွက်ခွာမယ်လို့ ဆိုခဲ့သူ အမေရိကန်တွေ မနည်းမနောရှိခဲ့ပါတယ်။ Ref: UPI ■